
ယွီဟွာရေးသည့်

mgyoe.com SAMPLE BOOK

# မိုးဖွဲထဲဟစ်ကြွေး

## တော်ကောင်းမြင့်

မြန်မာပြန်သည်




mgyoe.com

mgyoe.com SAMPLE BOOK



ယွီဟွာရေးသည့်

# မိုးဖွဲထဲဟစ်ကြွေး

ဇော်ကောင်းမြင့်

မြန်မာပြန်သည်

在细雨中呼喊 / 余华◎著

Cries in the Drizzle by Yu Hua

ISBN 978-99986-52-37-8

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် – ဇွန် လ၊ ၂၀၂၄ ခုနှစ်။ ကံ့ကော်ဝတ်ရည်။

အုပ်ရေ – ၁၀၀၀

မျက်နှာဖုံးပုံနှိပ် – အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်–၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် – ဦးမြင့်နိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက်(၀၀၀၃၈)
အမှတ် ၁၉–စီ၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။


မျက်နှာဖုံးသရုပ်ဖော်– ဇော်မောင်

တန်ဖိုး – ၁၄၈၀၀ ကျပ်

မြန်မာပြန်မူပိုင် © တော်ကောင်းမင်း


mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK













mgyoe.com

mgyoe.com SAMPLE BOOK



# ယွီဟွာ

၁၉၆၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၊ ကျဲ့ကျန်းပြည်နယ်၊ ဟန်ကျိုးမြို့၌ မွေးဖွား။ ဟိုင်ယန်၌ ကြီးပြင်း။ သွားဆရာဝန် ငါးနှစ် လုပ်ဖူး။ ၁၉၈၃ ခုနှစ်တွင် စာစရေး။ လက်ရှိအချိန်အထိ ဝတ္ထုရှည်ခြောက်အုပ်၊ ဝတ္ထုတိုပေါင်းချုပ်၊ဝတ္ထုလတ်ပေါင်းချုပ်နှင့် အက်ဆေးပေါင်းချုပ် များစွာ ရေးသားထုတ်ဝေပြီးဖြစ်။ “မိုးဖွဲထဲ ဟာစ်ကြွေး”မှာ သူ၏ ပထမဆုံး ဝတ္ထုရှည် ဖြစ်။ အခြား ဝတ္ထုရှည်များ ဖြစ်သော “သက်ရှင်နေ”၊ “ရှိစန်းကွမ်းသွေးရောင်းမှတ်တမ်း”၊ “ညီနောင်”၊ “သတ္တမနေ့”၊ “ရှာတော်ပုံ”တို့မှာလည်း အထူးထင်ရှား။ သူ၏ စာပေလက်ရာများထဲက အတော်များများကို မြန်မာအပါအဝင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ဆွီဒင်၊ နော်ဝေ၊ ဘူးဂေးရီးယား၊ ချက်ကိုစလိုဗက်၊ ရုရှား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား စသည့် ဘာသာ ပေါင်း ၄၀ ကျော်သို့ ပြန်ဆိုပြီးဖြစ်။ အီတလီနိုင်ငံမှ Grinzane Cavour Prize (၁၉၉၈)၊ အိုင်ယာလန်နိုင်ငံမှ James Joyce Award (၂၀၀၂)၊ ပြင်သစ်နိုင်ငံမှ Ordre de Arts et des Lettres (၂၀၀၄)၊ တရုတ်နိုင်ငံမှ Special Book Award of China (၂၀၀၅)၊ ပြင်သစ်နိုင်ငံမှ Prix Courrier International (၂၀၀၈)၊ အီတလီနိုင်ငံမှ Giuseppe Acerbi International Literary Prize (၂၀၀၄)၊ Premio Bottari Lattes Grinzane (၂၀၁၈)၊ ရုရှားနိုင်ငံမှ Yasnaya Polyana Literary Award (၂၀၂၂) အစရှိသော ဆုများ ရရှိ။

■

mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာပြန်သူ၏ အမှာ ၇

အခန်းတစ်၊ ဓာတ်လမ်းစတင် နန်းမင်တွင် ၉

နန်းမင် ၁၀

မင်္ဂလာဆောင် ၃၆

သေဆုံးခြင်း ၅၁

မွေးဖွားခြင်း ၉၆

အခန်းနှစ်၊ ဆယ်ကျော်သက်ရွယ် မောင်လူငယ် ၁၀၅

သူငယ်ချင်း ၁၀၆

တုန်လှုပ်ခြင်း ၁၂၅

စူးယွိသေဆုံးခြင်း ၁၆၆

ဘော်ဒါချာတိတ် ၁၇၀

အခန်းသုံး၊ မျိုးရိုးရာဇဝင် ၁၉၅

ဝေးကွာခြင်း ၁၉၆

မီးစာကုန်ခါနီးအရွယ် ၂၃၁

ကွယ်ပျောက်ခြင်း ၂၆၀

အဖေ့ကို အဘိုး အနိုင်ရလိုက်ခြင်း ၂၇၉

အခန်းလေး၊ စွန်းတန့်မှာ ငါးနှစ်တာ ၂၈၃

ငြိမ်းခြောက်ခြင်း ၂၈၄

ပစ်ခွာခြင်း ၃၁၁

ချောက်ချခြင်း ၃၅၁

နန်းမင်သို့အပြန် ၃၇၈

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

"မိုးဖွဲထဲဟစ်ကြွေး"သည် ယွီဟွာ၏ ယယ်မူလက်ရာ ပထမဆုံး ဝတ္ထုရှည် ဖြစ်သည်။ ဝတ္ထုတို၊ ဝတ္ထုလတ် အရေးကောင်းခြင်းကြောင့် ၁၉၉၁ ခုနှစ်တွင် တရုတ်စာပေလောကမှာ နာမည်တစ်လုံး ရနေပြီဖြစ်သော ယွီဟွာက ထိုဝတ္ထုရှည်ကို တရုတ်ပြည်၏ နှစ်လတစ်ကြိမ်ထုတ် အထင်ကရ စာပေမဂ္ဂဇင်းကြီး ဖြစ်သည့် "ရှိုးဟော့" မဂ္ဂဇင်းတွင် ပထမဆုံး ဖော်ပြခဲ့သည်။ ထိုစဉ်က ဝတ္ထုအမည်မှာ "ဟစ်ကြွေးခြင်းနှင့် မိုးဖွဲ" ဖြစ်သည်။ လုံးချင်းထွက်တော့ ဝတ္ထုအမည်မှာ "မိုးဖွဲထဲဟစ်ကြွေး" ဖြစ်လာသည်။

ထိုဝတ္ထုမှာစွန်းကွမ်းလင်း အမည်ရ လူရွယ်တစ်ယောက်၏ ငယ်စဉ်က အကြောင်း ရောက်တတ်ရာရာ ပြောပြချက်များကို စုစည်းထားသည့်ပုံစံဖြင့် ဖန်တီးထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ကာလ၊ ဒေသ၊ ပယောဂကြောင့် စောင့်ထိန်းအပ်သော ကျင့်ဝတ်များ ပျက်စီးယိုယွင်းနေသည့် လူ့အသိုင်းအဝိုင်းတစ်ခု၊ ဘယ်သူ့ကိုမှ မယုံကြည်နိုင်တော့လောက်အောင် ဖြစ်ပျက်နေသည့် လူ့ပတ်ဝန်းကျင်တစ်ခုမှာ ကြီးပြင်းလာခဲ့သော လူရွယ်တစ်ယောက်၏ ကလေးအရွယ်နှင့် ဆယ်ကျော်သက်အရွယ် ဘဝဇာတ်လမ်း အပိုင်းအစများဟု ဆိုနိုင်ပေသည်။ ထိုပြောပြချက် ဘဝဇာတ်လမ်း အပိုင်းအစများတွင် ကာလ၊ ဒေသ၊ ပယောဂကြောင့် ဖောက်ပြန်ချွတ်ယွင်းနေသည့် မိသားစုဆက်ဆံရေး၊ သားအဖဆက်ဆံရေး၊ ညီအစ်ကိုဆက်ဆံရေး၊ သူငယ်ချင်းဆက်ဆံရေး၊ ဆရာတပည့်ဆက်ဆံရေး စသည်တို့ကို ဟိုတစ်စ သည်တစ်စ တွေ့ရမည် ဖြစ်သည်။ သို့စင်လျက် မိဘမေတ္တာ၊ သူငယ်ချင်းသံယောဇဉ် စသည်တို့ကို ရိုးတိုးရိပ်တိပ် ခံစားမိနိုင်ပါသေးသည်။ ဝတ္ထုရှည် တစ်ပုဒ်လုံးကို အခန်းလေးခန်းဖြင့် ဖွဲ့စည်းထား၏။ အခန်းတစ်ခန်းလျှင် ခေါင်းစဉ်ငယ် လေးခုစီ ပါရှိသဖြင့် စုစုပေါင်း ဇာတ်လမ်းအပိုင်းအစ ဆယ့်ခြောက်ပုဒ် ပါရှိပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အတိတ်ကြောင်း ဘဝဇာတ်လမ်းများကို အစဉ်အတိုင်း မဟုတ်ဘဲ ရောက်တတ်ရာရာ ပြန်ပြောပြနေသည့် ဟန်ဖြင့် ရေးဖွဲ့ထားသော ထိုဝတ္ထုမှာ အဆုံးအထိ ဖတ်ပြီးတော့မှ ဝတ္ထုထဲက အဓိကဇာတ်ကောင် စွန်းကွမ်းလင်း ပြောပြနေသည့်ဇာတ်ကြောင်းကို ဇာတ်ရည်လည်လာ၍ နောက်တစ်ခေါက် ပြန်ဖတ်ချင်စိတ် ဖြစ်ပေါ်လာမည့် ဝတ္ထုမျိုး ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဤဝတ္ထုမှာ ဝတ္ထုရေးဆရာ ယွီဟွာ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ မဟုတ်သော်ငြားလည်း ထိုအထဲတွင် သူ၏ ကလေးဘဝနှင့် လူငယ်ဘဝ ခံစားချက်များ၊ အတွေ့အကြုံများ စုစည်းလျက်ရှိမည်ဟု ယုံကြည်မိသည်။ ၎င်းသည် ဝတ္ထုတစ်ပုဒ်သက်သက်မျှသာ မဟုတ်။ ၎င်းသည် လူငယ်တစ်ဦး၏ ကြီးပြင်းမှု ခံစားချက်မှတ်တမ်းတစ်စောင် ဖြစ်ပေသည်။ ၎င်းသည် လူငယ်တစ်ဦး၏ ဒုက္ခ အတွေ့အကြုံသက်သက်မျှသာ မဟုတ်။ မိုးဖွဲ့ထဲ ဟစ်ကြွေးနေရသလို မျိုးဆက်တစ်ခုလုံး အစုလိုက် အပြုံလိုက် ခံစားခဲ့ရသည့် ဒုက္ခအတွေ့အကြုံများ ဖြစ်ပေသည်။

ယွီဟွာ၏ ဝတ္ထုများကို "သက်ရှင်နေ"က အစပြု၍ မြန်မာပြန်ဆိုလာခဲ့သည်မှာ ယခုတစ်အုပ်နှင့် ဆိုလျှင် ငါးအုပ်မြောက် ရှိပြီ ဖြစ်သည်။ ထိုငါးအုပ်စလုံးမှာ ဝတ္ထုရှည် ဖြစ်၏။ ယွီဟွာသည် လက်ရှိအချိန်အထိ ဝတ္ထုရှည် စုစုပေါင်း ခြောက်ပုဒ် ထွက်ရှိထားပြီးဖြစ်ရာ သူ၏ ဝတ္ထုရှည်ထဲတွင် ပြန်ဆိုဖို့ "ညီနောင်" တစ်ပုဒ်သာ ကျန်ရှိတော့သည်။ ယွီဟွာသည် ဝတ္ထုရှည်များသာမက ဝတ္ထုတို၊ ဝတ္ထုလတ် အမြောက်အမြားလည်း ရေးသားထားသည်ဖြစ်ရာ သူ၏ စာပေလက်ရာများကို မြန်မာလို ပိုမိုစုံလင်စွာ ဖတ်ရှုနိုင်ဖို့ ဆက်လက် အားထုတ်ရဦးမည် ဖြစ်ပေသည်။

တော်ကောင်းမင်း
၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း တစ်
# ဇာတ်လမ်းစတင် နန်းမင်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

## နန်းမင်

၁၉၆၅ ခုနှစ်မှာ ကလေးတစ်ယောက်ဟာ အမှောင်ညအပေါ် စကားလုံးနဲ့ ဖော်မပြနိုင်သော ကြောက်ရွံ့ထိတ်လန့်မှု စပြီး ရှိလာခဲ့တယ်။ မိုးတဖွဲဖွဲ ရွာနေခဲ့တဲ့ ညကို ကျွန်တော် ပြန်သတိရမိတယ်။ ထိုစဉ်က ကျွန်တော် အိပ်ပျော်နေပြီ။ ကျွန်တော်ဟာ ခုတင်ပေါ်မှာ တင်ထားတဲ့ အရုပ်ကလေးတစ်ရုပ်လို လူကောင်သေးသေးလေးပဲ။ တံစက်မြိတ်က ကျလာတဲ့ ရေစက်တွေဟာ တိတ်ဆိတ်မှုရဲ့ ဖြစ်တည်ခြင်းကို ဖော်ပြနေတယ်။ ကျွန်တော် တဖြည်းဖြည်း အိပ်ပျော်သွားခြင်းဟာ မိုးရေစက်တွေကို တဖြည်းဖြည်း မေ့လျော့သွားခြင်းသာ ဖြစ်တယ်။ အဲဒီအချိန်လောက်မှာပဲ ဖြစ်မယ် ထင်တယ်။ ကျွန်တော် လုံလုံခြုံခြုံ အေးအေးချမ်းချမ်း အိပ်ပျော်သွားချိန်မှာပဲ ဆိတ်ငြိမ်တဲ့ လမ်းတစ်စင်း ထွက်ပေါ်သလို ဖြစ်လာပြီး သစ်ပင်တွေ၊ ချုံပုတ်တွေ အစဉ်လိုက် ဖယ်ရှောင်သွားကြတယ်။ အဝေးဆီက မိန်းမငိုသံလိုလို ဟစ်ကြွေးသံတစ်သံ လွင့်ပျံလာတယ်။ နဂိုတုန်းက တိတ်ဆိတ်ငြိမ်သက်နေခဲ့တဲ့ ညအမှောင်ထဲမှာ အသံပြာတစ်သံ ရုတ်တရက် ထွက်ပေါ်လာတယ်။ အဲဒီ အသံကြောင့်ပဲ ခုချိန်မှာ ကျွန်တော်ဟာ ကလေးဘဝတုန်းက ကိုယ့်အဖြစ် ကိုယ် ပြန်စဉ်းစားမိတိုင်း တုန်ယင်လာခဲ့ရတာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်ကိုယ် ကျွန်တော် မြင်ရပြီ။ ထိတ်လန့်နေတဲ့ ကလေးတစ်ယောက်ရဲ့ ကြောက်ရွံ့ပြူးကျယ်နေတဲ့ မျက်လုံးအစုံ၊ အမှောင်ထဲမှာမို့လို့ မျက်နှာပုံသဏ္ဌာန်ကတော့ မှုန်ရီဝေဝါး နေတယ်ပေါ့။ ဟိုမိန်းမရဲ့ ဟာစ်ကြွေးသံဟာ အချိန်အတော်ကြာတဲ့အထိ ဆက်ရှိနေတယ်။ သူ့ဟာစ်ကြွေးသံကို တုံ့ပြန်လာမယ့်၊ သူ့ငိုကြွေးသံကို ငြိမ်သက်သွားစေမယ့် တခြားအသံတစ်သံ ထွက်ပေါ်လာဖို့ကို ကျွန်တော် စိတ်ဇောကပ်စွာ စိုးတထိတ်ထိတ် စောင့်မျှော်နေခဲ့တယ်။ ဒါပေမဲ့ ထွက်ပေါ်မလာခဲ့ဘူး။ အဲဒီတုန်းက ကျွန်တော် ထိတ်လန့်ခဲ့ရတဲ့ အကြောင်းရင်းကို ခုချိန်မှာ ကျွန်တော် သဘောပေါက်လာပါပြီ။ အကြောင်းရင်းကတော့ ကျွန်တော် စောင့်မျှော်နေခဲ့တဲ့ တုံ့ပြန်သံ ထွက်ပေါ်မလာခဲ့လို့ပါပဲ။ အထီးကျန်ဖြစ်သော၊ ခိုကိုးရာမဲ့ဖြစ်သော ဟာစ်ကြွေးသံလောက် လူကို တုန်လှုပ်စေတဲ့ အသံမျိုး မရှိတော့ပါဘူး။ မိုးရွာနေတဲ့ လူသူကင်းမဲ့သော ညမျိုးမှာပေါ့။

တစ်ဆက်တည်း ထွက်ပေါ်လာတဲ့ အမှတ်ရစရာ နောက်တစ်ခုကတော့ ကမ်းနားမြက်ခင်းကနေ အဖြူရောင် သိုးသူငယ်တချို့ တက်လာခြင်းပါပဲ။ အဲဒီဟာက နေ့ဘက်မှာ စွဲထင်ခဲ့တဲ့ အာရုံစွဲထင်မှုဆိုတာ သိသာပါတယ်။ ရှေ့က အမှတ်ရစရာကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ စိုးရိမ်ထိတ်လန့်မှုအား နှစ်သိမ့်ပွတ်သပ်ပေးခြင်း ဖြစ်ပါတယ်။ အဲဒီ အာရုံစွဲထင်ချက်ကို ကျွန်တော် ဘယ်နေရာမှာ ရရှိခဲ့တယ် ဆိုတာကို အတည်ပြုနိုင်ဖို့ ခက်နေတာ တစ်ခုပါပဲ။

ရက်အတန်ကြာပြီးတဲ့နောက်မှာ ထင်ပါတယ်။ အဲဒီ မိန်းမရဲ့ ဟာစ်ကြွေးသံကို တုံ့ပြန်တဲ့ အသံတစ်ခု ကျွန်တော် ကြားမိသယောင် ရှိလာခဲ့တယ်။ အချိန်က ညနေစောင်းပြီ။ မိုးကြီးချလို့အပြီး မိုးတိတ်ခါစမို့ ကောင်းကင်ထက်မှာ မီးခိုးလုံးကြီးပမာ တိမ်ညိုတိမ်မည်းတွေ အုံ့ဆိုင်းနေတယ်။ အိမ်နောက်ဖေးက ကန်စပ်မှာ ကျွန်တော် ထိုင်နေတုန်း စိုစွတ်စွတ် မြင်ကွင်းထဲမှာ ကျွန်တော့်ဆီ လမ်းလျှောက်လာနေတဲ့ လူစိမ်းတစ်ယောက် ထွက်ပေါ်လာတယ်။ သူက တစ်ကိုယ်လုံး အနက်ရောင် ဝတ်ထားတယ်။ မှောင်ရီရီ ကောင်းကင်အောက်မှာ အနက်ရောင်ဝတ်စုံဟာ အလံတစ်စင်းလို တလူလူ လွင့်နေတယ်။ အနားကို တဖြည်းဖြည်း တိုးလာနေတဲ့ အဲဒီပုံရိပ်ကြောင့် ကျွန်တော့်ရင်ထဲမှာ ဟိုမိန်းမရဲ့ ကြည်လင်ပြတ်သားတဲ့ ဟာစ်ကြွေးသံ တစ်ဖန် ထွက်ပေါ်လာပြန်တယ်။ လူစိမ်းရဲ့ စူးရှတဲ့ အကြည့်က ဟိုးအဝေးကတည်းကနေ အနားနီးကပ်လာတဲ့အထိ ကျွန်တော့်

mgyoe.com

mgyoe.com

ကို တောက်လျှောက် စိုက်ကြည့်လာခဲ့တာဗျ။ ကျွန်တော် ကြောက်ဒူးတုန်နေချိန်မှာပဲ အဲဒီလူက ကန်သင်းတစ်ခုပေါ် ချာခနဲ လှည့်တက်ပြီး ကျွန်တော်နဲ့ ဝေးရာဆီကို တဖြည်းဖြည်း ထွက်ခွာသွားတယ်။ လေထဲမှာ အဝတ်နက်ပွပွကြီး တဖျပ်ဖျပ် မြည်ကာ လှုပ်ရှားသွားတယ်။ ကျွန်တော် အရွယ်ရောက်ပြီးနောက် အတိတ်ကို ပြန်စဉ်းစားမိတဲ့အခါတိုင်း အဲဒီနေရာမှာ အကြာကြီး ရပ်တန့်နေမိတယ်။ အဲဒီ အဝတ်အစား ဖျပ်ဖျပ်မြည်သံဟာ ဟိုမိန်းမရဲ့ အမှောင်ည မိုးရေထဲက ဟစ်ကြွေးသံကို တုံ့ပြန်တဲ့ အသံပဲလို့ ကျွန်တော် ဘာကြောင့်များ နားလည်မိရတာလဲ ဆိုပြီး အံ့အားသင့်မိလို့ပါ။

မှတ်မိသေးတယ်။ မနက်ခင်းတစ်ခုမှာပေါ့။ ခြေခင်းလက်ခင်း သာယာတဲ့ မနက်ခင်း တစ်ခုမှာ ကျွန်တော်ဟာ ရွာက ကလေးတချို့နောက်ကို အမီပြေးလိုက်နေတယ်။ ပျော့အိအိ မြေကြီးထက်က လေယူရာ ယိမ်းနွဲ့နေတဲ့ မြက်ခင်းပြင်ပေါ်မှာ ပြေးလွှားနေတယ်ပေါ့။ အဲဒီတုန်းက နေရောင်ခြည်ဟာ ကျွန်တော်တို့ ကိုယ်ပေါ်မှာ သုတ်လိမ်းထားတဲ့ နွေးထွေးညင်သာသော အရောင်နဲ့သာ ပိုတူနေပြီး မျက်စိကျိန်းစဖွယ် အလင်းရောင်လို ဖြစ်မနေပါဘူး။ ကျွန်တော်တို့ဟာ ကမ်းနားက သိုးသူငယ်တွေလို ပြေးလွှားနေတယ်။ တော်တော်ကြာကြာ ပြေးလာပြီးတဲ့နောက်မှာ ထင်ပါတယ်။ ဟောင်းနွမ်းစုတ်ပြတ်တဲ့ နတ်ကွန်း တစ်ခုဆီကို ကျွန်တော်တို့ ရောက်လာခဲ့တယ်။ အဲဒီမှာ ရောမ ပင့်ကူအိမ်ကြီးတွေကို ကျွန်တော် တွေ့လိုက်ရပါတယ်။

ဒီထက် နည်းနည်း ပိုစောတဲ့ အချိန်တုန်းက ဖြစ်မယ် ထင်တယ်။ ရွာက ကလေးတစ်ယောက် အဝေးကနေ ကျွန်တော်တို့ အနားကို လျှောက်လာတယ်။ ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ သူ့မျက်နှာကို ကျွန်တော် ခုထက်ထိ မှတ်မိနေတုန်းပဲ။ လေတိုက်လို့ သူ့နှုတ်ခမ်းကလည်း တုန်ယင်နေတယ်လေ။ သူက ကျွန်တော်တို့ကို ပြောတယ်။

"ဟိုနားမှာ လူတစ်ယောက် သေနေတယ်"

လူသေက ပင့်ကူအိမ်အောက်မှာ လဲနေတာ။ သူ့ကို ကျွန်တော် မြင်ရပြီ။ မနေ့ ညနေစောင်းတုန်းက ကျွန်တော့်ဆီကို လျှောက်လာနေခဲ့တဲ့ အဝတ်နက်နဲ့ လူကြီးပဲ။ အဲဒီတုန်းက စိတ်အခြေအနေကို ခုချိန်မှာ ကျွန်တော် ကြိုးစားပြီး

mgyoe.com

ပြန်မြင်ယောင်ကြည့်ပေမဲ့ မအောင်မြင်ပါဘူး။ ပြန်မြင်ယောင်မိတဲ့ အတိတ်ကြောင်းထဲမှာ အဲဒီတုန်းက စိတ်လှုပ်ရှားမှုတွေ မရှိတော့ဘဲ အခွံသာ ကျန်တော့တယ်။ ခုချိန်မှာ အဲဒီထဲမှာ ရှိနေတဲ့ ခံစားချက်တွေဟာ ကျွန်တော့်ရဲ့ လက်ရှိခံစားချက်သာ ဖြစ်ပါတယ်။ လူစိမ်းယောက်ျားကြီး ရုတ်တရက် သေဆုံးသွားတယ် ဆိုတဲ့ အဖြစ်မှန်က အဲဒီတုန်းက ခြောက်နှစ်အရွယ် ကျွန်တော့်ကို မဆိုစလောက်မျှသာ အံ့သြတုန်လှုပ်မိစေခဲ့ပြီး တခြား နောက်ဆက်တွဲ ခံစားချက်တွေ ဖြစ်မလာစေခဲ့ပါဘူး။ သူက စိုအိအိ မြေကြီးပေါ်မှာ ပက်လက်လဲနေတယ်။ မျက်စိ နှစ်ဖက်စလုံးမှိတ်လျက် မျက်နှာအမူအရာက ငြိမ်းချမ်းလို့နေတယ်။ အဝတ်နက်ပေါ်မှာ ရွှံ့စက်တွေ ပေကျံနေတာကို ကျွန်တော် သတိထားမိတယ်။ ရွှံ့စက်တွေဟာ ကန်သင်းပေါ်က မှိုင်းညို့ညို့ အမည်မသိ ပန်းပွင့်တွေလိုပဲ ပြောက်တိပြောက်ကျား။ အဲဒါ လူသေကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ဖူးခြင်းပဲ။ သူ့ပုံစံကတော့ အိပ်ပျော်နေသလိုပါပဲ။ အဲဒါ ကျွန်တော် ခြောက်နှစ်အရွယ်တုန်းက တကယ့်ခံစားချက်အစစ်။ သြော်၊ သေတယ် ဆိုတာ အိပ်ပျော်နေတာပဲကိုး။

အဲဒီနောက်ပိုင်းမှာ ကျွန်တော်ဟာ အမှောင်ညကို အကြောက်ကြီးကြောက်လာခဲ့တယ်။ ရွာထိပ်လမ်းမပေါ် ကျွန်တော် မတ်တတ်ရပ်နေချိန်မှာ ဆိုက်ရောက်လာတဲ့ ညအမှောင်က ရေကြီးသလိုမျိုး လျှံတက်လာပြီး ကျွန်တော့်မျက်လုံးကို ဝါးမျိုပစ်လိုက်သလို အရာအားလုံးကိုလည်း ဝါးမျိုပစ်လိုက်တယ်။ အလွန် အင်မတန် ရှည်လျားတဲ့ အချိန်အပိုင်းအခြား တစ်ခုမှာ ကျွန်တော်ဟာ မှောင်နက်မည်းမည်း အိပ်ရာထဲမှာ လဲလျောင်းရင်း အိပ်မပျော်ရဲလောက်အောင် ဖြစ်ခဲ့ရတယ်။ ဘေးပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်ခြင်းက ကျွန်တော့် ကြောက်စိတ်ကို အဆုံးမဲ့ ချဲ့ထွင်ပစ်လိုက်တယ်။ ကျွန်တော်ဟာ အိပ်ပျော်ခြင်းနဲ့ အကြိမ်ကြိမ်အဖန်ဖန် တိုက်ပွဲဝင်ခဲ့ရတယ်။ အိပ်ပျော်ခြင်းက ကျွန်တော့်ကို သူ့အထဲ အသားကုန်ဆွဲခေါ်ခဲ့သလို ကျွန်တော်ကလည်း အသေအလဲ ခုခံငြင်းဆန်ခဲ့ရတယ်။ ဟိုလူစိမ်းယောက်ျားကြီးလို ထာဝရ အိပ်ပျော်သွားမှာကို ကျွန်တော် ကြောက်မိတာကိုး။ ဒါပေမဲ့ နောက်ဆုံးမှာ ကျွန်တော်ဟာ ခြေကုန်လက်ပန်းကျပြီး အိပ်ပျော်ခြင်းရဲ့ ငြိမ်သက်မှုထဲကို ပြုတ်မကျချင်ဘဲ ပြုတ်ကျသွားခဲ့ရပါတယ်။ နောက်တစ်နေ့ မနက် နိုးလာချိန်မှာ ကိုယ့်ကိုယ်ကိုယ် အသက်ရှင်လျက် ရှိသေးတာကို တွေ့ရပြီး တံခါးကြားထဲကနေ တိုးဝင်လာတဲ့ နေရောင်ခြည်ကို မြင်ရတော့မှ ကျွန်တော့်

mgyoe.com

mgyoe.com

လည်း ကယ်တင်ခြင်း ခံလိုက်ရပြီ ဆိုပြီး အတိုင်းမသိ ဝမ်းသာပျော်ရွှင်လာခဲ့ရပါတယ်။

ကျွန်တော် ခြောက်နှစ်အရွယ်တုန်းက နောက်ဆုံး မှတ်မိတဲ့ အရာကတော့ ကျွန်တော် ပြေးလွှားနေခြင်းပါပဲ။ မြို့က သင်္ဘောကျင်းရဲ့ အတိတ်ကာလ ဂုဏ်ယူဖွယ်ရာတွေ မှတ်ဉာဏ်ထဲ တစ်ဖန်ပြန်ပေါ်လာတယ်။ သူတို့တည်ဆောက်တဲ့ ပထမဆုံးသော ကွန်ကရစ်သင်္ဘော နန်းမင်ကို ရောက်လာတော့မယ်။ ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော် ကမ်းနားကို အပြေးသွားကြတယ်။ အတိတ်က နေရောင်ဟာ တော်တော်ကြီးကို တောက်ပနေခဲ့တာကိုး။ နေရောင်အောက်မှာက ကျွန်တော့်ရဲ့ ငယ်ရွယ်နုပျိုတဲ့ အမေ။ အမေ့ရဲ့ အပြာကွက်ခေါင်းစည်းပဝါဟာ အတိတ်က ဆောင်းကူးလေထဲမှာ တလူလူ လွင့်နေတယ်။ ကျွန်တော့်ညီကတော့ အမေ့ရင်ခွင်ထဲမှာ မျက်လုံးကြီး ပြူးလျက်။ အသံကျယ်ကျယ် ရယ်တတ်တဲ့ ကျွန်တော့်အဖေကလည်း ကန်သင်းပေါ်ကို ခြေဗလာနဲ့ တက်လာတယ်။ အဲဒီမှာ စစ်ယူနီဖောင်းနဲ့ လူကြီးတစ်ယောက်က ဘာဖြစ်လို့ ထွက်ပေါ်လာရတာလဲ။ တောအုပ်ထဲ လွင့်ပျံလာတဲ့ သစ်ရွက်တစ်ရွက်ပမာ အဲဒီလူကြီးက ကျွန်တော့်အိမ်သားတွေကြားထဲ ရောက်လာခဲ့တာလေ။

ကမ်းနားမှာ မိုးတိုးမတ်တတ်နဲ့ လူတွေ ပြည့်နေပြီ။ ကျွန်တော့်အစ်ကိုက ကျွန်တော့်ကို ခေါ်ပြီး လူကြီးတွေရဲ့ ဘောင်းဘီခွကြားအောက်ကနေ တိုးဝင်သွားတယ်။ ဆူညံသံတွေက ကျွန်တော်တို့ကို လွှမ်းခြုံသွားတယ်။ အစ်ကိုနဲ့ ကျွန်တော် ကမ်းစပ်ကို မှောက်လျက် တွားကာ ရောက်သွားပြီး လူကြီးနှစ်ယောက်ရဲ့ ဘောင်းဘီခွကြားထဲကနေ ခေါင်းပြူထွက်လာတဲ့ လိပ်နှစ်ကောင်လို ဟိုကြည့်ဒီကြည့် လုပ်နေကြတယ်။

ရင်ခုန်စိတ်လှုပ်ရှားဖွယ် အခိုက်အတန့်ကိုတော့ မိုးထိညံတဲ့ ဗုံမောင်းသံတွေက ဆောင်ကြဉ်းပေးလာခဲ့တာ ဖြစ်ပါတယ်။ ကမ်းနှစ်ဖက်စလုံးက လူသံတွေကြားထဲ ခုတ်မောင်းလာတဲ့ ကွန်ကရစ် သင်္ဘောကို ကျွန်တော် မြင်လိုက်ရတယ်။ သင်္ဘောပေါ်မှာ ဂုန်နီကြိုးရှည်ကြီးတွေ ချိတ်ဆွဲထားတယ်။ ကြိုးပေါ်မှာ ရောင်စုံစက္ကူအလံတွေ အပြည့်တပ်ထားတယ်။ လေထဲမှာ ပန်းတွေ ဒီလောက်အများကြီး ဖူးပွင့်နေတာလား။ သင်္ဘောပေါ်မှာ ဗုံမောင်းတီးတဲ့ လုလင်ပျို တစ်ကျိပ်လောက် ပါလာတယ်။

mgyoe.com

ကျွန်တော့်အစ်ကိုကို ကျွန်တော်က အသံကျယ်ကျယ် မေးလိုက်တယ်။

“ကိုကြီး၊ အဲဒီသင်္ဘောက ဘာနဲ့ လုပ်ထားတာလဲ”

ကျွန်တော့်အစ်ကိုက ကျွန်တော့်ဘက်လှည့်ကာ အလားတူ အသံ ကျယ်ကျယ် ပြန်ဖြေတယ်။

“ကျောက်တုံးနဲ့ လုပ်ထားတာ”

“ဒါဖြင့် သူက ဘာလို့ ရေထဲ မနစ်တာလဲ”

“ငတုံး”

ကျွန်တော့်အစ်ကိုက ပြောတယ်။

“အပေါ်မှာ ကြိုးချည်ထားတာ မမြင်ဘူးလား”

စစ်ယူနီဖောင်း ဝတ်ထားတဲ့ ဝမ်လီချန်ဟာ အဲဒီလို အခိုက်အတန့်မှာပဲ ရုတ်တရက် ထွက်ပေါ်လာခဲ့တာကြောင့် ကျွန်တော့်ရဲ့ နန်းမင်နဲ့ ပတ်သက်တဲ့ မှတ်ဉာဏ်ဟာလည်း ငါးနှစ်ကြာ ပြတ်တောက် သွားခဲ့ရပါတယ်။ အဲဒီ ဒေါင်ကောင်းကောင်းနဲ့ လူကြီးက ကျွန်တော့်လက်ကို ဆွဲကာ နန်းမင်ကနေ ထွက်ခွာလာပြီး မီးသင်္ဘောတစ်စင်းပေါ် တက်စီးတယ်။ ရှည်လျားတဲ့ တူးမြောင်း ရေကြောင်းတစ်လျှောက် ခုတ်မောင်းလာခဲ့ပြီးသကာလ စွန်းတန့်လို့ အမည်ရတဲ့ ရေပေါ်မြို့ငယ်လေး တစ်ခုနားကို ရောက်ရှိလာခဲ့တယ်။ ကျွန်တော့်ကို ကျွန်တော့်မိဘက တခြားလူထံ ပေးလိုက်ပြီမှန်း ထိုစဉ်က ကျွန်တော် မသိခဲ့ဘူး။ ကျွန်တော်က အပျော်ခရီးတစ်ခု ထွက်လာတာလို့ပဲ ထင်နေခဲ့တာ။ အဲဒီ လမ်းကလေးပေါ်မှာပဲ ရောဂါဝေဒနာ ဖိစီးနေတဲ့ အဘိုးက ကျွန်တော့်ဘေးကနေ ဖြတ်သွားတယ်။ ပူပန်ကြောင့်ကြစွာ ကြည့်နေတဲ့ သူ့ရဲ့အကြည့်ကို ကျွန်တော်က–

“ကျွန်တော် အခု အဘိုးနဲ့ စကားပြောဖို့ မအားသေးဘူး”လို့ အားရရွှင်လန်းစွာ တုံ့ပြန်ပြောခဲ့တယ်။

ငါးနှစ်ကြာပြီးတဲ့နောက် နန်းမင်ကို ကျွန်တော် တစ်ယောက်တည်း ပြန်လာတဲ့အခါမှာလည်း အဘိုးနဲ့ အဲဒီလမ်းပေါ်မှာပဲ တစ်ဖန်ပြန်ဆုံတာပါ။

ကျွန်တော် အိမ်ပြန်ရောက်ပြီး မရှေးမနှောင်းမှာပဲ မြို့က စူးမိသားစု နန်းမင်ကို ပြောင်းလာကြတယ်။ တစ်ခုသော နွေရာသီ မနက်ခင်းမှာ စူးမိသားစု

mgyoe.com

mgyoe.com  SAMPLE BOOK 

က ချာတိတ်လေး နှစ်ယောက် အိမ်ထဲကနေ စားပွဲဝိုင်းကလေး တစ်လုံး သယ်ထုတ်လာပြီး သစ်ပင်အရိပ်အောက်မှာ မနက်စာ ထိုင်စားကြတယ်။

အဲဒါ ကျွန်တော် ဆယ့်နှစ်နှစ် အရွယ်တုန်းက မြင်ခဲ့ရတဲ့ မြင်ကွင်း။ မြို့သား ချာတိတ်နှစ်ယောက် စတိုးဆိုင်က ဝယ်လာတဲ့ အင်္ကျီ၊ ဘောင်းဘီတွေ ဝတ်ထားကာ အဲဒီမှာ ထိုင်နေကြတယ်။ ကျွန်တော်ကတော့ ကန်စပ်မှာ တစ်ယောက်တည်း ထိုင်နေတယ်။ ကျွန်တော့်ကိုယ်မှာ ဝတ်ထားတာက လက်ချုပ်ထည် ဖျင်ကြမ်း ဘောင်းဘီတို။ အဲဒီနောက်မှာ ဆယ့်လေးနှစ်သား ကျွန်တော့်အစ်ကိုက ကိုးနှစ်သား ကျွန်တော့်ညီကို စူးအိမ်က ချာတိတ်လေးတွေဆီ ခေါ်သွားတာ ကျွန်တော် တွေ့လိုက်ရတယ်။ ကျွန်တော့်အစ်ကိုရော ကျွန်တော့်ညီရောက ကျွန်တော့်လိုပဲ ကိုယ်အထက်ပိုင်း ဗလာကျင်းထားလို့ နေရောင်အောက်မှာ ငါးသလဲထိုးနှစ်ကောင်လို ညိုတိုတို ဖြစ်နေတယ်။

အဲဒီဟာမတိုင်မီ ကျွန်တော့်အစ်ကို နေလှန်းတလင်းမှာ ပြောလိုက်တာကို ကျွန်တော် ကြားလိုက်သေးတယ်။

"လာဟေ့၊ မြို့ကကောင်တွေ ဘာဟင်းစားသလဲ သွားကြည့်ကြမယ်"

နေလှန်းတလင်းမှာ ကလေးတွေ အများကြီး ရှိတဲ့အထဲက ကျွန်တော့်အစ်ကိုနဲ့အတူ လိုက်လာခဲ့တာဆိုလို့ ကိုးနှစ်အရွယ် ကျွန်တော့်ညီ တစ်ယောက်ပဲ ရှိတယ်။ ကျွန်တော့်အစ်ကိုက ရှေ့ကနေ ရင်ကော့ကာ ခြေလှမ်းကျဲကြီးနဲ့ ရဲမာန်တဝံ့ဝံ့ ချီတက်သွားတယ်။ ကျွန်တော့်ညီကတော့ နောက်ကနေ ခပ်သုတ်သုတ် လိုက်လာခဲ့တယ်။ သူတို့လက်မှာ ချိတ်ထားတဲ့ မြက်ထည့် ခြင်းတောင်းက လမ်းတစ်လျှောက်လုံး လှုပ်ကာယမ်းလျက်။

မြို့သားချာတိတ်နှစ်ယောက်က လက်ထဲက ထမင်းစား ပန်းကန်လုံးနဲ့ တူတို့ကို အောက်ချကာ ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော့်ညီကို သတိကြီးစွာ စိုက်ကြည့်နေကြတယ်။ ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော့်ညီကတော့ တန့်မသွားဘဲ စားပွဲဝိုင်းကလေးနားကနေ ကော့လန်ကော့လန် ဖြတ်လျှောက်ပြီး မြို့သားမိသားစုရဲ့ အိမ်နောက်ဖေးကနေ ပြန်ပတ်ထွက်လာခဲ့တယ်။ ကျွန်တော့်အစ်ကိုနဲ့စာရင် ကျွန်တော့်ညီရဲ့ ကော့လန်ကော့လန် လမ်းလျှောက်ပုံက သိသိသာသာ အကဲပိုနေခဲ့တယ်။

mgyoe.com

 SAMPLE BOOK 

နေလှန်းတလင်းဆီကို ပြန်ရောက်ပြီးနောက် ကျွန်တော့်အစ်ကိုက–

"မြို့ကကောင်တွေလဲ ငါတို့လိုပဲ ကြံမဆိုင် စားနေတယ်ကွ"လို့ ပြောလိုက်တာကို ကျွန်တော် ကြားရတယ်။

"အသားဟင်း မပါဘူးလား"

"ချိုးပဲ ပါမယ်"

အဲဒီအချိန်မှာ ကျွန်တော့်ညီက–

"သူတို့ ကြံမဆိုင်က ဆီပါတယ်၊ ငါတို့ ကြံမဆိုင်က ဆီမပါဘူး"လို့ ဝင်ထောက်တယ်။

ကျွန်တော့်အစ်ကိုက ကျွန်တော့်ညီကို တစ်ချက် တွန်းလိုက်မယ် ထင်တယ်။

"သွားစမ်း၊ သွားစမ်း၊ ဆီပါတာ ဘာဆန်းလို့လဲ၊ အိမ်မှာလဲ ဆီရှိတာပဲ"

"သူတို့ဟာက နှမ်းဆီမွှေး၊ အိမ်မှာ နှမ်းဆီမွှေး မရှိဘူးလေ"လို့ကျွန်တော့်ညီက ဆက်ပြီး ထောက်တယ်။

"မင်း မသိဘဲ လျှောက်မပြောနဲ့"

"ငါ အနံ့ရလို့ ပြောတာ"

ကျွန်တော် ဆယ့်နှစ်နှစ်အရွယ်မှာ ဝမ်လီချန် သေပြီးတဲ့နောက် နန်းမင်ကို ကျွန်တော် တစ်ယောက်တည်း ပြန်လာတော့ သူများ မွေးစားခံရတဲ့ ဘဝကို အသစ်တစ်ဖန် ပြန်ပြီး စတင်လာခဲ့ရသလို ခံစားမိတယ်။ အဲဒီနေ့ရက်တွေတုန်း ကျွန်တော့်မှာ ထူးဆန်းတဲ့ ခံစားချက်တချို့ ရှိလာခဲ့တယ်။ ဝမ်လီချန်နဲ့ လီရှုယည်တို့ကသာ ကျွန်တော့်ရဲ့တကယ့် မိဘအရင်းတွေ ဖြစ်ပြီး နန်းမင်က အဲဒီအိမ်ကတော့ ကျွန်တော့်အဖို့ တည်းခိုရာ နေရာတစ်မျိုးပမာ ဖြစ်နေသလို ခံစားလာမိတယ်။ အဲဒီ သူစိမ်းဆန်တဲ့ ခံစားချက်က ဟိုမီးလောင်မှုကြီးကနေ အစပြုခဲ့တာပါ။ အဘိုးနဲ့ ကျွန်တော် အမှတ်မထင် ပြန်ဆုံပြီး နန်းမင်ကို အတူပြန်လာတဲ့ အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော်တို့ အိမ်ခေါင်မိုးမှာ မီးဟုန်းဟုန်း တောက်နေတာနဲ့ သွားကြုံတာကိုး။

အဲဒီလို တိုက်ဆိုင်မှုကြောင့် အဖေဟာ နောက်ပိုင်း နေ့ရက်တွေမှာ အဘိုးနဲ့ ကျွန်တော့်ကို သံသယမျက်လုံးနဲ့ တစ်ချိန်လုံး ကြည့်လာခဲ့တော့တယ်။

mgyee.com

mgyoe.com

SAMPLE BOOK


မသိရင် အဲဒီ မီးဘေးကြီးကို ကျွန်တော်တို့ကပဲ သယ်လာခဲ့သလိုလို၊ တစ်ခါတလေ အဘိုးနဲ့ ကျွန်တော် အမှတ်မထင် အတူတူ ရပ်နေမိလို့ရှိရင်လည်း အဖေက သူ အသစ်ဆောက်ထားတဲ့ တဲအိမ်ပဲ နောက်ထပ် မီးထလောင်တော့မလို ဂူးဝါး ဂူးဝါး ထအော်တော့တယ်။

အဘိုးဟာ ကျွန်တော် နန်းမင်ကို ပြန်ရောက်ပြီးတဲ့ နောက်တစ်နှစ်မှာပဲ ကွယ်လွန်သွားရှာတာပါ။ အဘိုး မရှိတော့တဲ့နောက်မှာ ကျွန်တော့်အပေါ် အဖေ့ရဲ့ ယုန်ထင်ကြောင်ထင် ဖြစ်မှုတွေ မရှိတော့ဘူး ဆိုပေမဲ့ အဲဒီအတွက်ကြောင့်မို့လို့တော့ ကျွန်တော့်အပေါ် အိမ်သားတွေရဲ့ ဆက်ဆံရေးက တိုးလို့ ကောင်းမလာခဲ့ပါဘူး။ အဖေ့ဆီက အတုမြင် အတတ်သင်ပြီး ကျွန်တော့်အစ်ကိုက ကျွန်တော့်ကို အမြင်ကတ်လာတယ်၊ သူ့ရှေ့မှာ ကျွန်တော် ထွက်ပေါ်လာတိုင်း သူက ကျွန်တော့်ကို မောင်းထုတ်တယ်။ ကျွန်တော်ဟာ ကျွန်တော့်ညီအစ်ကိုတွေနဲ့ တစ်နေ့တခြား ကင်းကွာလာခဲ့တယ်၊ ရွာက ကလေးတွေကလည်း ကျွန်တော့်အစ်ကိုနဲ့ပဲ တပူးပူးတတွဲတွဲ လုပ်ကြတာမို့ သူတို့နဲ့လည်း ကျွန်တော် ကင်းကွာလာခဲ့တယ်။

ကျွန်တော်ဟာ ဝမ်လီချန်တို့အိမ်မှာ နေခဲ့တုန်းက ဘဝရယ်၊ စွန်းတန့်မှာတုန်းက ငယ်သူငယ်ချင်းတွေရယ်ကိုပဲ အချိန်ကြာမြင့်စွာ အောက်မေ့တမ်းတ နေရတော့တယ်။ ကျွန်တော်ဟာ မြောက်မြားစွာသော ပျော်ရွှင်ဖွယ်ရာ အတိတ်တွေကို ပြန်သတိရမိသလို ကြေကွဲဖွယ်ရာ တချို့ထဲကနေလည်း ရုန်းမထွက်နိုင်သေးဘဲ ရှိနေခဲ့တယ်။ ကန်စပ်မှာ ကျွန်တော် တစ်ယောက်တည်း ထိုင်ရင်း အတိတ်ကာလထဲမှာ ခရီးကြမ်းနှင်နေခဲ့တယ်။ ကျွန်တော် တစ်ကိုယ်တည်း တော်ကြာနေရင်း ပြုံးရယ်လိုက်၊ တော်ကြာနေရင်း မျက်ရည်ဝိုင်းလိုက် ဖြစ်နေတာကို မြင်ပြီး ရွာက လူတွေ တော်တော်ကြီး ထူးဆန်းအံ့သြမိကြတယ်။ ကျွန်တော်ဟာ သူတို့မျက်စိထဲမှာ ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်လို ဖြစ်လာခဲ့တယ်။ ဒီလိုနဲ့ နောက်ပိုင်းမှာ အဖေနဲ့ သူတို့ စကားများ ရန်ဖြစ်တဲ့အခါ ကျွန်တော်ဟာ သူတို့ရဲ့ လက်နက်သဖွယ် ဖြစ်လာပါတော့တယ်။ အဖေက အမျိုးယုတ်မို့လို့ ကျွန်တော့်လိုသားမျိုး မွေးလာတာ ဆိုပြီး အဖေ့ကို သူတို့ တိုက်ခိုက်ကြတယ်။

mgyoe.com

ကျွန်တော် နန်းမင်မှာ နေခဲ့တဲ့ နေ့ရက်တွေထဲမှာ ကျွန်တော့်အစ်ကို ဟာ ကျွန်တော့်ကို တစ်ကြိမ်တစ်ခါတည်းသာ တောင်းပန်ခဲ့ဖူးတယ်။ အဲဒါ သူ ကျွန်တော့်ခေါင်းကို တံစဉ်နဲ့ ပေါက်မိလို့ ကျွန်တော့်မျက်နှာ တစ်ခုလုံး သွေးသံရဲရဲ ဖြစ်သွားတဲ့ တစ်ခေါက်ကပေ့ါ။

အဲဒီဖြစ်ရပ်က အိမ်က သိုးခြံထဲမှာ ဖြစ်ခဲ့တာ။ စစချင်းမှာ ကျွန်တော့် ခေါင်းက တစ်ခုခုနဲ့ ပြင်းပြင်းထန်ထန် ရိုက်ခံလိုက်ရသလိုသာ ရှိခဲ့ပြီး ရုတ်တရက် ကြီး ဘာဖြစ်တာမှန်း မသိခဲ့ဘူး။ ကျွန်တော့်အစ်ကိုရဲ့ အမူအရာ ရုတ်တရက် ပြောင်းလဲသွားတာကိုပဲ တွေ့လိုက်ရတာပါ။ ပြီးတဲ့နောက်မှာမှ ကျွန်တော့်မျက်နှာ ပေါ် သွေးတွေ စီးကျလာတာ သိလိုက်ရတယ်။

ကျွန်တော့်အစ်ကိုက တံခါးဝမှာ ပိတ်ကာထားပြီး ကြောက်လန့်တကြီး ခြေမကိုင်မိ လက်မကိုင်မိ အမူအရာနဲ့ ကျွန်တော့်ကို သွေးတွေ သွားဆေးပစ်ဖို့ တောင်းပန်တယ်။ ကျွန်တော်ကလည်း သူ့ကို ဖွတ်အတင်း တွန်းဖယ်ပြီး ရွာထိပ် စိုက်ခင်းထဲက ကျွန်တော့်အဖေဆီကို ထွက်လာခဲ့တယ်။

အဲဒီတုန်းက ရွာက လူတွေအားလုံး ဟင်းသီးဟင်းရွက် စိုက်ခင်းထဲကို မြေဩဇာအဖြစ် မစင်လောင်းကြတာကြောင့် လေပြည်တိုက်လာတဲ့အခါ ကျွန်တော့်နှာခေါင်းထဲကို မစင်နံ့သင်းသင်းကလေး တိုးဝင်လာတယ်။ ဟင်းသီး ဟင်းရွက် စိုက်ခင်းနားကို ကျွန်တော် ရောက်သွားတော့ မိန်းမတချို့ အလန့်တကြား ထအော်ကြတာကို ကြားလိုက်ရတယ်။ အမေ ကျွန်တော့်ဆီ ပြေးလာတာ ကိုလည်း ကျွန်တော် မှုန်ဝါးဝါး မြင်လိုက်ရတယ်။ အမေက ကျွန်တော့်ဆီ အပြေးရောက်လာပြီး ဘာလဲမသိ တစ်ခွန်း မေးလိုက်တာကို ကျွန်တော်က ပြန်မဖြေဘဲ အဖေ့ဆီကိုသာ တန်းတန်းမတ်မတ် လျှောက်သွားခဲ့တယ်။

မစင်ပုံးထဲက ခုလေးတင်မှ ထုတ်လာတဲ့ ယောက်ချိုရှည်ကြီး လက်မှာ ကိုင်လျက် အဖေ့က ကျွန်တော် သူ့အနား လျှောက်လာတာကို ကြည့်နေခဲ့ တယ်။

"ကိုကြီး လုပ်တာ"လို့ ကျွန်တော် ပြောလိုက်တဲ့ စကားတစ်ခွန်းကို ကျွန်တော် ကြားခဲ့ရတယ်။

အဖေက ယောက်ချိုကို ပစ်ချပြီးတော့ ကန်သင်းပေါ် ခုန်တက်ပြီး အိမ်ကို အသော့နှင်ကာ ပြန်သွားတယ်။

mgyoe.com

ကျွန်တော် မသိခဲ့တာက ကျွန်တော် ထွက်လာပြီးတဲ့နောက်မှာ ကျွန်တော့်အစ်ကိုက ကျွန်တော့်ညီ မျက်နှာပေါ်မှာ ဒဏ်ရာတစ်ခု ဖြစ်အောင် တံစဉ်နဲ့ အတင်းအဓမ္မ မွှန်းလိုက်တယ်။ ကျွန်တော့်ညီ အော်ငိုဖို့ ပါးစပ် ဟလိုက်ချိန်မှာ ကျွန်တော့်အစ်ကိုက သူ့ကို ရှင်းပြပြီး တောင်းပန်တယ်။ ကျွန်တော့်ကို တောင်းပန်တုန်းက မထိရောက်ခဲ့ပေမဲ့ ကျွန်တော့်ညီ အလှည့်ကျ မတူတော့ ပြန်ဘူး။

ကျွန်တော် အိမ်ပြန်ရောက်တဲ့အခါ မြင်ရတာက အစ်ကို ဒဏ်ပေးခံရတာကို မဟုတ်ဘဲ အဲလမ်း(elm)ပင်အောက်မှာ ကျွန်တော့်ကို ကြိုးတစ်ချောင်းနဲ့ စောင့်နေတဲ့ အဖေ့ကိုသာ ဖြစ်တယ်။

ကျွန်တော့်ညီရဲ့ လီဆယ်တိုင်တန်းမှုကြောင့် အဖြစ်မှန်က တစ်မျိုးပြောင်းသွားပြီ။ ကျွန်တော်က ကျွန်တော့်ညီကို တံစဉ်နဲ့ အရင်ခုတ်လိုက်လို့ ကျွန်တော့်အစ်ကိုက ကျွန်တော့်မျက်နှာ တစ်ခုလုံး သွေးသံရဲရဲ ဖြစ်အောင် လုပ်ရတာပါ ဆိုပြီး ဖြစ်သွားပြီ။

အဖေက ကျွန်တော့်ကို သစ်ပင်မှာ ကြိုးတုပ်လိုက်တယ်။ အဲဒီ တစ်ကြိမ် အရိုက်ခံရတာကို ကျွန်တော် တစ်သက် မမေ့နိုင်ဘူး။ ကျွန်တော် အရိုက်ခံနေရချိန်မှာ ရွာက ကလေးတွေက စိတ်ဝင်တစား လာပိုင်းကြည့်ကြတယ်။ ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော့်ညီက အဲဒီမှာ အားရကျေနပ်စွာ စည်းကမ်း ထိန်းသိမ်းရေး လုပ်နေကြတယ်။

အဲဒီ အဖြစ်အပျက် နောက်ပိုင်း ကျွန်တော်လည်း လေ့ကျင့်ခန်း စာအုပ်ရဲ့ နောက်ဆုံး စာမျက်နှာမှာ အကြီးနဲ့ အသေး အမှတ်အသား နှစ်ခု မှတ်သားလိုက်တယ်။ အဲဒီနောက်ပိုင်း အဖေတို့ အစ်ကိုတို့ ကျွန်တော့်ကို တစ်ကြိမ်ရိုက်နှက်တိုင်း ကျွန်တော်က စာအုပ်ထဲမှာ မှတ်သားလာခဲ့တော့တယ်။

နှစ်ပေါင်းများစွာ ကြာပြီးတဲ့တိုင် ကျွန်တော်ဟာ အဲဒီ လေ့ကျင့်ခန်းစာအုပ်ကို မပျောက်မပျက်အောင် ထိန်းသိမ်းလာခဲ့တယ်။ ဒါပေမဲ့ ဟောင်းနွမ်းတဲ့ လေ့ကျင့်ခန်းစာအုပ်က ထွက်လာတဲ့ မှိုနံ့ကြောင့် ကျွန်တော်ဟာ အဲဒီတုန်းက လက်စားချေမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ စိတ်ကို ကြည်လင်ပြတ်သားစွာ ပြန်မခံစားမိနိုင်တော့ဘူး။ အဲဒီအစား မဆိုစလောက် အံ့အားသင့်မိတာပဲ ဖြစ်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK


တော့တယ်။ အဲဒီ အံ့အားသင့်မှုကြောင့်ပဲ ကျွန်တော်ဟာ နန်းမင်က မိုးမခပင် ကို ပြန်သတိရလာခဲ့တာ ဖြစ်တယ်။ မှတ်မိသေးတယ်၊ နွေဦးအစပိုင်းရဲ့ တစ်ခု သော မနက်ခင်းမှာ ရွက်ကြွေလို့ ခေါင်းတုံးဖြစ်နေတဲ့ သစ်ကိုင်းတွေမှာ စိမ်းနုနု အစို့အညှောက်သစ်တွေ အပြည့်ပေါက်နေတာကို ကျွန်တော် ရုတ်တရက် အံ့အား သင့်စွာ တွေ့ရှိလာခဲ့ရတယ်။ ဒါဟာ လှပသော ရှုခင်းတစ်ခု ဖြစ်တယ် ဆိုတာ သေချာပေမဲ့ နှစ်ပေါင်းများစွာ ကြာပြီးနောက် အတွေးထဲမှာ တစ်ဖန် ပြန်၍ ပေါ်လာချိန်မှာတော့ အတိတ်နေ့ရက်တွေက အစော်ကားခံရခြင်းနဲ့ သက်ဆိုင်တဲ့ လေ့ကျင့်ခန်းစာအုပ်နဲ့ နီးနီးကပ်ကပ် ဆက်နွယ်လာခဲ့တယ်။ မှတ်ဉာဏ်ကြောင့်ပဲ ဖြစ်မှာပါလေ။ မှတ်ဉာဏ်ဟာ လောကီရေးရာ အချစ်အမုန်းတွေကို ကျော်လွန်ပြီး တဲ့နောက် တစ်ကိုယ်တော် ရောက်ရှိလာခဲ့တယ်။

အိမ်မှာ နေရတဲ့ ကျွန်တော့် အခြေအနေ တစ်နေ့တခြား ဆိုးရွားလာ နေချိန်မှာပဲ နောက်ထပ် အကြောင်းကိစ္စတစ်ခု ဖြစ်ပွားလာခဲ့ပြန်တယ်။ အဲဒီကိစ္စ ကြောင့် ကျွန်တော်နဲ့ ကျွန်တော့်အိမ်က လူတွေကြားမှာ ဘယ်တော့မှ ဖျောက်ဖျက် လို့ မရနိုင်တဲ့ နားလည်မှု လွဲမှားခြင်း ဖြစ်ပေါ်လာခဲ့ပြီး ကျွန်တော်လည်း အိမ်မှာ သာမက ရွာမှာပါ နာမည်ဆိုးနဲ့ ကျော်ကြားလာခဲ့ရတော့တယ်။

ရွာမှာ ဝမ်မိသားစုရဲ့ ကိုယ်ပိုင်မြေနဲ့ ကျွန်တော်တို့ မိသားစုရဲ့ ကိုယ်ပိုင်မြေက ကပ်လျက်ပဲ။ ဝမ်အိမ်က ညီအစ်ကိုနှစ်ယောက်ဟာ ရွာမှာ ဗလ အကောင်းဆုံး။ အဲဒီတုန်းက ဝမ်အိမ်က အစ်ကိုဖြစ်သူက အိမ်ထောင်ကျပြီး ဖြစ်လို့ အကြီးဆုံးကလေးက ကျွန်တော့်ညီနဲ့ အသက်ရွယ်တူပဲ။ နန်းမင်မှာ ကိုယ်ပိုင်မြေ ကိစ္စအတွက် မကြာခဏ စကားများ ရန်ဖြစ်လေ့ရှိပေမဲ့ အဲဒီ တစ်ခေါက်က ရန်ဖြစ်ရတဲ့ အသေးစိတ် အကြောင်းရင်းကိုတော့ ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ဘူး။ ကျွန်တော် မှတ်မိတာက အဲဒီတုန်းက ညနေ စောင်းအချိန် ဖြစ်တယ်။ ကျွန်တော့်အဖေရယ်၊ ကျွန်တော့်အမေရယ်၊ ကျွန်တော့် အစ်ကိုရယ်၊ ကျွန်တော့်ညီရယ် ဝမ်မိသားစုက လူခြောက်ယောက်နဲ့ စကားများ ရန်ဖြစ်နေကြတာကို ကန်စပ်ကနေ ကျွန်တော် ထိုင်ကြည့်နေခဲ့တယ်။ ကျွန်တော့် အိမ်က လူတွေဘက်က သိသိသာသာ အင်အားနည်းတယ်။ အသံကအစ တစ်ဖက်လူလောက်ကို မကျယ်တာ။ အထူးသဖြင့် ကျွန်တော့်ညီ ဆိုရင် ဆဲတာ

mgyoe.com

mgyoe.com


တောင် သူ့နဲ့သက်တူရွယ်တူ ဖြစ်တဲ့ ဝမ်အိမ်က ကလေးလောက် စကားပီပီသသ မဆဲနိုင်ခဲ့ဘူး။ ရွာက လူတွေအားလုံး အဲဒီမှာ ဝိုင်းအုံလာကြပြီ။ တချို့လည်း ထွက်လာပြီး ဖျန်ဖြေကြတယ်။ ဒါကို ကာယကံရှင် နှစ်ဖက်စလုံးက လက်မခံခဲ့ကြဘူး။ နောက်တော့ ကျွန်တော့်အဖေ လက်သီးတပြပြနဲ့ ပြေးတက်သွားတာကို ကျွန်တော် ရုတ်တရက် မြင်လိုက်ရတယ်။ ဒါပေမဲ့ ဝမ်အိမ်က ညီဖြစ်သူ ဝမ်ယွဲ့ကျင့်က သူ့လက်ကောက်ဝတ်ကို ဖမ်းချုပ်လိုက်ပြီး လက်သီးစာ တစ်ချက် ကျွေးထည့်လိုက်တာ ကျွန်တော့်အဖေလည်း လယ်ထဲ လဲကျသွားတော့တယ်။ အဖေက ဆဲရေးတိုင်းထွာကာ တစ်ကိုယ်လုံး စိုရွှဲလျက် ပြန်တက်လာဖို့ လုပ်နေစဉ်မှာပဲ ဝမ်ယွဲ့ကျင့်က သူ့ကို လယ်ထဲ ဆောင့်ကန်ထည့်လိုက်ပြန်တယ်။ ကျွန်တော့်အမေလည်း အသံကုန် ဟစ်အော်ကာ ဝမ်ယွဲ့ကျင့်ထံ ပြေးတက်သွားတာကို ကျွန်တော် မြင်လိုက်ရတယ်။ ဟိုက တစ်ချက်တည်း တွန်းချလိုက်လို့ အမေလည်း လယ်ထဲ ပြုတ်ကျသွားတယ်။ ကျွန်တော့်အဖေနဲ့ ကျွန်တော့်အမေဟာ ရေထဲ ပစ်ချခံရတဲ့ ကြက်တွေပမာ မရှုမလှ ဖျပ်ဖျပ်လူးနေကြတယ်။ နှစ်ယောက်သား အတူတကွ အရှက်တကွဲ အကျိုးနည်းဖြစ်နေတဲ့ မြင်ကွင်းကြောင့် ကျွန်တော်လည်း စိတ်နာကျင်စွာ ခေါင်းငုံ့လိုက်မိတယ်။

အဲဒီနောက်မှာ ကျွန်တော့်အစ်ကိုက မီးဖိုချောင်သုံး ဓားမကို ဝှေ့ယမ်းကာ ပြေးတက်သွားတယ်၊ ကျွန်တော့်ညီကတော့ တံစဉ်တစ်လက်စွဲကာ နောက်က ကပ်လိုက်သွားတယ်။ ကျွန်တော့်အစ်ကိုက ဝမ်ယွဲ့ကျင့်ရဲ့ ဖင်ကို ဓားမနဲ့ ခုတ်ထည့်လိုက်တယ်။

ဆက်လက်ပြီး ပြဇာတ်ဆန်ဆန် အပြောင်းအလဲ ဖြစ်ပေါ်လာတော့တယ်။ ခုနကမှ တော်တော်ကြီးကို အင်အားကြီးနေခဲ့တဲ့ ဝမ်ညီအစ်ကို နှစ်ယောက်ဟာ ကျွန်တော့်အစ်ကို ဓားမနဲ့ ပြေးတက်လာတာကိုလည်း မြင်ရော အိမ်ထဲကို ဒရောသောပါး ပြေးထွက်သွားကြတယ်။ ကျွန်တော့်အစ်ကို သူ့တို့အိမ်ရှေ့အထိ အမီလိုက်သွားချိန်မှာ ညီအစ်ကိုနှစ်ယောက်က မှိန်းတစ်လက် ကိုယ်စီနဲ့ ကျွန်တော့်အစ်ကိုကို ချိန်ရွယ်ထားလိုက်ကြတယ်။ ကျွန်တော့်အစ်ကိုလည်း ဓားမကို ဝှေ့ယမ်းကာ အဲဒီ မှိန်းတွေဆီ တည့်တည့်ကြီး ပြေးတက်သွားတယ်။ သေမှာ မကြောက်တဲ့ ကျွန်တော့်အစ်ကိုနဲ့ တွေ့တော့ ဝမ်ညီအစ်ကို နှစ်ယောက်လည်း မှိန်းကို ပစ်ချပြီး ထွက်ပြေးသွားကြတော့တယ်။

mgyoe.com

ကျွန်တော့်အစ်ကိုရဲ့ လုပ်ရပ်ကြောင့် ကျွန်တော့်ညီလည်း စိတ်ဓာတ်တက်ကြွလာပြီး တံစဉ်ကိုင်မြှောက်ကာ တဟေးဟေး ထအော်တယ်။ သူလည်းပဲ သတ္တိထွန်းပြောင်တဲ့ ပုံပေါက်ခဲ့ပါတယ်။ ဒါပေမဲ့ ပြေးတဲ့အခါ ဟန်ချက်မထိန်းနိုင်တာကြောင့် ကိုယ့်ကိုယ်ကိုယ် ခလုတ်တိုက်ပြီး အကြိမ်ကြိမ် လဲကျခဲ့သေးတယ်။

အဲဒီ ရန်ပွဲ အစအဆုံးမှာ ကျွန်တော်ဟာ ကန်စပ်ကနေပဲ ထိုင်ကြည့်နေခဲ့တာကြောင့် ရွာက ကျွန်တော့်အဖေဘက်ပါတဲ့ လူတွေရော၊ ကျွန်တော့်အဖေကို ဆန့်ကျင်တဲ့လူတွေရော၊ ယုတ်စွအဆုံး ဝမ်မိသားစုက လူတွေကပါ အားလုံးက ဒီလောကကြီးမှာ ကျွန်တော့်လောက် ဆိုးတဲ့ လူမျိုး ရှာမတွေ့နိုင်တော့ဘူးလို့ တညီတညွတ်တည်း ထင်မြင် ယူဆလာခဲ့ကြတော့တယ်။ အိမ်မှာနေရတဲ့ ကျွန်တော့် အခြေအနေကိုလည်း မှန်းဆကြည့်လို့ သိနိုင်ပါတယ်။ ကျွန်တော့်အစ်ကိုကတော့ အများတကာရဲ့ ပါးစပ်ဖျားမှာ သူရဲကောင်းကြီး ဖြစ်လာခဲ့တယ်။

ကာလတစ်ခုမှာ ကျွန်တော်ဟာ ကန်စပ်မှာ ထိုင်နေချိန်မှာပဲဖြစ်ဖြစ်၊ မြက်ရိတ်နေချိန်မှာပဲဖြစ်ဖြစ် စူးမိသားစုအိမ်ကို ချောင်းကြည့်ချင်မိခဲ့တယ်။ မြို့သားလေးနှစ်ယောက်က အပြင် သိပ်မထွက်ဘူး။ ထွက်လာလို့ရှိရင်လည်း သူတို့ အဝေးဆုံး ရောက်အောင် သွားဖူးတာ ဆိုလို့ ရွာထိပ်က ချေးတွင်းနားအထိပဲ။ ဒါလည်း အဲဒီကို ရောက်တာနဲ့ ချက်ချင်း လှည့်ပြန်သွားခဲ့တာ ဖြစ်တယ်။ တစ်မနက်မှာ သူတို့ အိမ်ထဲက ထွက်လာပြီး အိမ်ရှေ့က သစ်ပင်နှစ်ပင်ကြားမှာ ရပ်ကာ လက်ညှိုးတညွှန်ညွှန်နဲ့ ဘာပြောနေမှန်း မသိဘူး။ ပြီးတော့ သစ်ပင်တစ်ပင်နားကို လျှောက်သွားကြတယ်။ အစ်ကိုဖြစ်သူက ဆောင့်ကြောင့်ထိုင်ပြီး ညီဖြစ်သူက အစ်ကို့နောက်ကျောပေါ်ကနေ တက်ခွလိုက်တယ်။ အစ်ကိုဖြစ်သူက ညီဖြစ်သူကို အခြားသစ်ပင်တစ်ပင်ဆီ ကုန်းပိုးသွားတယ်။ ပြီးတော့ တစ်ဖန် ညီဖြစ်သူက အစ်ကိုဖြစ်သူကို မူလသစ်ပင်ဆီ ကုန်းပိုးလာခဲ့တယ်။ ဒီလိုနဲ့ ကလေး နှစ်ယောက်သား တစ်ယောက်တစ်လှည့် အပြန်အလှန် ကုန်းပိုးကြတယ်။ သူတို့တစ်တွေ တစ်ယောက်ကိုယ်ပေါ် တစ်ယောက် တက်ဖိလိုက်ချိန်မှာ

mgyoe.com

mgyoe.com

SAMPLE BOOK


ပျော်ရွှင်ဖွယ်ကောင်းတဲ့ ရယ်သံကို ကျွန်တော် ကြားရတယ်။ ညီအစ်ကို နှစ်ယောက် စလုံးရဲ့ ရယ်သံဟာ တော်တော်လေးကို ဆင်တူတယ်။

နောက်တော့ မြို့ကနေ ပန်းရန်သမားသုံးယောက် လှည်းနှစ်စီးအပြည့် အုတ်နီခဲတွေ ဆွဲကာ ရောက်လာကြတယ်။ စူးမိသားစုရဲ့ အိမ်ရှေ့မှာ အုတ်တံတိုင်း ကာလိုက်တယ်။ ဟိုသစ်ပင်နှစ်ပင်လည်း အုတ်တံတိုင်းထဲ ပါဝင်သွားတယ်။ ကျွန်တော့်စိတ်ကို ကြည်နူးစေတဲ့ စူးညီအစ်ကိုနှစ်ယောက်ရဲ့ ဆော့ကစားနေမှု ကိုလည်း ကျွန်တော် နောက်ထပ် မမြင်ရတော့ဘူး။ ဒါပေမဲ့ တံတိုင်းထဲက ပျံ့လွင့်လာတဲ့ ရယ်သံတွေကိုတော့ ကျွန်တော် မကြာမကြာ ကြားရသေးတယ်။ သူတို့ အရင်လို ဆော့ကစားနေကြတုန်းပဲ ဆိုတာ ကျွန်တော် သိလိုက်ရတယ်။

သူတို့အဖေက မြို့ဆေးရုံက ဆရာဝန်။ အဲဒီ အသားဖြူဖြူနဲ့ နူးညံ့တဲ့ အသံပိုင်ရှင် ဆရာဝန်ဟာ အလုပ်ကပြန်တိုင်း အဲဒီ လမ်းကလေးကနေ စိမ်ပြေနပြေ လမ်းလျှောက် ပြန်လာတာကို ကျွန်တော် အမြဲတွေ့ရတယ်။ တစ်ကြိမ်မှာ ဆရာဝန်က အိမ်ကို လမ်းလျှောက်ပြန်မလာဘဲ ဆေးရုံက စက်ဘီးတစ်စီး စီးကာ အဲဒီလမ်းပေါ်မှာ ထွက်ပေါ်လာခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်က တောင်း တစ်တောင်းအပြည့် မြက်တွေကို အိမ်ပြန်သယ်လာနေချိန် ဖြစ်တယ်။ နောက် ကနေ ဘဲလ်တီးလိုက်တဲ့ အသံကြောင့် ကျွန်တော် လန့်ဖျပ်သွားတယ်။ ဆရာဝန် က စက်ဘီးပေါ်ကနေ သူ့သားနှစ်ယောက်ကို အကျယ်ကြီး အော်ခေါ်တာကို ကျွန်တော် ကြားလိုက်ရတယ်။

စူးညီအစ်ကိုနှစ်ယောက် အိမ်ထဲကနေ ထွက်လာပြီးနောက် မျက်စိ ရှေ့မှာ မြင်ရတဲ့ မြင်ကွင်းကြောင့် ပျော်ရွှင်စွာ ထခုန်ကြတယ်။ သူတို့က စက်ဘီး ဆီကို ဝမ်းသာအားရ ပြေးသွားကြတယ်။ သူတို့အမေက အုတ်တံတိုင်းထဲမှာ မတ်တတ်ရပ်ကာ မိမိရဲ့အိမ်သားတွေကို ပြုံးရွှင်စွာ ကြည့်နေခဲ့တယ်။

ဆရာဝန်က သူ့သားနှစ်ယောက်ကို စက်ဘီးပေါ်တင်ပြီး လယ်တော လမ်းကလေးတစ်လျှောက် နင်းသွားတယ်၊ စက်ဘီးပေါ်က မြို့သားလေး နှစ်ယောက် စိတ်ကြည်နူးဖွယ်ကောင်းစွာ အော်ဟစ်နေကြတယ်။ ရှေ့ကထိုင်တဲ့ ညီဖြစ်သူက စက်ဘီးဘဲလ်ကို မနားတမ်း တီးတယ်။ အဲဒီ မြင်ကွင်းကြောင့် ရွာက ကလေးတွေ သူ့ကို အားကျခဲ့ကြရတယ်။

mgyoe.com

ဆယ့်ခြောက်နှစ်အရွယ် အထက်တန်း စတက်တဲ့နှစ်မှာမှ ကျွန်တော်ဟာ မိသားစု ဆိုတဲ့ ဝေါဟာရကို နားလည်အောင် ပထမဆုံးအကြိမ် ကြိုးစားကြည့်လာမိတယ်။ ကျွန်တော်ဟာ နန်းမင်က ကျွန်တော့်ရဲ့မိသားစုနဲ့ စွန်းတန့်က ဝမ်လိချန်ရဲ့ မိသားစုအကြား အချိန်အတော်ကြာ ရွေးချယ်ရခက် ဖြစ်နေခဲ့ပြီး နောက်ဆုံးမှာ အတည်ပြုနိုင်ခဲ့တဲ့ နားလည်မှုဟာ အဲဒီမြင်ကွင်းကို ပြန်လည်အမှတ်ရမိခြင်းပဲ ဖြစ်တယ်။

ကျွန်တော်နဲ့ ဆရာဝန်နဲ့ ပထမဆုံးအကြိမ် ထိတွေ့ခြင်းဟာ ကိုယ်ပိုင်မြေကြီးစွာအတွက်နဲ့ စကားများ ရန်ဖြစ်ခြင်း မတိုင်ခင်တုန်းက ဖြစ်ပါတယ်။

အဲဒီတုန်းက ကျွန်တော် နန်းမင်ကို ပြန်ရောက်တာ လပိုင်းပဲ ရှိသေးတယ်။ အဘိုးလည်း မဆုံးသေးဘူး။ အဘိုးက ကျွန်တော်တို့အိမ်မှာ တစ်လပြည့်အောင် နေပြီးတဲ့နောက် ကျွန်တော့်ဘဒွေးအိမ်မှာ သွားနေတယ်။ အဲဒီတုန်းက ကျွန်တော် နှစ်ရက်လောက် အဖျားမကျဘဲ ကိုယ်တွေပူ၊ အာတွေခြောက်ပြီး အိပ်ရာထဲမှာ လဲနေခဲ့တယ်။ ခေါင်းထဲမှာလည်း မူးနောက်နောက်နဲ့။ အဲဒီတုန်းက အိမ်က သိုးမကြီးလည်း သားပေါက်တော့မှာမို့ အိမ်ကလူတွေ အားလုံး သိုးခြံထဲ ရောက်နေကြတယ်။ ကျွန်တော် တစ်ယောက်တည်း အိမ်ထဲမှာ လဲနေပြီး အပြင်က သူတို့ရဲ့ ဆူညံသံတွေကို နားစွင့်နေခဲ့တယ်။ အဲဒီထဲမှာ အစ်ကိုနဲ့ ညီလေးရဲ့ စူးရှတဲ့ အသံက မကြာမကြာ ထမြည်လာခဲ့တယ်။

နောက်တော့ အမေက ကျွန်တော့်အိပ်ရာနား ရောက်လာပြီးတော့ ပါးစပ်က ဘာမှန်းမသိ တစ်ခွန်းပြောပြီး ပြန်ထွက်သွားတယ်။ အမေ တစ်ဖန်ပြန်ရောက်လာတော့ သူ့နားမှာ လူတစ်ယောက် ပါလာတယ်။ အဲဒီလူဟာ စူးအိမ်က ဆရာဝန်မှန်း ကျွန်တော် သိလိုက်တယ်။ ဆရာဝန်က ကျွန်တော့်နဖူးကို လက်နဲ့ အသာစမ်းကြည့်ပြီး-

"တစ်ရှာ့နှစ်လောက် ရှိမယ်"လို့ ပြောလိုက်တာကို ကျွန်တော် ကြားရတယ်။

သူတို့ ထွက်သွားပြီးတဲ့နောက် သိုးခြံဘက်မှာ ဆူဆူညံညံ ဖြစ်လာသလို ကျွန်တော် ခံစားမိတယ်၊ ခုနက ဆရာဝန်က ကျွန်တော့်နဖူးပေါ် လက်ကလေး

mgyoe.com

mgyoe.com

အသာအယာ တင်လိုက်တာသာ ဖြစ်ပေမဲ့ ကျွန်တော် ခံစားမိတာကတော့ ကြင်နာယုယတဲ့ အထိအတွေ့ ဖြစ်ပါတယ်။ ခဏဆိုရင်ပဲ စူးမိသားစုက ကလေး နှစ်ယောက် အိမ်ပြင်မှာ စကားပြောနေတဲ့ အသံကို ကျွန်တော် ကြားလာရတယ်။ နောက်မှ သိရတာက သူတို့က ကျွန်တော့်အတွက် ဆေးလာပို့ပေးကြတာကိုး။

နေကောင်း သက်သာလာပြီးနောက် ကလေးတစ်ယောက်ရဲ့ လူကြီး အပေါ် အားကိုးချင်တဲ့ စိတ်တွေ ကျွန်တော့်ရင်ထဲ လှိုက်ဆူလာခဲ့တယ်။ ခြောက်နှစ် သားအရွယ် နန်းမင်ကနေ မထွက်ခွာခင်တုန်းက ကျွန်တော်ဟာ အဖေတို့၊ အမေ တို့နဲ့ ဘယ်လောက်တောင်များ နီးနီးကပ်ကပ် ရှိနေလိုက်သလဲ။ နောက်ပိုင်း စွန်းတန့်မှာ နေထိုင်ခဲ့တဲ့ ငါးနှစ်ကာလအတွင်း ဝမ်လိချွန်နဲ့ လီရှုယည်တို့ကလည်း ကျွန်တော့်ကို ပြုစုယုယခဲ့ကြတာပါပဲ။ ဒါပေမဲ့ ကျွန်တော် နန်းမင်ကို ပြန်ရောက် လာပြီး နောက်ပိုင်းမှာတော့ ရုတ်ခြည်း ဆိုသလို အားကိုးရာမဲ့ ဖြစ်လာခဲ့ရပါ တယ်။

အစောပိုင်းမှာတုန်းကတော့ ကျွန်တော်က ဆရာဝန်ကို သူ့အလုပ်က ပြန်လာတဲ့ လမ်းမှာ မကြာခဏ သွားစောင့်နေခဲ့တယ်။ သူ အဝေးကနေ လမ်းလျှောက် ပြန်လာတာကို ကြည့်ရင်း၊ သူ ကျွန်တော့်အနား ရောက်လာပြီး ကျွန်တော့်ကို ချစ်ကြည်သော စကားတွေ ပြောလာဖို့ကို စိတ်ကူးမြင်ယောင်ကြည့်ရင်း ကျွန်တော့် နဖူးကို သူ့ရဲ့ ကြီးမားသော လက်ဝါးပြင်နဲ့ နောက်ထပ်တစ်ဖန် ပြန်လာစမ်းဖို့ကို မျှော်လင့်နေမိပါတယ်။

ဒါပေမဲ့ ဆရာဝန်က ကျွန်တော့်ကို ဘယ်တုန်းကမှ သတိမထားမိခဲ့ ပါဘူး။ အခု ပြန်စဉ်းစားကြည့်တဲ့အခါ အဲဒီတုန်းက သူဟာ ကျွန်တော့်ကို ဘယ်သူဘယ်ဝါမှန်း၊ ဘာဖြစ်လို့ အဲဒီနေရာမှာ အမြဲရပ်စောင့်နေမှန်း ဂရုစိုက်မိ မှာကို မဟုတ်ပါဘူး။ သူက အမြဲလိုလို ကျွန်တော့်ရှေ့ကနေ ခပ်သုတ်သုတ် ဖြတ်လျှောက်သွားတယ်။ ရံဖန်ရံခါလည်း ကျွန်တော့်ကို တစ်ချက်လောက် လှည့်ကြည့်တတ်ပါတယ်။ ဒါပေမဲ့ သူ့အကြည့်က သူစိမ်းတစ်ယောက်က အခြား သူစိမ်းတစ်ယောက်ကို ကြည့်တဲ့ အကြည့်မျိုး။

ဆရာဝန်ရဲ့ သားနှစ်ယောက်ဖြစ်တဲ့ စူးယွီနဲ့ စူးဟန်တို့ဟာ များမကြာ ခင်မှာပဲ ရွာက ကလေးတွေကြားထဲ ပါဝင်လာခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်

mgyoe.com

m gyobe.com


အစ်ကိုနဲ့ ညီက ကန်သင်းပေါ်မှာ မြက်ရိတ်နေကြတယ်။ သူတို့အနားကို စူးမိသားစုက ကလေးနှစ်ယောက် တစ်ခုခု တိုင်ပင်နေဟန်နဲ့ တွန့်ဆုတ်တွန့်ဆုတ် လျှောက်သွားတာကို ကျွန်တော် ကြည့်နေခဲ့တယ်။ ကျွန်တော့်အစ်ကို၊ အဲဒီတုန်းက ကိုယ့်ကိုယ်ကိုယ် အရာအားလုံး ကွပ်ကဲနိုင်တယ်လို့ အထင်ရောက်နေခဲ့တဲ့ ကျွန်တော့်အစ်ကိုက သူတို့ကို လက်ထဲက တံစဉ်ဝှေ့ယမ်းပြကာ–

"ဟေး၊ မင်းတို့ မြက်ရိတ်ချင်လို့လား"လို့ အော်ပြောလိုက်တယ်။

နန်းမင်မှာ တစ်ခဏတာမျှသာ နေထိုင်ခဲ့တဲ့ စူးယွီဟာ တစ်ကြိမ်တစ်ခါမျှသာ ကျွန်တော့်ကို စကားလာပြောခဲ့တယ်။ အဲဒီတုန်းက အရက်အကြောက်ကြီးတဲ့ သူ့ရဲ့အမူအရာနဲ့ ရှိုးတိုးရှန့်တန့်နိုင်တဲ့ သူ့ရဲ့အပြုံးတို့ကို ကျွန်တော် ယနေ့ထက်တိုင် မှတ်မိနေသေးတယ်။ သူက ကျွန်တော့်ကို မေးတယ်။

"မင်းက စွန်းကွမ်းဘင်းရဲ့ ညီလား"

စူးမိသားစုဟာ နန်းမင်မှာ နှစ်နှစ်သာ နေခဲ့တယ်။ သူတို့ ပြောင်းသွားတဲ့ နေ့က မိုးနည်းနည်း အုံ့နေခဲ့တာ ကျွန်တော် မှတ်မိတယ်။ အိမ်ထောင်ပရိဘောဂတွေကို လှည်းနဲ့ တိုက်ရာမှာ နောက်ဆုံး တစ်လှည်းက ဆရာဝန် ဆွဲသွားခဲ့တာ။ ကလေးနှစ်ယောက်က လှည်းရဲ့နောက်ကနေ ဘယ်ညာ တစ်ဖက်စီက တွန်းပေးတယ်။ သူတို့ရဲ့ အမေက တိုလီမိုလီတွေ ထည့်ထားတဲ့ တောင်းနှစ်လုံးဆွဲကာ နောက်ဆုံးက လိုက်သွားတယ်။

စူးယွီက ဆယ့်ကိုးနှစ်အရွယ်မှာ ဦးနှောက်သွေးကြောပြတ်ပြီး သေသွားရှာတယ်။ သူ ဆုံးသွားတဲ့ သတင်းကို ကျွန်တော် ကြားသိရချိန်မှာ နောက်တစ်နေ့ ဖြစ်နေပြီ။ အဲဒီနေ့က ကျောင်းဆင်းလို့ အိမ်အပြန်လမ်းမှာ စူးယွီတို့ နေခဲ့တဲ့ အိမ်ရှေ့ကို ရောက်တော့ ရင်ထဲမှာ ကြေကွဲမှုတွေ လှိုက်ဆူတက်လာလို့ ကျွန်တော့် မျက်နှာတစ်ခုလုံး မျက်ရည်တွေ စိုရွှဲသွားတယ်။

အစ်ကိုဟာ အထက်တန်းကျောင်းသား ဖြစ်လာတဲ့နောက်ပိုင်း သိသိသာသာ ပြောင်းလဲလာတာကို ကျွန်တော် မှတ်မိတယ်။ ခုချိန်မှာ ပြန်စဉ်းစားကြည့်တော့ ဆယ့်လေးနှစ်အရွယ်တုန်းက အစ်ကို့ကို ကျွန်တော် တော်တော်ကလေး လွမ်းမိပါတယ်။ အဲဒီတုန်းက အစ်ကိုဟာ ဗိုလ်ကျတယ် ဆိုပေမဲ့လည်း သူ့ရဲ့ မာနကြီးတဲ့ အထက်စီးဆန်မှုတွေကတော့ ခုချိန်ထိ မေ့မရနိုင်ဖွယ် ဖြစ်ပါ

mgyobe.com

mgyoe.com

SAMPLE BOOK


တယ်။ စူးညီအစ်ကိုတွေ သူ့အတွက် မြက်ရိတ်ပေးနေတာကို ကျွန်တော့်အစ်ကို က ကန်သင်းပေါ်ကနေ ထိုင်ပြီး ညွှန်ကြားနေခဲ့တယ်လေ။ အဲဒီ မြင်ကွင်းက အတော်ရှည်လျားတဲ့ အချိန်ကာလတစ်ခု ကြာတဲ့ထိအောင် အစ်ကို့ရဲ့ ပုံရိပ်အဖြစ် ကိုယ်စားပြုနေခဲ့ပါတယ်။

ကျွန်တော့်အစ်ကို အထက်တန်းကျောင်းတက်လို့ မကြာခင်မှာပဲ မြို့က ကျောင်းနေဖက်တွေနဲ့ အပေါင်းအသင်း ဖြစ်လာတယ်။ တစ်ချိန်တည်းမှာ ရွာက ကလေးတွေကိုသူက ခပ်တန်းတန်း လုပ်လာတယ်။ အစ်ကို့ရဲ့ မြို့က ကျောင်းနေဖက် သူငယ်ချင်းတွေ အိမ်ကို အဆက်မပြတ် အလည်ရောက်လာကြလို့ ကျွန်တော့် အဖေနဲ့ အမေလည်း ဂုဏ်ယူမဆုံး ဖြစ်လာကြတယ်။ ရွာက ကလေးတွေထဲမှာ အထူးချွန် အထက်မြက်ဆုံးက ကျွန်တော့်အစ်ကိုပဲ ဖြစ်တယ်လို့ ရွာက လူကြီးသူမ တချို့တွေကတောင် ယတိပြတ် မှတ်ချက်ပေးလာကြတဲ့အထိ ဖြစ်ခဲ့တယ်။

အဲဒီကာလတုန်းက မကြာခဏ ဆိုသလို မနက် လင်းအားကြီးချိန်မှာ မြို့က လူငယ်နှစ်ယောက်ဟာ ရွာပြင်နားကို ပြေးသွားပြီး အသံကုန် ဟစ်ကြွေး တတ်ကြတယ်။ သူတို့ရဲ့ အော်သံက အနိမ့်အမြင့် မညီဘူး။ အထူးသဖြင့် အသံ တိမ်ဝင်သွားတဲ့ တဒင်္ဂမှာ ကြားရတာဟာ ကြက်သီးမွေးညင်း ထဖွယ် ကောင်းလှ တယ်။ စစချင်းမှာ ရွာက လူတွေကတောင် သရဲခြောက်တယ်လို့ အောက်မေ့ခဲ့ကြ သေးတယ်။

ဒီဖြစ်ရပ်က ကျွန်တော့်အစ်ကိုအတွက် နက်ရှိုင်းတဲ့ တံဆိပ်ခတ်နှိပ်ရာ ချန်ရစ်ထားခဲ့တယ်။ တစ်ကြိမ်မှာ သူက မျက်နှာအမူအရာ သုန်မှုန်လျက်–

"ငါတို့က မြို့သား ဖြစ်ချင်နေတဲ့ အချိန်မှာ မြို့သားတွေက အဆိုတော် ဖြစ်ချင်နေကြတယ်"လို့ ပြောလာတယ်။

အစ်ကိုဟာ ရွာက ကလေးတွေထဲမှာ လက်တွေ့ဘဝ အကြောင်းကို အစောဆုံး ခံစားသိရှိခဲ့သူ ဆိုတာ သေချာပါတယ်။ သူက မိမိတစ်သက်လုံး မြို့က ကျောင်းနေဖက်တွေကို ဘယ်တော့မှ ယှဉ်နိုင်မှာ မဟုတ်မှန်း စတင် ရိပ်စားလာမိတယ်။ ဒါဟာ သူ့အင်္ဂစိတ်ရဲ့ အစအဦးဆုံးသော ခံစားမှု ဖြစ်ပါတယ်။ မှုမှုတတ ပြောရရင် ကျွန်တော့်အစ်ကို ပေါင်းသင်းတဲ့ မြို့က ကျောင်းနေဖက် တွေဆိုတာ အစဉ်သဖြင့် မာနကြီးတဲ့ သူ့ဗီဇကြောင့် ဖြစ်လာတဲ့ နောက်ဆက်တွဲ

mgyoe.com

ရလဒ်တွေပါ။ မြို့က ကျောင်းနေဖက်တွေ အလည်ရောက်လာခြင်းက ရွာမှာ ရှိတဲ့ သူ့ရဲ့အဆင့်အတန်းကို မြှင့်တင်ပေးရာ ရောက်ခဲ့တယ်ဆိုတာ အသေအချာပဲ ဖြစ်ပါတယ်။

ကျွန်တော့်အစ်ကိုရဲ့ ပထမဆုံး ရည်းစားက သူ အထက်တန်း ဒုတိယနှစ် တက်တုန်းက ရခဲ့တာ ဖြစ်တယ်။ သူက ထွားထွားကျိုင်းကျိုင်း ကျောင်းသူ တစ်ယောက်ကို ကြိုက်မိတယ်။ အဲဒီ ကျောင်းသူက မြို့က လက်သမား တစ်ယောက် ရဲ့သမီး။ ကျွန်တော့်အစ်ကို တစ်ယောက် ကျောင်းရဲ့ ချောင်တစ်ချောင်မှာ လွယ်အိတ်ထဲကနေ ကွာစိတစ်ထုပ် ထုတ်ပြီး အဲဒီကျောင်းသူ လက်ထဲ အတင်း ထိုးပေးခဲ့တာကို ကျွန်တော် တစ်ကြိမ်မက မြင်ခဲ့ဖူးတယ်။

အဲဒီကျောင်းသူက ကျွန်တော်တို့အိမ်က ကွာစိကို ကိုက်ရင်း ကျောင်း အားကစားကွင်းမှာ ထွက်ပေါ်လာတတ်တယ်။ သူ ကွာစိခွံ ထွေးထုတ်တဲ့ ပုံစံက မသိရင် သားတွေ၊ သမီးတွေ တစ်ပုံတစ်ခေါင်းကြီး မွေးထားပြီး ဖြစ်တဲ့ ကလေးအမေ စရိုက်မျိုး။ တစ်ကြိမ်မှာ သူ ကွာစိခွံ ထွေးထုတ်ပြီး နှုတ်ခမ်းထောင့်မှာ တံတွေး မျှင်တစ်မျှင် တွဲလောင်းကျနေတာကို ကျွန်တော် မြင်ခဲ့တယ်။

အဲဒီတုန်းက ကျွန်တော့်အစ်ကိုဟာ သူ့ကျောင်းနေဖက် သူငယ်ချင်း တွေနဲ့ မိန်းမအကြောင်း ဆွေးနွေးပြောဆိုတတ်နေပြီ။ အဲဒီ တစ်ခါမှ မကြားဖူးတဲ့ အကြောင်းအရာတွေကို ကျွန်တော်က အိမ်နောက်ဖေး ရေကန်စပ်ကနေ ထိုင် နားထောင်ခဲ့တယ်။ နို့တို့၊ ပေါင်တို့ စတဲ့ စကားလုံးတွေ နောက်ဖေး ပြတင်းပေါက် ကနေ လွင့်ပျံ့ထွက်လာလို့ နားထောင်နေတဲ့ ကျွန်တော့်မှာ ရင်တွေခုန်၊ အသား တွေ တဆတ်ဆတ် တုန်လာခဲ့တယ်။ နောက်တော့ သူတို့က ကိုယ့်အကြောင်း ကိုယ် ပြောလာကြတယ်။ စစချင်းမှာ အစ်ကိုက မပြောဘဲ လုပ်နေသေးတယ်။ မြို့က သူ့ကျောင်းနေဖက် သူငယ်ချင်းတွေ အတင်း ပိုင်းလှော်ကြလို့ သူလည်း ဟိုကျောင်းသူနဲ့ သူနဲ့အကြောင်းကို ပြောပြလိုက်မိတယ်။ မပေါက်ကြားစေရပါဘူး လို့ အာမခံတဲ့ သူတို့ရဲ့ ကတိစကားကို ယုံမိတာက တစ်ကြောင်း၊ အဲဒီတုန်းက စိတ်ကူးပေါက်လာတာက တစ်ကြောင်းမို့ ပြောပြမိလိုက်တာ ဖြစ်တယ်။ ကျွန်တော့် အစ်ကိုက ဟိုကျောင်းသူနဲ့ သူနဲ့အကြောင်းကို ပုံကြီးချဲ့ကားပြီး ပြောလိုက်မိတာ ကတော့ သေချာပါတယ်။

mgyoe.com

မကြာပါဘူး။ တစ်နေ့မှာတော့ ဟိုကျောင်းသူက သူနဲ့စရိုက်တူ ကျောင်းသူ တချို့နဲ့အတူ ကျောင်းအားကစားကွင်း အလယ်မှာ ရပ်ကာ ကျွန်တော့်အစ်ကိုကို သူတို့ဆီ လာခဲ့ဖို့ အော်ခေါ်လိုက်တယ်။

ကျွန်တော့်အစ်ကိုလည်း တစ်ခုခုတော့ ဖြစ်တော့မယ်လို့ ကြိုသိနေတယ် ထင်ပါရဲ့။ သူတို့အနားကို ရင်တထင့်ထင့်နဲ့ လျှောက်သွားတယ်။ အဲဒါ သူ ကြောက်ရွံ့ထိတ်လန့်နေတာကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ဖူးခြင်းပဲ။

ကျောင်းသူက မေးတယ်။

"ငါ နင့်ကို ကြိုက်နေတယ် ဆိုပြီး နင် လူတကာကို လျှောက်ပြောနေတယ်ဆို"

ကျွန်တော့်အစ်ကို မျက်နှာတစ်ခုလုံး နီရဲသွားတယ်။ အဲဒီအချိန်မှာ ကျွန်တော် အဲဒီကနေ ထွက်ခွာလာခဲ့ပြီမို့ အစဉ်သဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ ကျွန်တော့်အစ်ကို ခြေမကိုင်မိ လက်မကိုင်မိ ဘေးကျပ်နံကျပ် ဖြစ်နေပုံကို မမြင်ခဲ့လိုက်ရပါဘူး။

ကျွန်တော့်အစ်ကို ကြိုက်နေတဲ့ ကျောင်းသူက သူ့ဘေးက သူငယ်ချင်းတွေ ဝိုင်းမြှောက်ပေးတာနဲ့ စားကျန်တဲ့ ကွာစိတွေနဲ့ ကျွန်တော့်အစ်ကို မျက်နှာကို ပစ်ပေါက်လိုက်တယ်။

အဲဒီနေ့က ကျွန်တော့်အစ်ကို တော်တော်နောက်ကျမှ အိမ်ပြန် ရောက်တယ်။ ထမင်းမစားဘဲ အိပ်ရာတန်း ဝင်တယ်။ တစ်ညလုံးနီးပါးလောက် သူ အိပ်ရာထဲ လူးလိမ့်နေတဲ့ အသံကို အိပ်မှုန်စုံမွှားထဲကနေ ကျွန်တော်ဟာ ကြားခဲ့ရတယ်။ နောက်တစ်နေ့မှာတော့ သူဟာ အရှက်ခွဲခံရတာကို ကြိတ်မှိတ် သည်းခံပြီးတော့ ကျောင်းသွားတက်ခဲ့တာပါပဲ။

ဒီကိစ္စက မြို့က ကျောင်းနေဖက်တွေ နှုတ်မစောင့်စည်းလို့ ဖြစ်ခဲ့ရတာမှန်း အစ်ကို သိပေမဲ့ အဲဒီအတွက်ကြောင့်တော့ သူ စိတ်ဆိုးတဲ့ အရိပ်အယောင်တစ်စက်မှ မပြခဲ့ပါဘူး။ အပြစ်တင်လိုတဲ့ သဘောမျိုးတောင် မရှိခဲ့ပါဘူး။ သူက သူတို့နဲ့ ခင်ခင်မင်မင် ဆက်ပေါင်းပါတယ်။ မြို့က ကျောင်းနေဖက်တွေ ရုတ်တရက်ကြီး အလည်မလာကြတော့တာကို ရွာက လူတွေ မမြင်စေချင်လို့ သူ ဒီလို လုပ်ခဲ့ရတာမှန်း ကျွန်တော် သိပါတယ်။ ဒါပေမဲ့လည်း အစ်ကို ကြိုးစားခဲ့တာတွေဟာ

mgyoe.com

m gyoe .com  SAMPLE BOOK 

နောက်ဆုံးတော့ ရှုံးနိမ့်ခဲ့ရတာပါပဲ။ သူတို့တစ်တွေ အထက်တန်း အောင်ပြီးတဲ့နောက် တစ်ယောက်ပြီး တစ်ယောက် အလုပ်ဝင်သွားကြလို့ အရင်ကလို လတ်လျား လတ်လျား မရှိတော့ဘူးလေ။ ဒါကြောင့်မို့ အစ်ကိုလည်း သူတို့ရဲ့ အစွန့်ပယ်ခံ ဖြစ်ရဖို့ အချိန်ကျရောက်လာခဲ့ပါတယ်။

ကျွန်တော့်အစ်ကိုရဲ့ မြို့က ကျောင်းနေဖက်တွေ အိမ်ကို အလည်မလာကြတော့တဲ့နောက် တစ်နေ့ ညနေစောင်းခါနီး အချိန်မှာ စူးယို့ မထင်မှတ်ဘဲ ရောက်လာတယ်။ အဲဒါ သူတို့ အိမ်ပြောင်းသွားပြီး နောက်ပိုင်း နန်းမင်ကို စူးယို့ ပထမဆုံးအကြိမ် ပြန်ရောက်လာခြင်းလည်း ဖြစ်တယ်။ အဲဒီတုန်းက ကျွန်တော်က ကျွန်တော့်အစ်ကိုနဲ့ စိုက်ခင်းထဲမှာ။ စူးယို့ ရောက်လာတာကို မြင်တော့ ထမင်း၊ ဟင်းချက်နေတဲ့ အမေက ကျွန်တော့်အစ်ကိုကို လာရှာတာလို့ ထင်မိသေးတယ်။ အမေတစ်ယောက် ရွာထိပ်မှာ ရပ်ကာ အစ်ကို့ကို ဝမ်းသာမဆုံး အော်ခေါ်နေတဲ့ အဖြစ်ကို နှစ်တွေ ကြာပြီးတဲ့နောက် ပြန်စဉ်းစားမိတဲ့အခါ ကျွန်တော့်ရင်ထဲ တော်တော်ကြီးကို ထိခိုက်ခံစားမိပါတယ်။

အစ်ကိုက ကန်သင်းပေါ် ခုန်တက်ပြီး အိမ်ပြန်ရောက်သွားတော့ စူးယို့ သူ့ကို ပထမဆုံး မေးလိုက်တဲ့ မေးခွန်းက–

"စွန်းကွမ်းလင်း ကော"

ဒီတော့မှ အမေလည်း စူးယို့က ကျွန်တော့်ကို လာရှာတာမှန်း အံ့သြစွာ သဘောပေါက်သွားတယ်။ အစ်ကိုကတော့ ဣန္ဒြေမပျက်အောင် ထိန်းထားရင်း–

"သူ စိုက်ခင်းထဲမှာ"လို့ စူးယို့ကို ခပ်အေးအေးပဲ ပြောပြလိုက်တယ်။

အဲဒီတုန်းက စူးယို့ဟာ သူတို့နဲ့ အာလာပသလ္လာပ စကားကလေး တစ်ခွန်း၊ နှစ်ခွန်းလောက် ပြောသင့်ကြောင်း သတိမရခဲ့ဘူး။ သူက ကျေးဇူးတင် စကားကလေးတောင် မပြောဘဲ သူတို့နားက ထွက်ခွာပြီး ကျွန်တော်ရှိရာ စိုက်ခင်းဆီကို ထွက်လာခဲ့တယ်။

စူးယို့ ကျွန်တော့်ကို လာရှာရတဲ့ အကြောင်းရင်းက သူ အလုပ်ဝင်နေပြီ ဖြစ်ကြောင်း လာပြောပြဖို့ အတွက်ပဲ ဖြစ်တယ်။ သူက ဓာတ်မြေသြဇာ စက်ရုံမှာ အလုပ်ဝင်တာ။ ကျွန်တော်တို့ နှစ်ယောက် ကန်သင်းပေါ်မှာ တော်တော်ကြာ အောင် ထိုင်နေခဲ့ကြတယ်။ အတိတ်က စူးမိသားစုရဲ့ အိမ်ကို ညလေညင်းထဲမှာ အတူထိုင်ကာ လှမ်းမျှော်ကြည့်နေခဲ့ကြတယ်။ စူးယို့က ကျွန်တော့်ကို မေးတယ်။

mgyoe.com

mgyoe.com


"အခု ဘယ်သူ နေနေသလဲ"

ကျွန်တော် ခေါင်းခါတယ်။ အဲဒီအိမ်ကနေ ကောင်မလေး တစ်ယောက် မကြာမကြာ ထွက်လာတတ်ပြီး သူ့မိဘတွေကိုလည်း မကြာမကြာ တွေ့ရတတ်ပေမဲ့ သူတို့ကို ဘယ်သူမှန်းတော့ ကျွန်တော် မသိခဲ့ဘူး။

စူးယွီက မိုးချုပ်တော့မှ ပြန်သွားတာ ဖြစ်တယ်။ မြို့ဆီသို့ သွားတဲ့ လမ်းမပေါ်မှာ စူးယွီ ခါးကိုင်းလျက် ပျောက်ကွယ်သွားတာကို ကျွန်တော် ကြည့်နေခဲ့တယ်။ တစ်နှစ်မပြည့်တတ်ခင်မှာပဲ သူ ဆုံးပါးသွားရှာတယ်။

ကျွန်တော် အထက်တန်း အောင်တဲ့အချိန်မှာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ပြန်ကျင်းပနေပြီ။ ကျွန်တော် တက္ကသိုလ်တက်ခွင့် ရချိန်မှာတော့ စူးယွီ အလုပ်ဝင်တုန်းက ကျွန်တော့်ကို လာပြောပြသလို သူ့ကို ကျွန်တော် သွားမပြောပြနိုင်တော့ဘူး။ မြို့က လမ်းမတစ်ခုမှာ စူးဟန်ကို ကျွန်တော် တွေ့ခဲ့သေးတယ်။ စူးဟန်က သူငယ်ချင်းတချို့နဲ့အတူ ရွှင်မြူးစွာ စက်ဘီးစီးကာ ကျွန်တော့် ဘေးကနေ ဖြတ်သွားတာ။

ကျွန်တော်က အိမ်က လူတွေကို ကျွန်တော် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဝင်ဖြေတဲ့ အကြောင်း မပြောပြခဲ့ဘူး။ စာမေးပွဲကြေးကိုလည်း ရွာက ကျောင်းနေဖက် တစ်ယောက်ဆီကနေ ချေးပြီးတော့ သွင်းခဲ့တာ။ တစ်လနေလို့ ကျွန်တော် အဲဒီ ကျောင်းနေဖက်ကို ပိုက်ဆံအကြွေး ပြန်သွားဆပ်တဲ့အခါ သူက–

"မင်းအစ်ကို မင်းကိုယ်စား ပြန်ဆပ်ပြီးပြီ"လို့ ပြောတယ်။

ကျွန်တော်လည်း အံ့သြသွားမိတယ်။ တက္ကသိုလ် ဝင်ခွင့်ရကြောင်း အကြောင်းကြားစာ ရောက်လာတဲ့အခါ အစ်ကိုက ကျွန်တော့်အတွက် လိုအပ်တာတွေ တချို့ ပြင်ဆင်ထားတယ်။ အဲဒီတုန်းက ကျွန်တော့်အဖေဟာ ကျွန်တော်တို့အိမ်ရဲ့ မျက်စောင်းထိုးအိမ်က မုဆိုးမနဲ့ ငြိစွန်းနေပြီ။ အဖေက ညဉ့်နက်သန်းခေါင်ဆိုရင် မုဆိုးမစောင်ခြုံထဲ တိုးပြီးမှ ကျွန်တော့်အမေ စောင်ခြုံထဲကို ပြန်လာတိုးတယ်။ အိမ်က ကိစ္စတွေကိုလည်း အရေးတယူလုပ်ဖို့ မအားတော့ဘူး။ အစ်ကိုက အဖေ့ကို ကျွန်တော့်အကြောင်း ပြောပြတဲ့အခါ အဖေက–

"ဘာလဲကွ၊ ဒီကောင့်ကို ကျောင်းပေးဆက်တက်ဦးမတဲ့လား၊ ခွေးကံကောင်းလေးပဲကွ ဟေ" လို့သာ သာမန်ကာလျှံကာ တစ်ချက် ထအော်ခဲ့ပါတယ်။

mgyoe.com

ကျွန်တော် အိမ်ကနေ အပြီးအပိုင် ဒိုးတော့မယ်မှန်းလည်း သိတော့မှ အဖေက တော်တော်ကြီးကို ဝမ်းသာလာခဲ့တယ်။

ကျွန်တော့်အမေကတော့ အဖေ့ထက် နည်းနည်းပါးပါး ပိုနားလည်ပါတယ်။ ကျွန်တော် အိမ်ကခွဲခါနီး နေ့ရက်တွေမှာ အမေက တစ်ချိန်လုံးလိုလို ကျွန်တော့်အစ်ကိုကို စိတ်မအေးစွာ ကြည့်နေခဲ့တယ်။ သူက ကျွန်တော့်အစ်ကို တက္ကသိုလ် သွားတက်ဖို့ကို ပိုလိုလားခဲ့တာကိုး။ တက္ကသိုလ်က ဘွဲ့ရပြီးတာနဲ့ မြို့နေလူတန်းစား ဖြစ်လာမယ် ဆိုတာကို သူက သိနေတယ်လေ။

အိမ်ကထွက်လာတုန်းက ကျွန်တော့်အစ်ကို တစ်ယောက်ပဲ ကျွန်တော့်ကို လိုက်ပို့ခဲ့တယ်။ သူက ကျွန်တော့်အိပ်ရာလိပ်ကို ထမ်းကာ ရှေ့က သွားပြီး ကျွန်တော်က သူ့နောက်က လိုက်လာခဲ့တယ်။ နှစ်ယောက်သား တစ်လမ်းလုံး စကားတစ်ခွန်းမှ မပြောခဲ့ဘူး။ အဲဒီ နေ့ရက်တွေတုန်းက အစ်ကို့ရဲ့ အပြုအမူတွေက ကျွန်တော့်ရင်ကို ထိခဲ့တယ်။ သူ့ကို ကျေးဇူးတင်စကား ပြောဖို့ စကားလမ်းကြောင်း ရှာခဲ့ပေမဲ့ ကျွန်တော်တို့အကြားမှာ လွှမ်းခြုံနေတဲ့ နှုတ်ဆိတ်ခြင်းကြောင့် ကျွန်တော့်မှာ ပါးစပ်မဟနိုင်ဘဲ ဖြစ်နေခဲ့တယ်။ ကားထွက်တော့မယ့် ဆဲဆဲကျမှ ကျွန်တော်လည်း သူ့ကို ဖြန်းခနဲ ပြောလိုက်မိတယ်။

"ငါ မင်းကို အကြွေးတစ်ယွမ် ပေးရဦးမယ်နော်"

အစ်ကိုက ကျွန်တော့်ကို နားမလည်တဲ့ အကြည့်နဲ့ ကြည့်နေတယ်။

"စာမေးပွဲကြေးလေ"လို့ ကျွန်တော်က သူ့ကို သတိပေးလိုက်တယ်။

ဒီတော့မှ သူလည်း ကျွန်တော် ဆိုလိုတာကို သဘောပေါက်သွားတယ်။ သူ့မျက်ဝန်းထဲမှာ ဝမ်းနည်းနေတဲ့ အရိပ်လက္ခဏာကို ကျွန်တော် မြင်လိုက်ရပါတယ်။

"ငါ မင်းကို ပြန်ပေးမှာပါ"လို့ ကျွန်တော်က ဆက်ပြောလိုက်တယ်။

ကားထွက်တော့ ကျွန်တော်လည်း ကားပြတင်းပေါက်က ခေါင်းပြူကာ အစ်ကို့ကို လှည့်ကြည့်တယ်။ သူက ကားဂိတ်အပြင်က သစ်ပင်အောက်မှာ မတ်တတ်ရပ်ရင်း ကျွန်တော် စီးနင်းလိုက်ပါလာတဲ့ ကားကြီး အဝေးဆီသို့ ထွက်ခွာသွားတာကို တစ်ခုခု ဆုံးရှုံးသွားလို့ ငိုင်တိုင်တိုင် ဖြစ်သွားတဲ့ အကြည့်မျိုးနဲ့ ငေးကြည့်နေခဲ့တယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


မကြာခင်မှာပဲ နန်းမင်က မြေတွေကို စီရင်စု အာဏာပိုင်တွေက သိမ်းယူပြီး ချည်မျှင်နှင့် အထည်စက်ရုံ တည်လိုက်တယ်။ ရွာက လူတွေလည်း ညတွင်းချင်း ဆိုသလို မြို့နေလူတန်းစားတွေအဖြစ် ပြောင်းလဲလာကြတော့တယ်။ ကျွန်တော်က ဟိုးအဝေးကြီး ပီကင်းမှာ ဆိုပေမဲ့ သူတို့ရဲ့ ရင်ခုန်စိတ်လှုပ်ရှား ဝမ်းသာမှုကို မြင်ယောင်ကြည့်လို့ ရနိုင်ခဲ့ပါတယ်။ ပြောင်းခါနီးမှာ တချို့လူတွေ ငိုကြီးချက်မ ဖြစ်ခဲ့ကြပေမဲ့ ကျွန်တော့်အထင်တော့ သူတို့ဟာ ဝမ်းသာလွန်ပြီး ဝမ်းနည်းစိတ် ဝင်လာကြတာလို့ပဲ ထင်ပါတယ်။ ဂိုဒေါင်စောင့်အဘိုးကြီး ဦးလောကြီးကတော့ လူတကာကို သူ့ရဲ့အမှန်တရားတွေ လိုက်ဖြန့်ဝေခဲ့တယ်။

"ဘယ်လောက်ကောင်းတဲ့ စက်ရုံပဲဖြစ်ပါစေ၊ တစ်နေ့ကျရင် ပြုတ်မှာပါပဲ၊ လယ်လုပ်တဲ့ သူတွေကတော့ ဘယ်တော့မှ ပြုတ်စရာ အကြောင်း မရှိဘူး"

သို့သော်ငြားလည်း နှစ်တွေကြာပြီးတဲ့နောက် ကျွန်တော် ဇာတိရပ်ရွာကို ပြန်လာတော့ မြို့ထဲက လမ်းကြားတစ်ခုရဲ့ထိပ်မှာ ဦးလောကြီးကို တွေ့ခဲ့ရတယ်။ ညစ်ညစ်ပတ်ပတ် စုတ်စုတ်ပြဲပြဲ ဝွမ်းကပ်အင်္ကျီ ဝတ်ထားတဲ့ အဲဒီအဘိုးကြီးက ကျေနပ်အားရတဲ့ လေသံနဲ့-

"ငါ အခု ပင်စင်စားနေပြီကွ" ဆိုပြီး ကျွန်တော့်ကို ပြောပြခဲ့တယ်။

ကျွန်တော် နန်းမင်က ထွက်လာပြီးနောက်ပိုင်း ဇာတိရပ်ရွာ ဖြစ်တဲ့ နန်းမင်ဟာ ကျွန်တော့်အဖို့ ရင်းနှီးဖွယ်ကောင်းသော ခံစားမှု မပေးစွမ်းနိုင်ပါဘူး။ ကျွန်တော်ဟာ မိမိအမြင်ကိုမိမိ တစ်လျှောက်လုံး မြဲမြဲစွဲကိုင်လာခဲ့ပါတယ်။ အတိတ်ကြောင်းကို ပြန်ပြောင်း အောက်မေ့တာတို့၊ ဇာတိရပ်ရွာကို လွမ်းဆွတ်မိတာတို့ဟာ တကယ်တော့ လက်တွေ့ဘဝမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဖြစ်ပြီးတဲ့နောက် တည်ငြိမ်အောင် တမင် လုပ်ခဲ့တာတွေပါ။ ခံစားချက်တစ်မျိုး အဖော်ပြုပြီး ထွက်ပေါ်လာတတ်ပေမဲ့ ဟန်ဆောင်တာမျှသာ ဖြစ်ပါတယ်။ တစ်ကြိမ်မှာ မိန်းမပျိုတစ်ယောက်က ကျွန်တော့်ငယ်ဘဝနဲ့ ဇာတိရပ်ရွာ အကြောင်းကို ပရိယာယ်နဲ့ စကားလာအစ်တော့ ကျွန်တော်က ဒေါသူပုန်ထမိခဲ့တယ်။

"မင်းက ဘာမို့လို့ ငါ့ကို မရှိတော့တဲ့ အဖြစ်မှန်တွေ လာပြီး လက်ခံခိုင်းနေရတာလဲ"

mgyoe.com

SAMPLE BOOK


နန်းမင်မှာ လွမ်းထိုက်တဲ့နေရာ ရှိခဲ့လို့ရှိရင်လည်း အဲဒီနေရာဟာ ရေကန်ပဲ ဖြစ်မှာပါ။ နန်းမင်ကို ဖွံ့ဖြိုးရေးအတွက် အသုံးပြုတော့မယ်လို့ ကြားတော့ ကျွန်တော့်ခေါင်းထဲ ပထမဆုံး ရောက်လာတာက ရေကန်ရဲ့ ကံကြမ္မာအတွက် စိတ်ပူမိတာပါပဲ။ ကျွန်တော့်ကို နွေးထွေးမှု ခံစားရစေတဲ့ အဲဒီနေရာကိုလည်း စူးယွီကို မြေမြုပ်သင်္ဂြိုဟ် ပစ်လိုက်ကြသလို လုပ်ပစ်လိုက်တော့မှာလားပေါ့။

ဆယ်စုနှစ်တစ်ခုကျော် ကြာပြီးတဲ့နောက် ကျွန်တော် ဇာတိရပ်ရွာကို ပြန်လာခဲ့တယ်။ တစ်ခုသော ညအချိန်မှာ နန်းမင်ကို တစ်ယောက်တည်း ရောက်လာခဲ့တာပါ။ အဲဒီအချိန်မှာ စက်ရုံဖြစ်နေပြီ ဖြစ်တဲ့ နန်းမင်ဆီကနေ ညလေပြည်ထဲက မစင်နံ့သင်းသင်း မရနိုင်တော့သလို လယ်ယာစိုက်ခင်းတွေဆီက အသာအယာ လှုပ်ခတ်သံကိုလည်း မကြားရနိုင်တော့ဘူး။ အရာအားလုံး လုံးဝပြောင်းလဲသွားပြီ ဖြစ်ပေမဲ့ ကျွန်တော်ကတော့ အရင်က အိမ်လိပ်စာနဲ့ ရေကန်ရဲ့ တည်နေရာကို အတိအကျ မှတ်မိနေပါသေးတယ်။ အဲဒီကို ရောက်သွားတဲ့အခါ ရင်ထဲက ထိတ်ခနဲ တစ်ချက် တုန်လာတယ်။ အတိတ်က ရေကန် ရှိနေဆဲဖြစ်တာကို လရောင်အားကိုးနဲ့ ကျွန်တော် မြင်လိုက်ရပါတယ်၊ ရေကန် ရုတ်တရက် ထွက်ပေါ်လာခြင်းက ကျွန်တော့်နှလုံးသားကို နောက်ထပ် ပုံစံတစ်မျိုးနဲ့ လှုပ်ရှားတိုက်ခိုက်လာခဲ့တယ်။ မှတ်ဉာဏ်ထဲက ရေကန်ဟာ ကျွန်တော့်ကို နွေးထွေးမှုအစဉ်ပေးခဲ့ပေမဲ့ ဒီတစ်ခါ မျက်စိရှေ့ အမှန်တကယ် ထွက်ပေါ်လာချိန်မှာတော့ အတိတ်က အဖြစ်မှန်တွေ တစ်ဖန်ပြန်၍ လှုပ်နှိုးလာခဲ့တယ်။ ရေပြင်ထက်မှာ ပေါလောမျောနေတဲ့ အမှိုက်သရိုက်တွေကို ကြည့်ရင်း ကျွန်တော်လည်း ရေကန်ဟာ ငါ့ကို နှစ်သိမ့်ဖို့အတွက် ဖြစ်တည်နေတာ မဟုတ်မှန်း သဘောပေါက်လာခဲ့ပါတယ်။ ပိုပြီး တိတိကျကျပြောရရင် အတိတ်ရဲ့ အမှတ်သင်္ကေတ တစ်ခု အဖြစ်ရှိနေတဲ့ အဲဒီရေကန် ကျွန်တော့်မှတ်ဉာဏ်ထဲကနေ ပျောက်ကွယ် မသွားရုံသာမက နန်းမင်ရဲ့ မြေကြီးထက်မှာ ကြံ့ကြံ့ခံကာ နေနေရစ်တဲ့ အကြောင်းရင်းကတော့ ကျွန်တော့်ကို ထာဝရ သတိပေးဖို့အတွက်ပဲ ဖြစ်တယ် ဆိုတာ ကျွန်တော် သဘောပေါက်လာခဲ့ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မဂ်လာဆောင်

ကျွန်တော် ရေကန်စပ်မှာ ထိုင်နေခဲ့တဲ့ နှစ်ကာလတွေတုန်းက ဖုန်ယွိချင်းဟာ ပျိုမျစ်ခြင်း အငွေ့အသက်တွေ ကြိုင်လှိုင်လျက် ရွာထဲ လှုပ်ရှားသွားလာနေလို့ ကျွန်တော်တောင် သူ့အပေါ် မှန်းမျှော်ချက်တွေ အဆက်မပြတ် ဖြစ်ခဲ့ဖူးသေးတယ်။ သစ်သားရေပုံး လက်ဆွဲကာ ရေတွင်းနားကို ရောက်လာတိုင်း သူက သတိကြီးစွာ ထားလာတတ်တယ်။ သူ ဒီလို သတိထားလို့လည်း ကျွန်တော့်မှာ သူ့အတွက် စိတ်ပူလာခဲ့ရပါတယ်။ ရေတွင်းနားက ရေညှိတွေ နင်းမိပြီး သူ ချော်လဲကျသွားမှာကို စိုးရိမ်မိတယ်လေ။ သူက သစ်သားရေပုံးကို ရေတွင်းထဲ ချပြီး ခါးကုန်းလိုက်တဲ့အခါ နောက်စေ့က ကျစ်ဆံမြီးကလည်း ရှေ့ကို ကျလာပြီး အဲဒီမှာ တွဲရရွဲကလေး ဖြစ်နေတတ်တယ်။ သိပ်လှတဲ့ တွဲလဲ လှုပ်ခါမှုကို ကျွန်တော် မြင်တွေ့လိုက်ရတာပဲ။

တစ်နှစ် နွေရာသီမှာ၊ တစ်နည်းအားဖြင့် ဖုန်ယွိချင်း နန်းမင်မှာ နေခဲ့တဲ့ နောက်ဆုံးနှစ်မှာပေါ့။ နေ့လယ်ခင်း ဖုန်ယွိချင်း လမ်းလျှောက်လာတာကို မြင်ရတော့ ကျွန်တော့်မှာ ခါတိုင်းနဲ့ မတူတဲ့ ခံစားချက် ရုတ်တရက် ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီတုန်းက ဖုန်ယွိချင်းကိုယ်မှာ ပွင့်ရိုက်အင်္ကျီ ဝတ်ထားတယ်။ အင်္ကျီထဲက ရင်သားတွေ လှုပ်ခါနေတာကို ကျွန်တော် မြင်လိုက်တယ်။ အဲဒီ မြင်ကွင်း

mgyoe.com

SAMPLE BOOK

ကြောင့် ကျွန်တော့်ဦးရေပြားတွေ တဖျဉ်းဖျဉ်း ထုံတက်လာတယ်။ ရက်အတန်ကြာပြီးနောက် ကျွန်တော် ကျောင်းသွားစဉ် လမ်းမှာ ဖုန်ယွိချင်းတို့ အိမ်ရှေ့က ဖြတ်သွားတော့ အဲဒီ လုံးကြီးပေါက်လှ မိန်းမပျိုက တံခါးဝမှာ မတ်တတ်ရပ်ရင်း မနက်ခင်း နေရောင်အောက်မှာ ဆံပင်ဖြီးနေတယ်။ ဘယ်ဘက်ကို အတန်ငယ် ယိမ်းနေတဲ့ သူ့လည်တိုင်ထက်က တစ်ဆင့် မနက်ခင်း နေရောင်ခြည်တွေဟာ လှပတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းတစ်လျှောက် စီးဆင်းလာတယ်။ လက်မောင်းနှစ်ဖက်စလုံး မြှောက်ထားတာကြောင့် သူ့ရဲ့ အရောင်ဖျော့ဖျော့ ချိုင်းမွေးတွေဟာ မနက်ခင်း လေပြည်ထဲမှာ ရှင်းလင်း ပြတ်သားစွာ ထင်ရှားလို့ နေတယ်။ ဒီမြင်ကွင်းနှစ်ခုက တစ်လှည့်စီ ပေါ်ပေါ်လာလို့ အဲဒီနောက်ပိုင်း ကျွန်တော် ဖုန်ယွိချင်းကို နောက်ထပ် မြင်ရတဲ့အခါ မျက်လုံးတွေ မဝံ့မရဲ ဖြစ်လာသလို ခံစားမိတော့တယ်။ ကျွန်တော့်ရင်ထဲက ဖုန်ယွိချင်းနဲ့ ပတ်သက်တဲ့ ခံစားချက်ဟာလည်း အရင်လို မရိုးသားတော့ဘူး။ သွေးသားတုံ့ပြန်မှုက ဖြစ်ပေါ်လာတဲ့ အစအဦးသော တပ်မက်စိတ်တွေက အဲဒီမှာ နေရာယူထားပြီး ဖြစ်နေပြီ။

အဲဒီနောက်ပိုင်း သိပ်မကြာမီ ညတစ်ညမှာ အစ်ကို စွန်းကွမ်းဘင်းရဲ့ လုပ်ရပ် တစ်ခုကြောင့် ကျွန်တော် အံ့အားသင့်ခဲ့ရတယ်။ ဆယ့်ငါးနှစ်သား ကျွန်တော့် အစ်ကိုဟာ ဖုန်ယွိချင်းကိုယ်က ထုတ်လွှတ်လာတဲ့ ညှို့ဓာတ်ကို ကျွန်တော့်ထက် စောပြီး တွေ့ရှိခဲ့တာမှန်း သိသာပါတယ်။ အဲဒီ လသာတဲ့ ညတစ်ညမှာ စွန်းကွမ်းဘင်းဟာ ရေတွင်းမှာ ရေချပ်ပြီးလို့ လှည့်ပြန်လာချိန်မှာ ဖုန်ယွိချင်း အလာနဲ့ တည့်တည့်တိုးတယ်။ နှစ်ယောက်သား ဘေးချင်းယှဉ်ဖြတ်သွားတဲ့ မျက်စိတစ်မှိတ် အခိုက်အတန့်မှာပဲ စွန်းကွမ်းဘင်းရဲ့ လက်က ဖုန်ယွိချင်းရဲ့ ရင်ဘတ်ဆီကို ရုတ်တရက် ဆန့်တန်းလာပြီး ချက်ချင်း ဆိုသလိုပဲ ပြန်ရုပ်လိုက်တယ်။ ပြီးတော့ စွန်းကွမ်းဘင်းက အိမ်ကို ခပ်သုတ်သုတ် ပြန်လာခဲ့တယ်။ ဖုန်ယွိချင်းကတော့ သူ့ရဲ့အပြုအမူကြောင့် အံ့အားသင့်ပြီး နေရာမှာတင် ကြက်သေသေလျက် မတ်တတ်ကြီး ကျန်နေခဲ့တယ်။ ကျွန်တော့်ကို မြင်တော့မှ ပုံမှန်အတိုင်း ပြန်ဖြစ်လာပြီး ရေတွင်းမှာ ရေသွားခပ်တယ်။ ရေခပ်နေတုန်း ရင်ဘတ်ရှေ့ကို တွဲရရွဲကျလာတဲ့ ကျစ်ဆံမြီးကို သူက နောက်သို့ မပြတ် လွှဲဖယ်နေတာ ကျွန်တော် သတိထားမိခဲ့တယ်။

mgyoe.com

mgyoe.com


စစချင်း တစ်ရက်၊ နှစ်ရက်မှာတော့ ကျွန်တော်က အိမ်ကို ဖုန်ယွိချင်း ရောက်လာလိမ့်မယ်လို့ ထင်ထားခဲ့တယ်။ အနည်းဆုံးတော့ သူ့မိဘတွေ ရောက်လာလိမ့်မယ်ပေါ့။ အဲဒီနေ့တွေတုန်းက စွန်းကွမ်းဘင်းဟာ အိမ်ရှေ့ကို လည်တဆန့်ဆန့်နဲ့ ကျီးကန်းတောင်းမှောက် ဖြစ်နေခဲ့တယ်။ အချိန်တစ်ခု ကြာပြီးတဲ့အထိ သူ စိုးရိမ်နေတဲ့ကိစ္စ ဖြစ်မလာတော့မှ သူလည်း အရင်ကလို မြောက်ကြွမြောက်ကြွ ပြန်ဖြစ်လာတယ်။ တစ်ကြိမ်မှာ စွန်းကွမ်းဘင်းနဲ့ ဖုန်ယွိချင်း တို့ မျက်နှာချင်းဆိုင် လျှောက်လာကြတာကို ကျွန်တော် မြင်လိုက်ရတယ်။ စွန်းကွမ်းဘင်းက မျက်နှာချိုသွေးတဲ့ အပြုံးရိပ် သန်းလာပေမဲ့ ဖုန်ယွိချင်းကတော့ မျက်နှာမှုန်ကုပ်ကုပ်နဲ့ ခပ်သုတ်သုတ် ဖြတ်လျှောက်သွားခဲ့တယ်။

ကျွန်တော့်ညီ စွန်းကွမ်းမင်းလည်း ဖုန်ယွိချင်းရဲ့ ညှို့ဓာတ်ကို သတိ ထားမိခဲ့တယ်။ လိင်ကိစ္စတွေ နားမလည်တတ်သေးတဲ့ အဲဒီဆယ်နှစ်သားလေး ဟာ လမ်းလျှောက်လာတဲ့ ဖုန်ယွိချင်းကို–

"နို့ကြီးမ"လို့ လှမ်းအော် ခေါ်တတ်တယ်။

အဲဒီတုန်းက ညစ်ပတ်ပေလူးနေတဲ့ ကျွန်တော့်ညီဟာ မြေကြီးပေါ်မှာ ထိုင်လျက် အုတ်ကျိုးပဲ့တစ်စကို လက်ထဲကိုင်ကာ ဆော့ကစားနေတယ်။ သူက ဖုန်ယွိချင်းကို အူတူတူ ပြုံးရယ်ပြတဲ့အချိန်မှာ နှုတ်ခမ်းထောင့်ကလည်း သွားရည်တွေ မသိမိုက်မဲစွာ စီးကျနေခဲ့တယ်။

ဖုန်ယွိချင်းက ရှက်သွေးဖြန်းပြီး ခေါင်းငုံ့ကာ အိမ်ရှိရာဘက်ကို ဆက် လျှောက်သွားတယ်။ သူ့နှုတ်ခမ်းက မသိမသာ ရွဲ့နေတာကြောင့် မပြုံးမိအောင် ကြိုးစားအောင့်အည်းနေမှန်း သိသာပါတယ်။

အဲဒီနှစ်ရဲ့ ဆောင်းကူးရာသီမှာပဲ ဖုန်ယွိချင်းရဲ့ ကံကြမ္မာမှာ အချိုး အကွေ့ကြီး ဖြစ်ပေါ်လာခဲ့တယ်။ ကျွန်တော် ကောင်းကောင်း မှတ်မိသေးတယ်။ အဲဒီနေ့ နေ့ခင်း ကျောင်းကအပြန် လမ်းမှာ သစ်သားတံတားကို ဖြတ်တော့ အဲဒီမှာ ခါတိုင်းတွေ့နေကျ ဖုန်ယွိချင်းနဲ့ လုံးဝကွဲပြားခြားနားတဲ့ ဖုန်ယွိချင်းကို ကျွန်တော် တွေ့လိုက်ရတယ်။ လူအများ ဝိုင်းအုံကြည့်နေတဲ့ကြားမှာ ဖုန်ယွိချင်း က ဝမ်ယွဲ့ကျင့်ရဲ့ ခါးကို တင်းတင်းရင်းရင်း ဖက်ထားတယ်။ အဲဒီမြင်ကွင်းက ကျွန်တော့်အပေါ် ရိုက်ချက် တော်တော်ပြင်းခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ရှိရှိသမျှ သော မှန်းမျှော်ချက်တွေကို ကိုယ်စားပြုတဲ့ အဲဒီ မိန်းမပျိုဟာ ဘေးက ဝိုင်းအုံ

mgyoe.com

ကြည့်နေသူတွေကို လမ်းပျောက်နေသူ တစ်ယောက်ရဲ့ အကြည့်မျိုးနဲ့ ကြည့်နေရှာတယ်။ သူ့မျက်ဝန်းထဲမှာ တောင်းပန်မှုတွေ၊ စိတ်ညစ်ညူးမှုတွေနဲ့ ပြည့်နေတယ်၊ ဘေးက ဝိုင်းအုံကြည့်နေသူတွေကတော့ သူ့အကြည့်ကို စာနာ ထောက်ထားဖို့ ဝေးစွ။ စပ်စုဖို့သာ အားသန်နေကြတယ်။ အဖက်ခံထားရတဲ့ ဝမ်ယွဲ့ကျင့်ကတော့ ဘေးက ဝိုင်းအုံကြည့်နေသူတွေကို ပြုံးဖြဲဖြဲနဲ့–

“ဒီကောင်မ ထန်နေပုံကို ကြည့်ကြပါဦးဗျာ”လို့ ပြောတယ်။

လူတွေရဲ့ ရယ်သံက ဖုန်ယွိချင်းအပေါ် တစ်စက်ကလေးမှ သက်ရောက်မှု မရှိခဲ့ဘူး။ သူ့မျက်နှာအမူအရာက ပိုတည်လာပြီး တဖောက်ကန်း ပိုဆန်လာတယ်။ တစ်ခဏလောက် သူ မျက်လုံး မှိတ်လိုက်တယ်။ ဖုန်ယွိချင်း မျက်လုံးမှိတ်လိုက်တဲ့ တဒင်္ဂမှာ ကျွန်တော့်ရင်ထဲ ခံစားချက်ပေါင်းစုံ ရောပြွမ်းလာခဲ့တယ်။ သူက ကိုယ်မပိုင်ဆိုင်တဲ့အရာကို တင်းတင်းရင်းရင်း ဖက်တွယ်ထားတာပဲ။ အဲဒီဥစ္စာက အနေးနဲ့အမြန် သူ့ထံက ခွဲခွာသွားမှာ ဖြစ်တယ်။ ခုချိန်မှာ ကျွန်တော် အတိတ်ကြောင်းကို ပြန်ပြောင်းအောက်မေ့တဲ့အခါ အဲဒီတုန်းက သူဟာ လူတစ်ယောက်ကို ဖက်ထားတာ မဟုတ်ဘဲ လေကို ဖက်ထားတာလိုမျိုး ထင်လာမိတယ်။ ဖုန်ယွိချင်းဟာ အဲဒီဗလာနတ္ထိကို နာမည်အပျက်ခံပြီး မရှက်မကြောက် ဖက်ထားခဲ့တာပါ။

ဝမ်ယွဲ့ကျင့်က အနုအကြမ်း နှစ်နည်းစလုံး အသုံးပြုကာ ဆဲဆိုစော်ကားလိုက်၊ ဟားတိုက်ရယ်မောလိုက် လုပ်နေခဲ့ပေမဲ့ ဖုန်ယွိချင်းကတော့ လက်မလွှတ်ဘဲ သူ့ကို တင်းတင်းရင်းရင်း ဖက်မြဲဖက်ထားတာကြောင့် သူလည်း အကူမဲ့တဲ့ အမူအရာပြကာ–

“ဒီလိုကောင်မမျိုး ကြုံမကြုံဖူးပါဘူးကွာ”လို့ ပြောရှာတယ်။

ဝမ်ယွဲ့ကျင့်က တရစပ် ဆဲဆိုစော်ကားနေပေမဲ့ ဖုန်ယွိချင်းက တစ်ချက်မှ ခွန်းတုံ့မပြန်ခဲ့ဘူး။ ဘေးက ဝိုင်းအုံကြည့်နေသူတွေဆီက စာနာမှုကို မရနိုင်မှန်းသိလိုက်ရလို့ ထင်ပါရဲ့၊ သူက စီးဆင်းနေတဲ့ တူးမြောင်းဘက်ကိုသာ မျက်နှာလွှဲထားလိုက်တယ်။

“နင်က ဘာဖြစ်ချင်တာလဲကွာ”

mgyoe.com

mgyoe.com

ဝမ်ယွဲ့ကျင့် အကျယ်ကြီး တစ်ချက် အော်လိုက်ပြီး ဖုန်ယွီချင်းရဲ့ တင်းတင်းရင်းရင်း ဖက်ထားတဲ့ လက်အစုံကို ဒေါနဲ့မောနဲ့ ဆွဲဖြုတ်တယ်။ ဒီဘက် လှည့်လာတဲ့ ဖုန်ယွီချင်းဟာ အံကြိတ်ထားတာကို ကျွန်တော် မြင်လိုက်ရတယ်။

ဝမ်ယွဲ့ကျင့်ဟာ မိမိရဲ့ ကြိုးစားမှု အရေးနိမ့်သွားပြီးနောက် အသံလည်း တိုးသွားတယ်။ သူက–

"ငါ ဘာလုပ်ပေးရမလဲ၊ ပြောပါကွာ"လို့ ပြောရှာတယ်။

အဲဒီတော့မှ ဖုန်ယွီချင်းက–

"ငါ ဆေးရုံမှာ ဆေးသွားစစ်မလို့ နင်အတူလိုက်ခဲ့ပေးပါ"လို့ ခပ်တိုးတိုး ပြောလိုက်တယ်။

ဖုန်ယွီချင်းဟာ ပစ်မှတ်ကို ရှာတွေ့ပြီးနောက် စိတ်အေးစ ပြုလာတယ် ထင်ပါရဲ့။ သူက ဒီစကားကို ပြောနေချိန်မှာ ရှက်ကြောက်တဲ့ အမူအရာ အလျှင်း မပြခဲ့ဘူး။ လေသံကလည်း ထူးဆန်းစွာ တည်ငြိမ်လို့နေတယ်။ အဲဒီအချိန်မှာ သူက ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်တယ်။ သူ့အကြည့်ကြောင့် ကျွန်တော့် တစ်ကိုယ်လုံး တုန်လှုပ်လာသလို ခံစားမိပါတယ်။

အဲဒီအချိန်မှာ ဝမ်ယွဲ့ကျင့်က ပြောတယ်။

"နင့်လက်ကို အရင်လွှတ်ဦးလေ။ မလွှတ်ဘဲနဲ့ ငါက နင်နဲ့အတူ ဘယ်လို လိုက်ခဲ့လို့ ရမှာတုံး"

ဖုန်ယွီချင်းက တစ်ချက် စဉ်းစားပြီးတော့ လက်လွှတ်လိုက်တယ်၊ ဖုန်ယွီချင်း လက်က လွတ်သွားတဲ့ ဝမ်ယွဲ့ကျင့်လည်း ချာခနဲ ထွက်ပြေးပါတော့တယ်။

"သွားချင်ရင် နင့်ဘာသာနင်သွား"လို့ ပြေးရင်းလွှားရင်း သူက လည်ပြန် လှည့်ကာ ပြောလိုက်သေးတယ်။

ထွက်ပြေးသွားတဲ့ ဝမ်ယွဲ့ကျင့်ကို ဖုန်ယွီချင်းက မျက်မှောင် အတန်ငယ် ကြုတ်ကာ ကြည့်နေခဲ့တယ်။ ပြီးတဲ့နောက်မှာ ဘေးက ဝိုင်းကြည့်နေသူတွေကို တစ်ချက် ကြည့်ပြန်တယ်။ သူ ကျွန်တော့်ကို ဒုတိယမွှ မြင်သွားတယ်။ သူက ဝမ်ယွဲ့ကျင့်နောက်ကို ပြေးမလိုက်ဘဲ မြို့က ဆေးရုံဆီကိုသာ တစ်ယောက်တည်း ထွက်သွားခဲ့တယ်။ ကျောင်းဆင်းလာတဲ့ ရွာက ကလေးတချို့ သူ့နောက်ကနေ ဆေးရုံအထိ လိုက်သွားခဲ့ကြတယ်။ ကျွန်တော်တော့ လိုက်မသွားခဲ့ဘူး။ ကျွန်တော်

mgyoe.com

က သူ အဝေးဆီသို့ ထွက်ခွာသွားတာကို သစ်သားတံတားပေါ်ကနေ ရပ်ကြည့် နေခဲ့တယ်။ ထွက်ခွာသွားချိန်မှာ ဖုန်ယွှိချင်းက ခုနက ဆွဲရင်းယမ်းရင်း ပွသွားတဲ့ ကျစ်ဆံမြီးကို ဖြေလိုက်တယ်။ နက်မှောင်ရှည်လျားတဲ့ ဆံပင်တွေကို လက်ချောင်း နဲ့ ဖြီးသပ်ပြီး လမ်းလျှောက်ရင်း တစ်ဖက်က ကျစ်ဆံမြီးကို သူ ပြန်ကျစ်နေခဲ့တာ ကျွန်တော် မြင်လိုက်ရတယ်။

ခါတိုင်းအချိန်မှာ ရှက်အားပိုတဲ့ အဲဒီမိန်းမပျိုဟာ ထိုစဉ်မှာတော့ တော်တော်လေး တည်တည်ငြိမ်ငြိမ် ရှိနေခဲ့တယ်။ ဖြူရော်နေတဲ့ မျက်နှာက တစ်ဆင့်သာ သူ့အတွင်းစိတ်ထဲက ရတက်မအေး ဖြစ်နေခြင်းတွေ အတန်ငယ် ထင်ရှားနေခဲ့တာ ဖြစ်တယ်။ ဖုန်ယွှိချင်းက ဘာကိုမှ ဂရုမစိုက်တော့ဘူး။ ဆေးရုံ မှာ စာရင်းပေးတဲ့အခါ သူက အိမ်ထောင်ပြုပြီး မိန်းမတစ်ယောက်လိုပဲ သားဖွား မီးယပ်ဌာနမှာ ပြဖို့ အေးအေးဆေးဆေး စာရင်းပေးခဲ့တယ်။ သားဖွားမီးယပ် ဆောင်ကို ရောက်လို့ ဆရာဝန်က မေးလာတဲ့အခါမှာလည်း သူက–

“ကိုယ်ဝန်ရှိ မရှိ စစ်ချင်လို့ပါ”လို့ အေးအေးဆေးဆေးပဲ ပြန်ဖြေခဲ့တယ်။

ဆရာဝန်က လူနာမှတ်တမ်းမှာ အိမ်ထောင်မရှိလို့ ရေးထားတာကို သတိပြုမိတော့–

“နင်က အိမ်ထောင်မရှိဘူးနော်”လို့ မေးတယ်။

“ဟုတ်ပါတယ်”လို့ သူက ခေါင်းညိတ်လိုက်တယ်။

သူ လက်ဖက်ရည်ကြမ်းရောင် ဖန်ပုလင်းလေးတစ်လုံး ယူပြီး မိန်းမ အိမ်သာထဲ ဝင်သွားပြီးတော့ ပြန်ထွက်လာတဲ့အခါ ရှုတည်တည် ဖြစ်နေတာကို ကျွန်တော်တို့ရွာက ယောကျ်ားလေးသုံးယောက် အစအဆုံး မြင်ခဲ့တယ်။ ဆီးစစ်တဲ့အဖြေ ထွက်လာချိန်မှာ သူက ဆောင်ကူးလမ်းက ခုံတန်းရှည်မှာ လူနာတစ်ယောက်လို ထိုင်နေရင်း ဓာတ်ခွဲခန်း ပြတင်းပေါက်ဆီကို ငေးမျှော် ကြည့်နေခဲ့တယ်။

အဲဒီနောက် မိမိမှာ ကိုယ်ဝန်မရှိမှန်း သိရတော့မှ သူ့ရဲ့ တည်ငြိမ် အောင် ထိန်းထားတဲ့ စိတ်တွေ တဖြည်းဖြည်း ပြေလျော့ကျတယ်။ သူက ဆေးရုံ အပြင်က ဓာတ်တိုင်တစ်တိုင်နားမှာ သွားမှီထားပြီးတော့ မျက်နှာအုပ်ကာ ရှိုက်ငို လာတော့တယ်။

အသက်ငယ်စဉ်က ပိုင်ကျို လို့ခေါ်တဲ့ အရက်ဖြူ နှစ်ကျင် (တစ်လီတာ ခန့်) ကို တစ်ချီတည်းနဲ့ ကုန်အောင် သောက်နိုင်ပြီး ခုချိန်အထိလည်း တစ်ကျင်

mgyoe.com

mgyoe.com

SAMPLE BOOK


ကျော်လောက် အသာကလေး သောက်နိုင်သေးတဲ့ သူ့အဖေက အဲဒီ နေဝင်ရီတရော ညနေခင်းမှာ ဝမ်အိမ်ရှေ့ကို သွားပြီး ခြေဆောင့်ကာ ဆဲရေးတိုင်းထွာတယ်။ သူ့ဆဲဆိုသံက ညနေခင်း လေပြည်နဲ့အတူ တစ်ရွာလုံး ပျံ့နှံ့သွားတယ်။ သို့သော်ငြားလည်း ရွာက ကလေးတွေရဲ့ နားထဲမှာတော့ သူ့ရဲ့ ဆဲနည်းပေါင်းစုံထက် ခံပြင်းမှု အပြည့်ပါတဲ့ ညည်းတွားသံကိုသာ သတိထားမိခဲ့ကြပါတယ်။

"ငါ့သမီးကို မင်း အိပ်ပစ်လိုက်တယ်ကွာ"

ညဥ့်နက်သန်းခေါင်ထိတိုင် အဲဒီစကားဟာ ရွာက ကလေးတွေရဲ့ ပါးစပ်ဖျားမှာ နှပ်ချေးတွဲလောင်းပမာ စွဲနေဆဲ ဖြစ်တယ်။ ကလေးတွေက သူ့ကို တွေ့တဲ့အခါ–

"ငါ့သမီးကို မင်း အိပ်ပစ်လိုက်တယ်ကွာ"လို့ ခပ်လှမ်းလှမ်းကနေ သံပြိုင်အော်လာတတ်ကြတယ်။

နန်းမင်မှာ ကျွန်တော် မျက်မြင်ကိုယ်တွေ့ရှိခဲ့တဲ့ မင်္ဂလာဆောင်တွေထဲမှာ ဝမ်ယွဲ့ကျင့်ရဲ့ မင်္ဂလာဆောင်ကိုတော့ဖြင့် ကျွန်တော် မမေ့နိုင်ပါဘူး။ တစ်ခါတုန်းက စွန်းကွမ်းဘင်း ဓားမနဲ့ လိုက်ခုတ်လို့ ချွေးပြေးဝက်ပြေး ပြေးခဲ့ရတဲ့ အဲဒီဒေါင်ကောင်းကောင်း လူငယ်မောင်ဟာ အဲဒီနေ့မနက်မှာ ကာကီပိတ်စနဲ့ ချုပ်ထားတဲ့ အသစ်ကျပ်ချွတ် ကြုန်းရှန်းဝတ်စုံ (မော်ဝတ်စုံ) ကို ဝတ်ကာ မြို့က လာတဲ့ အရာရှိကေဒါတစ်ယောက်လို မျက်နှာအသွေးအရောင် နီမြန်း လန်းဆန်းလျက် တူးမြောင်းကို ဖြတ်ကျော်ပြီး သူ့ရဲ့ သတို့သမီးကို သွားကြိုဖို့ ပြင်ဆင်နေတယ်။ အဲဒီတုန်းက သူတို့တစ်အိမ်လုံးလည်း တစ်အောင့်နေ ကျင်းပတော့မယ့် မင်္ဂလာပွဲအတွက် အပြေးအလွှား စီစဉ်နေကြတယ်။ သူတစ်ယောက်တည်းသာ အဝတ်အစားသစ် ဝတ်ထားတာကြောင့် လတ်လျားလတ်လျား ရှိနေခဲ့တယ်။ ကျွန်တော် ကျောင်းသွားဖို့ သူတို့အိမ်ရှေ့က ဖြတ်သွားချိန်မှာ သူက တစ်ရွာတည်းသား လူငယ်တစ်ယောက်ကို သူနဲ့အတူ သတို့သမီး လိုက်ကြိုဖို့ စည်းရုံးနေတယ်။

"တခြားလူ မရှိတော့ဘူး၊ လူပျိုဆိုလို့ မင်းပဲ ရှိတော့တယ်"လို့ သူက အဲဒီလူကို ပြောတယ်။ ဟိုလူကလည်း–

mgyoe.com

mgyoe.com
SAMPLE BOOK


"ငါက ငယ်ဖြူ မဟုတ်တော့ဘူးနော်"လို့ ပြန်ပြောတယ်။

သူ့ စည်းရုံးပုံက လုပ်ထုံးလုပ်နည်းအရ လုပ်ရတဲ့ပုံစံမျိုး တော်ရီလျော်ရီ သဘောပါပဲ။ အစည်းရုံးခံရသူကလည်း လိုက်မကြိုချင်လို့ မဟုတ်ဘဲ ဟန်ဆောင်ပန်ဆောင် သဘောမျိုး မူနေရုံသက်သက်မျှသာ ဖြစ်ပါတယ်။

အဲဒီ မင်္ဂလာဆောင်မှာ ဝက်နှစ်ကောင် ပေါ်ပြီး မြက်စား ငါးကြင်း အကောင်သုံးလေးဆယ်လောက် ကိုင်ခဲ့ကြတယ်။ ဒါတွေ အားလုံးကို ရွာက နေလှန်းတလင်းမှာ လုပ်ဆောင်ခဲ့ကြတာ ဖြစ်တယ်။ ဝက်သွေးတွေ၊ ငါးအကြေးခွံတွေ နေလှန်းတလင်းအပြည့် တစ်မနက်ခင်းလောက် နေရာယူသွားတယ်။ ကျွန်တော် ကျောင်းဆင်းလို့ ပြန်လာတဲ့ အချိန်ကျမှ နေလှန်းတလင်းကို ရှင်းလင်းလိုက်ပြီး စားပွဲ ဝိုင်းနှစ်ဆယ် ခင်းလိုက်ကြတယ်။ အဲဒီတုန်းက စွန်းကွမ်းမင်းဟာ မျက်နှာတစ်ခုလုံး ငါးအကြေးခွံတွေ ကပ်နေပြီး တစ်ကိုယ်လုံးလည်း ညှီစော်နံလျက် စွန်းကွမ်းဘင်းနားကို လျှောက်သွားပြီး–

"ငါ့မှာ မျက်လုံး ဘယ်နှလုံးရှိသလဲ ရေကြည့်"လို့ ပြောတယ်။

စွန်းကွမ်းဘင်းက ဖအေတစ်ယောက်လို လေသံနဲ့ သူ့ကို–

"သွားဆေးလိုက်စမ်း"လို့ ငေါက်ငမ်း ဆုံးမလိုက်တယ်။

စွန်းကွမ်းဘင်းက စွန်းကွမ်းမင်းကို အင်္ကျီကုပ်ပိုးကနေ ဖမ်းဆုပ်ပြီး ရေကန်နား ဆွဲခေါ်သွားတယ်။ တဒင်္ဂအတွင်း စွန်းကွမ်းမင်းလေးရဲ့ ဂုဏ်သိက္ခာ ထိပါးခံလိုက်ရလို့ သူက အသံကုန်ညစ်ကာ စူးစူးဝါးဝါး ထဆဲတော့တယ်။

"စွန်းကွမ်းဘင်း၊ နင့်မေငါရိုး"

သတို့သမီး သွားကြိုတဲ့ အဖွဲ့က မနက်ကတည်းက ထွက်လာခဲ့တာ။ တိကျသော ခရီးပန်းတိုင်ရှိပေမဲ့ လျော့တိလျော့ရဲနိုင်လှတဲ့ အဲဒီအဖွဲ့ဟာ နောင်မှာ စွန်းကွမ်းမင်းရဲ့ ဇီဝိန်ကို ခြွေယူသွားမယ့် တူးမြောင်းကို ကပေါက်ချိကပေါက်ချာ တီးခတ်လာတဲ့ ဗုံမောင်းသံနဲ့အတူ ဖြတ်ကျော်ပြီး ဝမ်ယွဲ့ကျင့်ရဲ့ အိပ်ရာဖော်ဆီ ချီတက်လာခဲ့ကြတယ်။

အိမ်နီးချင်း ကျေးရွာက သတို့သမီးဟာ လုံးလုံးကစ်ကစ် မိန်းမငယ် တစ်ယောက် ဖြစ်ပြီး ရွာထဲကို ရှက်စနိုးနဲ့ ဝင်လာတယ်။ ဒီမတိုင်ခင်ကတည်းက

mgyoe.com

mgyoe.com

SAMPLE BOOK


သူ ဒီရွာကို ညဥ့်မှောင်မှောင်ထဲ အကြိမ်ကြိမ် လာခဲ့ဖူးတာ ဒီရွာက လူတွေ မသိဘူးလို့ သူက ထင်နေတယ် တူပါရဲ့။ ဒါကြောင့်မို့လည်း လိပ်ပြာလုံလုံနဲ့ ရှက်ချင်ယောင် ဆောင်နေနိုင်တာပေါ့။

အဲဒီမင်္ဂလာဆောင်မှာ စွန်းကွမ်းမင်းက တောင်ကြီးပဲ အလုံး တစ်ရာ့ငါးဆယ်လောက် စားခဲ့လို့ အဲဒီည တစ်ညလုံး အိပ်ပျော်တဲ့ အထိတောင် အီးတွေ တဗူးဗူး ပေါက်နေခဲ့တယ်။ နောက်တစ်နေ့ မနက် စွန်းကွမ်းဘင်းက သူ့ကို ဒီအကြောင်း ပြောပြတော့ သူက တဟဲဟဲ ပြုံးရယ်နေခဲ့တယ်။ သူက သီးစုံသကြားလုံး ငါးလုံး စားခဲ့တာပဲ မှတ်မိတယ်၊ တောင်ကြီးပဲ ဘယ်လောက် စားခဲ့တယ် ဆိုတာကိုတော့ မှတ်မထားမိဘူး။ စွန်းကွမ်းမင်းဟာ သေခါနီး ရှေ့တစ်ရက်တုန်းကတောင် တံခါးခုံမှာ ထိုင်ကာ စွန်းကွမ်းဘင်းကို မေးနေသေးတယ်။ ရွာထဲမှာ ဘယ်သူ့မင်္ဂလာဆောင် ရှိသလဲ၊ ဒီတစ်ခါကျရင် သူ သီးစုံသကြားလုံး ဆယ်လုံး စားမယ် ဆိုပြီး ကြုံးဝါးနေသေးတယ်။ ပြောရင်းနဲ့ နှပ်ချေးတွေတောင် ပါးစပ်ထဲ စီးဝင်သွားခဲ့သေးတယ်။

ငယ်ငယ်လေးနဲ့ အသေစောခဲ့ရှာတဲ့ ကျွန်တော့်ညီလေးရဲ့ အဲဒီနေ့က သီးစုံသကြားလုံးတို့၊ တောင်ကြီးပဲတို့ လုခဲ့စဉ် ရဲဝံ့တဲ့ အမူအရာကို ကျွန်တော် မကြာခဏ ပြန်သတိရမိတယ်။ ဝမ်ယွဲ့ကျင့်ရဲ့ မရီးက နီးတောင်းတစ်လုံးနဲ့ ထွက်လာချိန်မှာ စွန်းကွမ်းမင်းက အရင်ဦးဆုံး ပြေးတက်သွားသူ မဟုတ်ဘူး။ သူက အရင်ဦးဆုံး မြေကြီးပေါ် ဟပ်ထိုးလဲခဲ့သူ ဖြစ်တယ်။ အဲဒီ တောင်းတစ်တောင်း အပြည့် တောင်ကြီးပဲတွေထဲမှာ သီးစုံသကြားလုံး အလုံးသုံးလေးဆယ်လောက်ပဲ ပါတယ်။ ဝမ်အိမ်က မရီးက တောင်းထဲက အစာတွေကို ဝိုင်းအုံလာတဲ့ ကလေးတွေဆီ ကြက်စာကျွေးသလို ကြဲပေးလိုက်တယ်။ ကျွန်တော့်အစ်ကို စွန်းကွမ်းဘင်း ခုန်အုပ်ကုန်းကောက်ချိန်မှာ သူ့မျက်နှာကို အခြား ကလေးတစ်ယောက်က ဒူးခေါင်းနဲ့ မတော်တဆ တိုက်မိခဲ့တယ်။ ဒေါသကြီးတဲ့ အစ်ကိုလည်း အဲဒီတုန်းက ဟိုကလေးကိုသာ မဲနေမိလို့ ဘာမှ ကောက်မရခဲ့ဘူး။ စွန်းကွမ်းမင်းကတော့ မတူပြန်ဘူး။ သူ သီးစုံသကြားလုံးတွေ၊ တောင်ကြီးပဲတွေကို သွားလုတုန်းကလည်း အမျိုးမျိုး ထိုးနှက်ခံခဲ့ရတာပါပဲ။ ပြီးတဲ့နောက်မှာ သူလည်း ပါးစပ်တစ်ခုလုံး

mgyoe.com

m gyoe . com SAMPLE BOOK


ရွှံ့တွေပေကျံလျက် နေရာမှာတင် ငုတ်တုတ်ထိုင်ကာ ခေါင်းနဲ့ နားရွက်တွေကို သွားတဖြဲဖြဲ ပွတ်နေရှာတယ်။ ခြေထောက်မှာလည်း ဒဏ်ရာဒဏ်ချက်တွေ ဖြစ်နေတဲ့အကြောင်း စွန်းကွမ်းဘင်းကိုလည်း ပြောပြရှာတယ်။

စွန်းကွမ်းမင်းက သီးစုံသကြားလုံး ခုနစ်လုံးရယ်၊ တောင်ကြီးပဲ တစ်ပွေ့ တစ်ပိုက်ကြီးရယ် ရလာခဲ့တယ်။ သူက မြေကြီးပေါ် ငုတ်တုတ်ထိုင်ကာ အဲဒီဟာတွေ တစ်လုံးချင်းစီပေါ်က ကျောက်ခဲသလဲတွေကို ဖယ်ရှားလိုက်တယ်။ သူ့ညီဆီက လုယူဖို့ ကျားချောင်း ချောင်းနေကြတဲ့ ကလေးတွေကို စွန်းကွမ်းဘင်းက ဘေးမှာ ရပ်လျက် စိုက်ကြည့်နေတာကြောင့် သူတို့ထဲက ဘယ်သူကမှ စွန်းကွမ်းမင်း လက်ထဲက စားစရာတွေကို လာမလုရဲကြတော့ဘူး။

အဲဒီနောက်မှာ စွန်းကွမ်းမင်းက စွန်းကွမ်းဘင်းကို တောင်ကြီးပဲ လက်တစ်ဆုပ်ရယ်၊ သီးစုံသကြားလုံး တစ်လုံးရယ် ခွဲပေးလိုက်တယ်။ စွန်းကွမ်းဘင်း က လက်ခံယူပြီးတော့ မကျေနပ်တဲ့ လေသံနဲ့-

"ဒါလေးပဲလား"လို့ မေးလိုက်တယ်။

စွန်းကွမ်းမင်းက တိုးကြိတ်လို့ နီရဲနေတဲ့ နားရွက်ကို ပွတ်ရင်း စွန်းကွမ်း ဘင်းကို ကြည့်နေပြီးမှ အတန်ငယ် စိတ်မကောင်းဟန်နဲ့ အစ်ကိုဖြစ်သူကို သီးစုံသကြားလုံး နောက်တစ်လုံးနဲ့ တောင်ကြီးပဲ တစ်ဆိတ်စာလောက် ထပ်ပေး လိုက်တယ်။ အစ်ကိုက ထွက်သွားဖို့ အစီအစဉ် မရှိဘဲ ဖြစ်နေသေးတဲ့အခါ သူလည်း အသံစူးစူးကြီးနဲ့ အော်ဟစ် ခြိမ်းခြောက်တော့တယ်။

"နင် ထပ်တောင်းရင် ငါ အော်ငိုလိုက်မှာနော်"

သတို့သမီးက နေ့လယ်ခင်းမှာ ရွာထဲ ဝင်လာခဲ့တာ။ အဲဒီ မျက်နှာ ဝိုင်းဝိုင်း၊ ဖင်လုံးလုံးနဲ့ မိန်းမငယ်ဟာ ခေါင်းငုံ့ထားတယ် ဆိုပေမဲ့ အိမ်ထောင်ပြု ရလို့ သူ့ရဲ့ကျေနပ်နေမှုဟာ သူ့ရဲ့အပြုံးနည်းတူ ထင်ရှားပေါ်လွင်လို့ နေတယ်။ အလားတူ မျက်နှာအမူအရာမျိုး ရှိနေတဲ့ သတို့သားဟာလည်း လွန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းက ဖုန်ယွီချင်း သူ့ကို တင်းတင်းရင်းရင်း ဖက်ခဲ့တာကို မေ့သွားပြီ ဆိုတာ သိသာလှပါတယ်။ သူက မြောက်ကြွမြောက်ကြွ လျှောက်လာ စဉ်မှာ ကျွန်တော်တို့ကို ညာဘက်လက်နဲ့ ကိုးရိုးကားရား ဝှေ့ယမ်းပြခဲ့တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ရင်ထဲမှာ အေးချမ်းခြင်း ဆိုတဲ့ ဝမ်းမြောက်မှု ခံစားချက် တွေ ပြည့်လျှံတက်လာခဲ့တယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော့်နှလုံးသားထဲက

mgyoe.com

mgjoe.com  SAMPLE BOOK 

လှပသော ဖုန်ယွှိချင်းဟာ ဝမ်ယွဲ့ကျင့်ရဲ့ ညစ်ညမ်း စွန်းထင်းမှုဘေးကနေ လွတ်မြောက်သွားပြီမို့လို့ပါပဲ။ သို့သော်ငြားလည်း ဖုန်ယွှိချင်းတို့ အိမ်ထဲကို ကျွန်တော် လှမ်းကြည့်လိုက်တဲ့အခါ ပြန်ပြောပြရခက်တဲ့ ဝမ်းနည်းမှုတစ်မျိုး အလိုအလျောက် ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်တော့်ရင်ထဲက မှန်းမျှော်ရသူဟာ ဒီဘက်ကို စူးစိုက်ကြည့်နေတာ ကျွန်တော် မြင်လိုက်ရတာကိုး။ ဖုန်ယွှိချင်းဟာ အိမ်ရှေ့မှာ ရပ်ကာ သူနဲ့ သက်ဆိုင်ခြင်း မရှိတဲ့ မင်္ဂလာအခမ်းအနား ကျင်းပနေတာကို ဖြေမဆည်နိုင်စွာ လှမ်းမျှော်ကြည့်နေတယ်။ အဲဒီမှာ ရှိနေတဲ့ လူတွေ အားလုံးထဲမှာ ဖုန်ယွှိချင်း တစ်ယောက်သာလျှင် အကြည်ခံရခြင်းရဲ့ အရသာကို ကောင်းကောင်းခံစား သိရှိနိုင်မှာ ဖြစ်ပါတယ်။

အဲဒီနောက် ရွာက နေလှန်းတလင်းထဲမှာ သူတို့တစ်တွေ ထိုင်ကာ သောက်စား ပျော်ပါးကြတယ်။ ကျွန်တော့်အဖေ စွန်းကွမ်ဆိုင်ဟာ ညတုန်းက အိပ်ရင်း အုံးလွဲသွားလို့ အဲဒီအခိုက်မှာ သူဟာ တောပုန်းကြီး တစ်ယောက်လို ပခုံးတစ်ဖက် ဖော်ကာ အဲဒီမှာ ထိုင်နေတယ်။ သူ့နောက်မှာ ရပ်နေတဲ့ အမေက မင်္ဂလာဆောင်က တိုက်တဲ့ ပိုင်ကျို လို့ခေါ်တဲ့ အရက်ဖြူ တစ်ငုံမော့ပြီး အဖေ့ ပခုံးပေါ်ကို အရက်တွေ မှုတ်ထုတ်လိုက်တယ်။ အမေက အရက်လူးပြီး ဖိနှိပ် ဆုပ်နယ်ပေးလို့ အဖေလည်း ရှေ့တိုးနောက်ငင် ဖြစ်ကာ အိုက်ယို အိုက်ယိုနဲ့ ညည်းနေပုံက ချစ်စရာတစ်မျိုး ကောင်းနေတယ်။ ဒါပေမဲ့ ဒီလို ဖြစ်နေတာကြောင့် နဲ့တော့ သူ အားပါးတရ အရက်သောက်တာကို မထိခိုက်ခဲ့ပါဘူး။ အဖေက အသားတုံးကြီးတစ်တုံးကို တူနဲ့ညှပ်ပြီး ပါးစပ်ထဲ ထည့်လိုက်တဲ့အခါ ဘေးမှာ ရပ်ကြည့်နေကြတဲ့ စွန်းကွမ်းဘင်းနဲ့ စွန်းကွမ်းမင်းတို့ နှစ်ယောက်စလုံး သွားရည် တများများ ဖြစ်လာကြတယ်။ စွန်းကွမ်ဆိုင်က နောက်တလှည့်လှည့် လုပ်ကာ သားတွေကို–

"သွားစမ်း သွားစမ်း"လို့ မောင်းထုတ်တယ်။

သူတို့က နေ့ခင်းကနေ ညမိုးချုပ်တဲ့အထိ စားကြတယ်။ မင်္ဂလာဆောင် ရဲ့ အထွတ်အထိပ်က ညနေကျမှ ရောက်လာတာ။ အဲဒီအချိန်မှာ ဖုန်ယွှိချင်းက ကောက်ရိုးကြိုးတစ်ချောင်းနဲ့ ထွက်ပေါ်လာတယ်။ ဝမ်ယွဲ့ကျင့်ဟာ တစ်ရွာတည်း သား လူငယ်တစ်ယောက်နဲ့ ခွက်ချင်းထိနေလို့ ဖုန်ယွှိချင်း ရောက်လာတာကို မမြင်မိလိုက်ဘူး။ သူ့ပခုံးကို လာပုတ်တော့မှ နောက်မှာ ဖုန်ယွှိချင်း ရောက်နေ

mgjoe.com

mgoe.com SAMPLE BOOK


တာကို တွေ့လိုက်ရတယ်။ စိတ်အလိုဆန္ဒပြည့်ဝလို့ ကျေနပ်နေတဲ့ အဲဒီလူငယ်ဟာ ချက်ချင်း ဆိုသလို မျက်နှာသွေးဆုတ်သွားတယ်။ အဲဒီအခိုက်မှာ ဆူညံပွက်လောရိုက်နေတဲ့ နေလှန်းတလင်းက အသံတွေ တဖွဲဖွဲ တိတ်သွားကုန်တဲ့ မြင်ကွင်းကို ကျွန်တော် မှတ်မိနေသေးတယ်။ ဒါကြောင့်မို့လို့လည်း အဝေးကနေ လှမ်းကြည့်နေတဲ့ ကျွန်တော်က အဲဒီတုန်းက ဖုန်ယွိချင်း ပြောလိုက်တဲ့ စကားသံကို ရှင်းလင်း ပြတ်သားစွာ ကြားခဲ့ရတာပေါ့။

"ထစမ်း"

စွန်းကွမ်းဘင်း ဓားမနဲ့ လိုက်ခုတ်တာ ခံရတုန်း ကလို ပျာယာခတ်မှုမျိုး ဝမ်ယွဲ့ကျင့်ကိုယ်မှာ တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာတယ်။ အဲဒီ ဒေါင်ကောင်းကောင်း လူငယ်မောင်ဟာ အဘိုးအို တစ်ယောက်လို တုန်ချည့်တုန်ချည့် မတ်တတ်ထလာတယ်။ ဖုန်ယွိချင်းက သူထိုင်တဲ့ ခွေးခြေကို နေလှန်းတလင်းဘေးက သစ်ပင်တစ်ပင်အောက်ဆီ ယူသွားတယ်။ အားလုံး မျက်စိရှေ့မှာပဲ ဖုန်ယွိချင်းက ခွေးခြေပေါ် မတ်တတ် တက်ရပ်လိုက်တယ်။ ဆောင်းကူးရာသီရဲ့ ကောင်းကင်အောက်မှာ မားမားမတ်မတ် ဖြစ်ကာ အတန်ငယ် ရင်ကော့ထားတဲ့ သူ့ခန္ဓာကိုယ်ရဲ့ ရင်ခုန်ဖွယ်ရာ အလှတရားကို ကျွန်တော် မြင်လိုက်ရတယ်။ သူက ကောက်ရိုးကြိုးကို သစ်ကိုင်းပေါ်မှာ ချည်လိုက်တယ်။

အဲဒီအချိန်မှာပဲ ဦးလောကြီး က ထအော်တယ်။

"လုပ်ကြပါဦး၊ သူ့ကိုယ်သူ သတ်သေတော့မယ်ဟ"

ခွေးခြေပေါ်မှာ မတ်တတ်ရပ်နေတဲ့ ဖုန်ယွိချင်းက သူ့ကို ထူးဆန်းစွာ တစ်ချက် ကြည့်လိုက်သယောင် ရှိတယ်။ ပြီးတဲ့နောက်မှာ ကြိုးကွင်းကို ခေါင်းတစ်လုံးစာ စွပ်လို့ရမယ့် အရွယ်ဖြစ်အောင် ပြင်လိုက်တယ်။ ဆက်ပြီးတော့ သူက ခွေးခြေကနေ ခုန်ဆင်းလာတယ်။ သူက မိန်းကလေးပီပီ သွက်လက် ဖျတ်လတ်စွာ ခုန်ဆင်းလာပြီးတော့ ဣန္ဒြေရရ ထွက်ခွာသွားတယ်။

အပ်ကျသံတောင် ကြားရလောက်အောင် တိတ်ဆိတ်သွားခဲ့တဲ့ နေလှန်းတလင်းလည်း ဖုန်ယွိချင်း ထွက်ခွာသွားပြီးနောက်မှာ တစ်ဖန်ပြန်၍ ဆူညံပွက်လော ရိုက်လာတယ်။ မျက်နှာသွေးဆုတ်နေတဲ့ ဝမ်ယွဲ့ကျင့်လည်း ဒီတော့မှ ကတုန်ကယင်နဲ့ အော်ဟစ် ကျိန်ဆဲတယ်။ သူက မိမိရဲ့ဒေါသကို ထုတ်ဖော်ပြသရာမှာ ရှိသင့်ရှိအပ်တဲ့ မာန်ပါမှုမျိုး ချို့တဲ့နေခဲ့တယ်။ ကျွန်တော်က သူ့

mgoe.com

mgyoe.com
SAMPLE BOOK


ဟိုကြိုးကွင်းကို သွားဆွဲဖြုတ်မယ်လို့ ထင်ထားခဲ့တာ။ ဒါပေမဲ့ နောက်ဆုံးမှာ သူက သူများ ယူလာပေးတဲ့ ခွေးခြေမှာပဲ ထိုင်ချလိုက်ပြီး ပွဲပြီးတဲ့အထိ ပြန်ထမလာတော့ဘူး။ အားလုံး ရိပ်မိသွားပြီ ဖြစ်တဲ့ သတို့သမီးဟာ အဲဒီတုန်းကတော့ အတော်ကလေး တည်တည်ငြိမ်ငြိမ် ရှိခဲ့ပါတယ်။ သတို့သမီးဟာ နေရာမှာပဲ မျက်နှာသေကြီးနဲ့ ငုတ်တုတ်ထိုင်နေခဲ့တယ်။ သူ့ရဲ့ တစ်ခုတည်းသော အပြုအမူက အရက်ဖြူ ပန်းကန်တစ်လုံးစာကို တစ်ကျိုက်တည်းနဲ့ ကုန်စင်အောင် မော့ပစ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့သတို့သားကတော့ ဟိုကြိုးကွင်းရယ် သတို့သမီးရဲ့ မျက်နှာရိပ်မျက်နှာကဲရယ်ကိုပဲ မကြာမကြာ ခိုးကြည့်နေခဲ့တယ်။ ကြိုးကွင်းကို သူ့အစ်ကို သွားဖြုတ်လိုက်တဲ့အထိတောင် သူက အဲဒီကိုပဲ မကြာမကြာ လှမ်းကြည့်နေခဲ့သေးတယ်။ အဲဒီလို အခြေအနေက အချိန်အတန်ကြာတဲ့အထိ ဆက်ရှိနေခဲ့တယ်။ ကောက်ရိုးကြိုးဟာ ရွာမှာ ရုပ်ရှင်လာပြသလို အဲဒီမင်္ဂလာဆောင်ကို စည်ကားသိုက်မြိုက်စွာ ရောက်ရှိလာပြီး မင်္ဂလာအခမ်းအနား မပြီးဆုံးခင်မှာပဲ ပွဲသိမ်းသွားစေခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ သတို့သမီး အရက်မူးလာပြီ။ သူက ကြက်သီးမွေးညင်းထဖွယ် အော်ငိုကာ ဒယိမ်းဒယိုင် မတ်တတ်ထလာပြီး–

"ငါ ကြိုးဆွဲချမယ်"လို့ ကြွေးကြော်လိုက်တယ်။

မရှိတော့တဲ့ ကြိုးကွင်းဆီကို သူ သိုင်းကွက်နင်းကာ ရောက်သွားချိန်မှာ ဝမ်ယွဲ့ကျင့်ရဲ့ မရီးက သူ့ကို တင်းတင်းရင်းရင်း ပွေ့ဖက်ထားလိုက်တယ်။ အဲဒီကလေးနှစ်ယောက် အမေက–

"သူ့ကို အိမ်ထဲ တွဲခေါ်သွားလိုက်"လို့ ဝမ်ယွဲ့ကျင့်ကို အကျယ်ကြီး အော်ပြောလိုက်တယ်။

သတို့သမီးဟာ လူသုံးလေးယောက် ဝိုင်းတွဲကာ အိမ်ထဲ ခေါ်သွားခံရတဲ့တိုင် အကျယ်ကြီး အော်နေသေးတယ်။

"ငါ ကြိုးဆွဲချမယ်"

အတန်ကြာတော့မှ ဝမ်ယွဲ့ကျင့်တို့တစ်တွေ အိမ်ထဲက ပြန်ထွက်လာတယ်။ ဒါပေမဲ့ သူတို့ ပြန်ထွက်လာခါရှိသေး၊ သတို့သမီးက နောက်က လိုက်ထွက်လာပြန်တယ်။ ဒီတစ်ခါမှာတော့ သူက မီးဖိုချောင်သုံး ဓားမကို လည်ပင်း

mgyoe.com

ပေါ်မှာ တွေ့လာခဲ့တယ်။ လူတွေက သူ ငိုနေတာလား၊ ရယ်နေတာလား မသဲကွဲတော့ဘဲ–

"နင်တို့ကြည့်ကြနော်"လို့ အော်လိုက်တဲ့ အသံကိုသာ ကြားခဲ့ကြရတယ်။

အဲဒီအချိန်မှာ ဖုန်ယွိချင်းက အိမ်ရှေ့ ခွေးကတက်မှာ ထိုင်ကာ ခပ်လှမ်းလှမ်းကနေ ဒီဘက်က အဖြစ်အပျက် အားလုံးကို ကြည့်နေခဲ့တယ်။ အဲဒီတုန်းက မျက်နှာအတန်ငယ် ဘေးစောင်းလျက် ညာဘက်လက်နဲ့ မေးထောက်ကာ နက်နက်နဲနဲ စဉ်းစားနေဟန်ရှိတဲ့ သူ့အမူအရာကို ကျွန်တော် မေ့မရနိုင်ခဲ့ဘူး။ လေတိုက်လို့ ဆံနွယ်တွေက သူ့မျက်လုံးရှေ့မှာ ဟိုဒီလွင့်ပျံနေခဲ့တယ်။ အဝေးဆီက ရှုပ်ယှက်ခတ်နေတဲ့ အဖြစ်အပျက်တွေကို သူက အာရုံစိုက်မနေဘဲ ကြေးမုံပြင်ထက်က မိမိကိုယ်ကိုသာ ကြည့်နေသယောင် ရှိနေခဲ့တယ်။ အဲဒီအခိုက်မှာပဲ ဖုန်ယွိချင်းဟာ ကျင်းပနေဆဲ ဖြစ်တဲ့ မင်္ဂလာပွဲကို စိတ်မဝင်စားတော့ဘဲ မိမိကံကြမ္မာကို မိမိ စတင် သံသယ ဖြစ်လာခဲ့တယ်။

ရက်အတန်ကြာပြီးနောက် အရပ်တကာ ဈေးလှည့်ရောင်းတဲ့ အထမ်းသည် တစ်ယောက် ရွာကို ရောက်လာတယ်။ အဲဒီ မီးခိုးရောင် အဝတ်အစားနဲ့ အသက်လေးဆယ် အရွယ်လောက်ရှိမယ့် ယောကျာ်းဟာ သူ့အထမ်းကို ဖုန်ယွိချင်းတို့ အိမ်ရှေ့မှာ ချထားလိုက်တယ်။ သူက ဖုန်ယွိချင်းတို့ အိမ်ရှေ့မှာ ရပ်ကာ တစ်နယ်သားမှန်း ထင်ရှားတဲ့ လေယူလေသိမ်းနဲ့ သောက်ရေတစ်ခွက် တောင်းတယ်။

ရွာက ကလေးတွေ သူ့အနားမှာ ဝိုင်းလာကြပြီး တစ်အောင့်နေတော့ လူစုကွဲသွားကြတယ်။ မြို့နဲ့ သိပ်နီးတဲ့ ဒီအရပ်ကို အထမ်းသည်က ခရီးလမ်းကြုံလို့ ရောက်လာတာမှန်း သိသာပါတယ်။ ဒါပေမဲ့ သူက ဖုန်ယွိချင်းတို့ အိမ်ရှေ့မှာ မိုးချုပ်တဲ့အထိ ထိုင်နေခဲ့တယ်။

အဲဒီနားကို ကျွန်တော် တစ်ကြိမ်ထက်မနည်း ဖြတ်သွားသေးတယ်။ အထမ်းသည်ဆီက တောင်မြောက်တစ်ခွင် ပြပြစင်အောင် လှည့်လည်ပြီး ရှာဖွေလုပ်ကိုင်စားရတာ ခက်ခဲပင်ပန်းလှကြောင်း အသံပြာနဲ့ နွမ်းလျစွာ ညည်းညူသံကိုပဲ ကြားခဲ့ရတယ်။ အထမ်းသည်ရဲ့ အပြုံးက မချိုပြုံး။ သူ ပြောပြနေတာကို စိတ်ဝင်တစား နားထောင်နေတဲ့ ဖုန်ယွိချင်းရဲ့ အကြည့်ကတော့ ခန့်မှန်းရခက်ခဲလှတယ်။ ဖုန်ယွိချင်းက တံခါးခုံမှာ ထိုင်လျက် မေးထောက်ထားတဲ့

mgyobe.com

mgyoe.com

အမူအရာနဲ့ပဲ။ အထမ်းသည်ကတော့ ဖုန်ယွှိချင်းကို ရုံဖန်ရုံခါ လည်ပြန် လှည့် လှည့်ကြည့်တတ်ပါတယ်။

အထမ်းသည်ဟာ လရောင်ဝင်းပတဲ့ ညကာလမှာ နန်းမင်ကနေ ထွက်ခွာသွားတာ ဖြစ်တယ်။ သူ ထွက်သွားပြီးနောက် ဖုန်ယွှိချင်းလည်း နန်းမင်ကနေ ပျောက်ခြင်းမလှ ပျောက်သွားပါတော့တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## သေဆုံးခြင်း

အစ်ကိုကြီးဆီက မာန်ထောင်တဲ့ အမူအရာတွေ သင်ယူတတ်မြောက်လာခဲ့တဲ့ ညီလေး စွန်းကွမ်းမင်းဟာ အဲဒီနွေရာသီ နေ့လယ်ခင်းတုန်းက ကမ်းနားမှာ ခရုသွားနှိုက်ပါတယ်။ အဲဒီတုန်းက ပြကွင်းပြကွက်ကို ကျွန်တော် တစ်ဖန်ပြန်၍ မြင်လာပါတယ်။ စွန်းကွမ်းမင်းဟာ ဘောင်းဘီတိုလေး တစ်ထည် ဝတ်လျက် အိမ်ထောင့်က သူ့ရဲ့မြက်ထည့်ခြင်းတောင်းကို ယူပြီး ထွက်သွားတယ်။ အိမ်ပြင်ရောက်တော့ နေရောင်ကျလို့ သူ့ရဲ့ ညိုတိုတို ကျောဗလာဟာ အဆီတဝင်းဝင်း ဖြစ်နေခဲ့တယ်။

ခုချိန်မှာ မှုန်ဝါးဝါး အာရုံမှားတွေ မကြာခဏ ထွက်ပေါ်လာတတ်လို့ ကျွန်တော်လည်း အချိန်ရဲ့ စီးဆင်းမှုကို မြင်လာသယောင် ရှိလာခဲ့တယ်။ အချိန်ဟာ အလင်းဖောက်တဲ့ မှောင်မှိုင်းမှိုင်းအနေနဲ့ ဖော်ပြလာတာကြောင့် အရာအားလုံးဟာ အဲဒီ လျှို့ဝှက်သော မှောင်မှိုင်းမှိုင်းထဲမှာ ထုပ်ပိုးခံထားရတယ်။ ကျွန်တော်တို့ဟာ ဒီမြေကြီးထက်မှာ အသက်ရှင်နေကြတာ မဟုတ်ဘူး။ တကယ်တော့ ကျွန်တော်တို့ဟာ အချိန်ကာလထဲမှာ အသက်ရှင်နေကြတာ ဖြစ်တယ်။ လယ်တောတို့၊ လမ်းမတို့၊ မြစ်ချောင်းတို့၊ အိမ်တို့ ဆိုတာ အချိန်ကာလထဲက ကျွန်တော်တို့ရဲ့ အဖော်တွေသာ ဖြစ်တယ်။ အချိန်ကာလက ကျွန်တော်တို့ကို

mgyoe.com

mgyoe.com SAMPLE BOOK

ရှေ့သို့ သော်လည်းကောင်း၊ နောက်သို့ သော်လည်းကောင်း တွန်းပို့မှာ ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ပုံပန်းသဏ္ဌာန်ကိုလည်း ပြောင်းလဲလျက် ရှိပါတယ်။

ကျွန်တော့်ညီဟာ သူ သေဆုံးတဲ့ နွေနေ့လယ်ခင်း အိမ်က ထွက်သွားစဉ်တုန်းက ဘာမှ ထူးထူးခြားခြား မရှိခဲ့ဘူးလို့ ဆိုရပါမယ်။ သူက ဒီလိုပဲ အကြိမ်ပေါင်းများစွာ ထွက်ခွာ သွားဖူးတာကိုး။ အဲဒီတစ်ကြိမ် စွန်းကွမ်းမင်း ထွက်သွားပြီးနောက် ဖြစ်ပေါ်လာတဲ့ ဇာတ်သိမ်းကြောင့် ကျွန်တော့်ရဲ့ မှတ်ဉာဏ်ဟာလည်း မူလ ပြကွင်း ပြကွက်ကို ပြောင်းလဲပစ်လိုက်ပါတယ်။ ရှည်လျားသော မှတ်ဉာဏ် ခရီးလမ်းကို ဖြတ်ကျော်လာပြီးနောက် စွန်းကွမ်းမင်းကို ကျွန်တော် တစ်ဖန်ပြန်၍ မြင်လာရချိန်မှာ သူက အိမ်ကနေ ထွက်သွားတာ မဟုတ်တော့ပါဘူး။ ကျွန်တော့်ညီက အချိန်ကာလထဲကနေ မတော်တဆ ထွက်ခွာသွားမိတာပါ။ အချိန်ကာလဆီကနေ ကင်းကွာသွားတာနဲ့ သူဟာ ချက်ချင်း ရပ်တန့်သွားပါတယ်။ ကျွန်တော်တို့ကတော့ အချိန်ကာလရဲ့ တွန်းပို့မှုကြောင့် ခရီးရှေ့ဆက်လာခဲ့ကြတယ်။ သူ့အနားက လူတွေ၊ ပတ်ဝန်းကျင်က ရှုခင်းတွေကို အချိန်ကာလက ယူဆောင်ထွက်ခွာသွားတာ စွန်းကွမ်းမင်း မြင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော် အပြင်မှာ တကယ်မြင်ခဲ့ရတဲ့ ပြကွင်း ပြကွက်ကတော့ ဒီလိုပါ။ ကွယ်လွန်သူကို ကျန်ရစ်သူက မြေမြှုပ်သင်္ဂြိုဟ်ပေးပြီးတဲ့အခါ ကွယ်လွန်သူက အဲဒီနေရာမှာ ထာဝရ လှဲစက်နေပြီး ကျန်ရစ်သူတွေကတော့ ခရီးရှေ့ဆက်ကြတာ ဖြစ်ပါတယ်။ အဲဒီ တကယ့် အစစ်အမှန် ပြကွင်းပြကွက်ဟာ အချိန်ကာလက လက်တွေ့ဘဝမှာ ဆက်လက် ကျင်လည် ကျက်စားနေကြသူတွေကို အရိပ်ပြလိုက်တဲ့ အရိပ်အမြွက်ပဲ ဖြစ်ပါတယ်။

ရွာက အသက်ရှစ်နှစ်အရွယ် ကောင်လေး တစ်ယောက်ဟာ မြက်ထည့်ခြင်းတောင်း လက်ဆွဲလျက် အိမ်ပြင်မှာ ကျွန်တော့်ညီ စွန်းကွမ်းမင်းကို စောင့်နေတယ်။ ညီလေးကိုယ်ပေါ်က သိမ်မွေ့သော ပြောင်းလဲမှုကို ကျွန်တော် သတိထားမိလိုက်တယ်။ စွန်းကွမ်းမင်းဟာ အရင်လို ကျွန်တော့်အစ်ကို စွန်းကွမ်းဘင်းနောက် တကောက်ကောက် မလိုက်တော့ဘူး။ စွန်းကွမ်းဘင်း အဖက်မတန်ပြခဲ့တဲ့ ခုနစ်နှစ်သား၊ ရှစ်နှစ်သား ကောင်လေးတွေ အုပ်စုထဲ သွားပြီး ရွာမှာ စွန်းကွမ်းဘင်း ကလေးဗိုလ် လုပ်သလို ကလေးဗိုလ် သွားလုပ်ခဲ့တယ်။ ကျွန်တော် ကန်စပ်နား ထိုင်နေချိန်မှာ စွန်းကွမ်းမင်းဟာ လမ်းတောင် ဖြောင့်ဖြောင့်

mgyoe.com

mgyoe.com SAMPLE BOOK


မလျှောက်တတ်ချင်သေးတဲ့ ကလေးတွေတစ်သိုက် ခြံရုံလျက် မင်းသား တစ်ပါးလို မာန်တဝင့်ဝင့် လမ်းသလားနေတာကို မကြာခဏ မြင်ခဲ့ရတယ်။

အဲဒီနေ့ နေ့လယ်ခင်းက စွန်းကွမ်းမင်း ကမ်းနားဘက် လျှောက်သွားတာကို နောက်ဖေးပြတင်းပေါက်က တစ်ဆင့် ကျွန်တော် မြင်လိုက်ရတယ်။ သူက အဖေ့ရဲ့ မြက်ဖိနပ်ကြီးကို စီးကာ တဖတ်ဖတ်နဲ့ လျှောက်သွားလို့ တစ်လမ်းလုံး ဖုန်တထောင်းထောင်း ထခဲ့တယ်။ ညီလေးရဲ့ ဖင်ချွန်းချွန်းနဲ့ ခေါင်းသေးသေးတို့ဟာ အဖေ့ဖိနပ်ကြီးရဲ့ သယ်ဆောင်မှုနဲ့ ရှေ့ဆက်သွားနေခဲ့တယ်။ မျှားမကြာမီကမှ ပြောင်းသွားကြတဲ့ စူးမိသားစုတို့ အိမ်ရှေ့ရောက်တော့ စွန်းကွမ်းမင်းက ခြင်းတောင်းကို ခေါင်းမှာ ရွက်ထားလိုက်တယ်။ ဒီလိုနဲ့ အစဉ်သဖြင့် ရွှဲတိရွှဲစောင်း ဖြစ်နေတတ်တဲ့ ကျွန်တော့်ညီရဲ့ ခန္ဓာကိုယ်ဟာလည်း ရုတ်ခြည်း ဆိုသလို တောင့်တောင့်ကြီး တည့်မတ်လာတော့တယ်။ စွန်းကွမ်းမင်းက အဲဒီ ကိုယ်ဟန်အနေအထားကို ကမ်းနားအထိ ထိန်းသွားချင်ပေမဲ့ ခြင်းတောင်းက မလိုက်နာဘဲ လမ်းဘေးက စပါးခင်းထဲ ပြုတ်ကျသွားတယ်။ စွန်းကွမ်းမင်းကတော့ နောက်တစ်ချက်သာ လှည့်ကြည့်ပြီး ရှေ့ဆက်လျှောက်သွားတယ်။ ဟိုရှစ်နှစ်သားလေးက စပါးခင်းထဲ ဆင်းပြီး စွန်းကွမ်းမင်းရဲ့ ခြင်းတောင်းကို ပြန်ကောက်လာပေးခဲ့တယ်။ ဒီလိုနဲ့ စွန်းကွမ်းမင်း တစ်ယောက် မသိရသော သေခြင်းထံသို့ ပျော်ပျော်ကြီး ဆက်လျှောက်သွားတာကို ကျွန်တော် အစအဆုံး ကြည့်နေမိခဲ့တယ်။ နောက်က ဆက်လက် ရှင်သန်သွားဦးမယ့် ချာတိတ်လေးကတော့ ခြင်းတောင်း နှစ်လုံးကို လက်မှာ ဘယ်တစ်ဖက်၊ ညာတစ်ဖက် ချိတ်ကာ သူ့ရှေ့က သေဆုံးတော့မယ့် သူနောက်ကို ဒယိမ်းဒယိုင် နွမ်းလျပင်ပန်းစွာ အမီလိုက်နေခဲ့တယ်။

သေခြင်းက စွန်းကွမ်းမင်းဆီကို တိုက်ရိုက် ရောက်မလာခဲ့ပါဘူး။ သူက ဟိုရှစ်နှစ်သားလေးက တစ်ဆင့် ကျွန်တော့်ညီထံကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ကမ်းနားတစ်လျှောက် စွန်းကွမ်းမင်း ခရုနှိုက်နေချိန်မှာ ရှစ်နှစ်သားလေးဟာ ရေကို စွဲလမ်းတဲ့ စိတ်ထဲကနေ မလွန်ဆန်နိုင်တာနဲ့ ရေနက်ပိုင်းဆီကို ရွှေ့မှန်းမသိ ရွှေ့သွားခဲ့တယ်။ အဲဒီနောက်မှာတော့ ခြေချော်ပြီး ရေနစ်သွားတယ်ပေါ့။ ချာတိတ်လေးက ရေထဲမှာ ယက်ကန်ယက်ကန်နဲ့ ဟာစ်ကြွေးတယ်။ အဲဒီ ဟာစ်ကြွေးသံကပဲ ကျွန်တော့်ညီကို အပြီးခေါ်ဆောင်သွားခဲ့တာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


စွန်းကွမ်းမင်းဟာ အဲဒီချာတိတ်လေးကို ကယ်မိလို့ ရေနစ်သေခဲ့ရတာပါ။ သူတစ်ပါးအတွက် မိမိအသက်ကို စွန့်လွှတ်ပါတယ်လို့ ပြောရင်တော့ လွန်ရာကျမှာပေါ့နော်။ ညီလေးဟာ သူတစ်ပါး အသက်ရှင်ဖို့အတွက် မိမိအသက်ကို စတေးခံနိုင်လောက်တဲ့အထိ မကြီးမြတ်သေးပါဘူး။ အဲဒီတဒင်္ဂမှာ သူလုပ်လိုက်တဲ့ အဲဒီလုပ်ရပ်ဟာ ဟိုခုနစ်နှစ်သား၊ ရှစ်နှစ်သားလေးတွေအပေါ် ညောင်းခဲ့တဲ့ ဩဇာကြောင့် လုပ်ဖြစ်ခဲ့တာ ဖြစ်ပါတယ်၊ စွန်းကွမ်းမင်း လက်အောက်က ကလေးကို သေခြင်းက တိုက်ခိုက်လာချိန်မှာ မိမိအနေနဲ့ အလွယ်တကူ ကယ်တင်နိုင်လိမ့်မယ်လို့ ပေါ့ပေါ့တန်တန်ပဲ သူက ယူဆမိခဲ့တာကိုး။

ကယ်တင်ခံရတဲ့ ကလေးဟာ အဲဒီတုန်းက အခြေအနေကို လုံးဝပြန်အမှတ် မရနိုင်တော့ပါဘူး။ တခြားလူတွေကိုသာ ပါးစပ်ကလေး အဟောင်းသားနဲ့ လိုက်မေးနိုင်ခဲ့ပါတယ်၊ နှစ်အတန်ကြာပြီးနောက် ဒီအကြောင်းကို ပြန်ပြောဖြစ်တဲ့အခါ မသိရင် သူများကပဲ လုပ်ကြံဖန်တီးထားသလိုလို အဲဒီကလေးရဲ့မျက်နှာက ယုံချင်သလို၊ မယုံချင်သလို အမူအရာ ပြလာခဲ့တယ်။ ရွာက လူတွေ မျက်မြင်သက်သေ ရှိလို့သာပေါ့။ မဟုတ်လို့ရှိရင် စွန်းကွမ်းမင်းကို မိမိဘာသာ ရေနစ်သေတာလို့ပဲ အထင်ခံရဖွယ် ဖြစ်လာမှာပါ။

အခင်းဖြစ်ပွားချိန်မှာ ဟိုလူက သစ်သားတံတားပေါ်က ဖြတ်သွားချိန်နဲ့ တိုက်ဆိုင်ခဲ့တယ်။ ဟိုကလေးကို စွန်းကွမ်းမင်း တစ်ချက် တွန်းတင်လိုက်တာကို အဲဒီလူ မြင်လိုက်ရတယ်။ ဆက်ပြီးတော့ ဟိုကလေးက ကြောက်အားလန့်အားနဲ့ ကမ်းပေါ်တက် ပြေးသွားပြီး စွန်းကွမ်းမင်းကတော့ ရေထဲမှာ ယက်ကန်ယက်ကန် ကျန်ရစ်ခဲ့တယ်။ ကျွန်တော့်ညီ ရေထဲကနေ နောက်ဆုံးအကြိမ် ခေါင်းပေါ်လာချိန်မှာ မျက်လုံးကျိန်းစဖွယ် နေလုံးကြီးကို မျက်လုံးနှစ်ဖက်စလုံးပြူးကာ စိုက်ကြည့်နေခဲ့တယ်။ သူ ရေထဲ စုပ်စုပ်မြုပ်သွားတဲ့အထိ ဒီအနေအထားအတိုင်း စက္ကန့်အတန်ကြာအောင် ရှိနေခဲ့တယ်။ ရက်အနည်းငယ် ကြာပြီးနောက် ကျွန်တော့်ညီကို မြေမြှုပ်သင်္ဂြိုဟ်ပြီးချိန် နေသာတဲ့ နေ့လယ်ခင်းမှာ ကျွန်တော်လည်း ကန်စပ်မှာ ထိုင်ရင်း နေကို တည့်တည့်ကြည့်ဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေမဲ့ မျက်စိကျိန်းလွန်းလို့ ကျွန်တော် ချက်ချင်းပဲ မျက်လုံးမှိတ်လိုက်ရတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း သေခြင်းနဲ့ ရှင်ခြင်းရဲ့ ကွဲပြားခြားနားချက်ကို ရှာတွေ့လာခဲ့တယ်။ ရှင်နေတဲ့လူက နေကို ရှင်းရှင်းလင်းလင်း မကြည့်နိုင်စွမ်းဘူး။

mgyoe.com

mgyoe.com

သေခါနီးလူရဲ့ မျက်စိမှသာ အလင်းကို ထိုးဖောက်ကာ နေကို ရှင်းရှင်းလင်းလင်း ကြည့်နိုင်စွမ်းတာ ဖြစ်တယ်။

ဟိုလူ ပျာယီးပျာယာ အမောတကော အပြေးရောက်လာချိန်မှာ ဘာဖြစ်မှန်း ကျွန်တော် မသိခဲ့ဘူး။ သူ့ရဲ့ အော်သံက ဖန်ကွဲစတွေလို တစ်စစီ ဖြစ်နေတယ်။ အဲဒီတုန်းက စွန်းကွမ်းဘင်းက ကန်စွန်းဥကို တံစဉ်နဲ့ အခွံခွာစား နေရင်းက တံစဉ်ကို ပစ်ချပြီး အိမ်ပြင်ကို ဝုန်းခနဲ ပြေးထွက်သွားတာကို ကျွန်တော် မြင်လိုက်ရတယ်။ စွန်းကွမ်းဘင်းက ပြေးရင်း တစ်ဖက်က အဖေ့ကို အော်ခေါ် တယ်။ ဒီတော့မှ အဖေ စွန်းကွမ်ဆိုင်က ဟင်းသီးဟင်းရွက် စိုက်ခင်းကနေ ပြေးထွက်လာခဲ့တာ ဖြစ်တယ်။ သားအဖနှစ်ယောက် ကမ်းနားကို သုတ်ခြေတင် ပြေးသွားကြတယ်။ ကျွန်တော့်အမေလည်း အဲဒီလမ်းပေါ်မှာ ထွက်ပေါ်လာတယ်။ သူ့လက်ထဲ ဆုပ်ကိုင်ထားတဲ့ ခေါင်းစည်းပဝါက ပြေးလွှားရင်း လမ်းမှာ ထက် အောက် လှုပ်ယမ်းနေခဲ့တယ်။ အမေ့ရဲ့ ကြေကွဲဖွယ်ကောင်းတဲ့ ငိုသံကို ကျွန်တော် ကြားရတယ်။ အမေ့ငိုသံကြောင့် အဲဒီအခိုက်မှာ ကျွန်တော်ဟာ ညီလေး အသက် ရှင်နေသေးရင်တောင်မှ အသစ်တစ်ဖန် သေသွားလိမ့်မယ်လို့ ခံစားမိလာခဲ့ပါ တယ်။

ကျွန်တော်က အိမ်မှာ တစ်ခုခု ထပ်ဖြစ်လာမှာကို အစဉ်သဖြင့် စိုးရိမ် နေခဲ့တာပါ။ အိမ်က လူတွေနဲ့ အရောတဝင်မရှိတဲ့ ကျွန်တော့်အကျင့်က ရွာက လူတွေအဖို့ အထူးအဆန်း မဟုတ်တော့ပါဘူး။ ကျွန်တော့်အဖို့တော့ အမေ့ခံ ဖြစ်ရတာကပဲ ပိုကောင်းသလို ရှိခဲ့ပါတယ်။ ဒါပေမဲ့ အိမ်မှာ တစ်ခုခု ဖြစ်ပြီ ဆိုတာ နဲ့ ကျွန်တော်က ထင်ရှားလာပြီး လူအများရဲ့ အာရုံစိုက်မှုကို တစ်ဖန်ပြန်၍ ခံလာရပြန်ပါတယ်။ ရွာက လူတွေ အားလုံး ကမ်းနားဘက် ပြေးသွားကြတာကို ကြည့်ရင်း ကျွန်တော့်မှာ ဧရာမ ဖိအားကြီးတစ်ခု ခံစားလာမိပါတယ်။ ကျွန်တော် ဟာ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကမ်းနားကို ပြေးသွားလို့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော့် လုပ်ရပ်ကြောင့် အိမ်က လူတွေနဲ့ ရွာက လူတွေက ကျွန်တော့်ကို သူတစ်ပါး အဖြစ်ဆိုးကြုံရလို့ ပျော်နေတာ ဆိုပြီး ထင်သွားမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒီလိုအချိန်မျိုးမှာ ကျွန်တော့်အနေနဲ့ ဝေးဝေးရှောင်နေဖို့ကိုသာ ရွေးချယ်ခဲ့ရပါ တယ်။ အဲဒီညက ကျွန်တော် ညဦးသန်းခေါင်မှ အိမ်ပြန်ရောက်တယ်။ မိုးချုပ်တာနဲ့ ကျွန်တော်က ကမ်းနားကို သွားတယ်။ လရောင်အောက်မှာ တသွင်သွင် စီးနေတဲ့

mgyoe.com  SAMPLE BOOK 

ရေပြင်ထက်မှာ ကုန်းပေါ်က ပစ္စည်းတချို့လည်း မျောပါစီးဆင်းနေတယ်။ ရေစီးသံက ခါတိုင်းလိုပဲ ကြည်လင်သာယာဆဲ။ နေ့ခင်းတုန်းကပဲ ကျွန်တော့်ညီကို ဝါးမျိုပစ်ခဲ့တဲ့ ဒီတူးမြောင်းဟာ တစ်စက်ကလေးမှ မပြောင်းလဲဘဲ ခါတိုင်းလိုပဲ ငြိမ်ငြိမ်သက်သက် ရှိနေတယ်။ အဝေးက ရွာဆီက မီးရောင်ရယ်၊ လေနဲ့အတူ လွင့်မျောလာတဲ့ ဆူဆူညံညံ လူသံတွေရယ်ကို ကျွန်တော် လှမ်းမျှော်ကြည့်မိတယ်။ အမေ့ရဲ့ အသံကုန်ခြစ်ကာ ငိုကြွေးနေတဲ့ အသံက ထုံ့ပိုင်းထုံ့ပိုင်း။ အမေနဲ့ အဖော်လုပ်ပြီး လိုက်ငိုပေးတဲ့ မိန်းမတချို့ရဲ့ ငိုသံတွေလည်း ရှိသေးတယ်။ အဲဒါ အသက်တစ်ချောင်း ထွက်ခွာသွားခြင်းအတွက် ပူဆွေးသောက ရောက်နေကြတဲ့ အဝေးက ရွာခင်းပဲ။ ခုလေးတင်မှ အသက်တစ်ချောင်း ဝါးမျိုပစ်လိုက်တဲ့ တူးမြောင်းကတော့ သူ့မဟုတ်သလို အေးအေးဆေးဆေးပဲ။ ကျွန်တော်က အဲဒီအချိန်ကျမှ တူးမြောင်းမှာလည်း အသက်ရှိမှန်း သိလာခဲ့တာ။ သူက ကျွန်တော့်ညီကို ဝါးမျိုပစ်လိုက်ရတဲ့ အကြောင်းရင်းက သူသည်လည်း မိမိအသက် ဆက်နိုင်ဖို့အတွက် သူတစ်ပါးအသက်ကို လိုအပ်လို့ကိုး။ ထိုနည်းလည်းကောင်းပဲ၊ အဝေးက ငိုကြွေးနေကြတဲ့ မိန်းမတွေ၊ ကြေကွဲနေကြတဲ့ ယောကျ်ားတွေလည်း မိမိအသက်ဆက်နိုင်ဖို့အတွက် သူတစ်ပါးအသက်ကို လိုအပ်ကြတာပါပဲ။ သူတို့လည်း ဟင်းသီးဟင်းရွက် စိုက်ခင်းထဲမှာ အညွန့်တလူလူ တက်နေတဲ့ ဟင်းသီးဟင်းရွက်တွေကို ဆိတ်ဖြတ် ဆွတ်ယူ စားကြတာပါပဲ။ ဒါမှမဟုတ် ဝက်တစ်ကောင်ကို ပေါ်စားကြတာပါပဲ။ သူတစ်ပါး အသက်ကို ဝါးမျိုထားတဲ့ လူဟာလည်း ခုလက်ရှိ မြင်တွေ့နေရတဲ့ တူးမြောင်းနည်းတူ သူ့မဟုတ်သလို အေးအေးဆေးဆေး ရှိနေမှာပါပဲ။

စွန်းကွမ်းမင်းကို စွန်းကွမ်ဆိုင်နဲ့ စွန်းကွမ်းဘင်းတို့ ရေထဲခုန်ဆင်းပြီး ပြန်ဆယ်လာခဲ့ကြတာ ဖြစ်တယ်၊ သူတို့က သစ်သားတံတားအောက်မှာ စွန်းကွမ်းမင်း အလောင်းကို ရှာတွေ့ပြီး ကမ်းပေါ် ပြန်ဆယ်လာခဲ့ကြတယ်။ အဲဒီအချိန်မှာ စွန်းကွမ်းမင်းရဲ့ မျက်နှာဟာ မြက်စိမ်းရောင် ဖြစ်နေပြီ။ ခြေကုန်လက်ပန်း ကျနေတဲ့ စွန်းကွမ်ဆိုင်က စွန်းကွမ်းမင်းကို ခြေနှစ်ဖက်ကနေ ဇောက်ထိုးဆွဲမပြီး ကျောမှာပိုးကာ လမ်းမပေါ် ပြေးလွှားတယ်။ စွန်းကွမ်းမင်းရဲ့ ခန္ဓာကိုယ် အဖေ့နောက်ကျောထက်မှာ ပြင်းထန်စွာ လှုပ်ယမ်းနေတယ်။ သူ့ခေါင်းက အဖေ့ခြေသလုံးကို စည်းချက်ညီညာစွာ သွားပြီး ရိုက်ခတ်နေတယ်။ ကျွန်တော့်အစ်ကိုက နောက်ကနေ ပြေးလိုက်သွားတယ်။ အဲဒီ နွေနေ့လယ်ကောင်မှာ ရွှဲရွှဲစိုနေတဲ့ ခန္ဓာကိုယ်သုံးခုဟာ တစ်လမ်းလုံး ဖုန်တထောင်းထောင်းထပြီး ရှုပ်ယှက်ခတ်

mgyoe.com

mgyoe.com
SAMPLE BOOK


သွားအောင် ပြေးလွှားနေခဲ့တယ်။ သူတို့နောက်မှာက ခေါင်းစည်းပဝါ ဆုပ်ကိုင်ထားကာ အော်ငိုနေတဲ့ အမေရယ်၊ ဝရုန်းသုန်းကား ဖြစ်နေတဲ့ ရွာက လူတွေရယ်။

ပြေးလွှားနေတဲ့ စွန်းကွမ်ဆိုင်ဟာ ဦးခေါင်း နောက်လန်လာတယ်။ ဟောဟဲလိုက်ကာ ခြေလှမ်းတွေလည်း နှေးလာပြီး နောက်ဆုံးမှာ ရပ်တန့်ပြီးတော့ စွန်းကွမ်းဘင်းကို ပါးစပ်က အော်ခေါ်တယ်။ စွန်းကွမ်းဘင်းက အဖေ့ကျောပေါ်ကနေ ညီလေးကို လက်လွှဲယူလိုက်ပြီး ဖောက်ထိုးထမ်းကာ ဆက်ပြေးတယ်။ နောက်မှာ ကျန်ရစ်ခဲ့တဲ့ စွန်းကွမ်ဆိုင်က ပြတ်တောင်းပြတ်တောင်း အော်လျက်-

"ပြေး ... မရပ်နဲ့ ... ပြေး ..."

စွန်းကွမ်းမင်းရဲ့ ဦးခေါင်းဖောက်ထိုးကနေ ရေတွေ တောက်တောက်ကျနေတာကို ကျွန်တော့်အဖေ မြင်သွားတယ်။ အဲဒါ ကျွန်တော့်ညီရဲ့ ကိုယ်ပေါ်ကနဲ့ ခေါင်းပေါ်က ရေတွေပဲ။ စွန်းကွမ်ဆိုင်က ဒါကို စွန်းကွမ်းမင်း ပါးစပ်က ရေတွေ အန်ထွက်လာနေတာလို့ပဲ ထင်ခဲ့ရှာတယ်။ အဲဒီအချိန်က စွန်းကွမ်းမင်း ဒီလောကကြီးကနေ အပြီးအပိုင် ထွက်ခွာသွားပြီ ဆိုတာကို သူ မသိသေးဘူး။

မီတာနှစ်ဆယ်လောက် ပြေးပြီးတဲ့နောက် စွန်းကွမ်းဘင်း ယိုင်တိုင်တိုင်ဖြစ်လာတယ်။ စွန်းကွမ်ဆိုင်ကတော့-

"ပြေး ... ပြေး ..."လို့ အော်ဟစ်နေဆဲ။

အစ်ကို လဲကျသွားပြီး စွန်းကွမ်းမင်း ပြုတ်ကျသွားတာကို ကျွန်တော်မြင်လိုက်ရတယ်။ စွန်းကွမ်ဆိုင်က သားဖြစ်သူကို တစ်ဖန်ပြန်၍ ကုန်းပိုးပြီး ရှေ့ကို ဆက်ပြေးသွားတယ်။ အဲဒီတုန်းက စွန်းကွမ်ဆိုင်ဟာ ဒယိမ်းဒယိုင် ဖြစ်နေတယ်ဆိုပေမဲ့ သူ ပြေးတဲ့ မြန်နှုန်းကတော့ ကြောက်ခမန်းလိလိပါပဲ။

အမေနဲ့ ရွာက လူတွေ ကျွန်တော်တို့အိမ်ရှေ့ ရောက်လာချိန်မှာ ကျွန်တော့်အဖေလည်း သူ့သား ဆုံးရှာပြီ ဆိုတာ သိသွားပြီ။ စိတ်လှုပ်ရှားလွန်ပြီး အမောဆို့လာတာကြောင့် စွန်းကွမ်ဆိုင်ဟာ မြေကြီးပေါ် ဒူးထောက်ကျပြီး အော့အန်လို့ မဆုံးနိုင်အောင် ဖြစ်နေခဲ့တယ်။ စွန်းကွမ်းမင်းကတော့ အဲလမ်းပင် အောက်မှာ စန့်စန့်ကြီး လဲနေပြီ။ သစ်ရွက်တွေက သူ့ကို နွေနေပူဒဏ်ကနေ ကာကွယ်ပေးထားတယ်။ ကျွန်တော့်အစ်ကို စွန်းကွမ်းဘင်းက နောက်ဆုံးမှ ရောက်လာတာ။ အဖေ အော့အန်နေတာကို မြင်ရတော့ သူလည်း မလှမ်းမကမ်းမှာကတည်းကပဲ ဒူးထောက်ချပြီး အဖေ့ကို မျက်နှာမူကာ အော့အန်လာခဲ့တယ်။

mgyoe.com

mgyoe.com

SAMPLE BOOK

အဲဒီတုန်းက အမေတစ်ယောက်ပဲ ပုံမှန်လူတစ်ယောက်လို ဝမ်းနည်းကြေကွဲခြင်း အမူအရာမျိုး ပြသနိုင်ခဲ့တယ်။ အမေဟာ ရှိုက်ကြီးတငင် ငိုကြွေးကာ ဈွေ့ဈွေ့ခုန်နေခဲ့တယ်။ အဖေရယ်၊ အစ်ကိုရယ်ဟာ အအန်ရပ်သွားပြီးနောက် တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းနဲ့ နေရာမှာ ဒူးထောက်လျက် သူတို့ရှေ့မှာ ငိုကြွေးနေတဲ့ အမေ့ကို ကြောင်တောင်တောင် ငေးကြည့်နေခဲ့ကြတယ်။

အသက်မရှိတော့ပြီ ဖြစ်တဲ့ ညီလေးကို စားပွဲခုံအလယ်မှာ တင်ထားလိုက်ကြတယ်။ သူ့အောက်မှာ ဖျာစုတ်တစ်ချပ် ခင်းပေးထားပြီး အပေါ်မှာတော့ အိပ်ရာခင်းနဲ့ လွှမ်းခြုံပေးထားတယ်။

ကျွန်တော့်အဖေ စွန်းကွမ်ဆိုင်နဲ့ အစ်ကို စွန်းကွမ်းဘင်းတို့ ပုံမှန်အတိုင်း ပြန်ဖြစ်လာပြီးနောက် ပထမဆုံး လုပ်တဲ့ အလုပ်ကတော့ ရေတွင်းကနေ ရေတစ်ပုံး သွားခပ်လာပြီး နှစ်ယောက်သား တစ်လှည့်စီ ကုန်စင်အောင် သောက်လိုက်ကြခြင်းပဲ ဖြစ်တယ်။ ပြီးတဲ့အခါ ခြင်းတောင်းကိုယ်စီ ဆွဲကာ မြို့မှာ တိုဖူး တက်ဝယ်ကြတော့တယ်။ သွားခါနီးမှာ အဖေက ကယ်တင်ခံရတဲ့ ဟိုကလေးရဲ့ အိမ်သားတွေ သိအောင် အနားမှာ ရှိတဲ့လူတွေကတစ်ဆင့် ရှုသိုးသိုးနဲ့ ပြောလိုက်တယ်။

"ငါ ပြန်လာမှ သူတို့ကို သွားရှာမယ်"

အဲဒီနေ့ ညက ရွာကလူတွေလည်း တစ်ခုခု ဖြစ်တော့မယ် ဆိုတာကို ကြိုတင် ရိပ်စားမိနေကြတယ်။ ကျွန်တော့် အဖေနဲ့ အစ်ကို မြို့က ပြန်လာတဲ့အခါ ကွယ်လွန်သူအတွက် ရည်စူးပြီး တိုဖူးထမင်း အလှူလုပ်တော့ ရွာကလူတွေ အားလုံးနီးပါး သွားစားကြတယ်။ ကယ်တင်ခံရတဲ့ ကလေးရဲ့ အိမ်သားတွေပဲ တော်တော်နဲ့ ပေါ်မလာနိုင်သေးဘဲ ရှိနေခဲ့တယ်။

ကယ်တင်ခံရတဲ့ ကလေးရဲ့အဖေက ညကိုးနာရီကျမှ တစ်ယောက်တည်း ရောက်လာခဲ့တာ ဖြစ်တယ်။ သူ့ညီအစ်ကိုတွေ ပါမလာဘူး။ ကြည့်ရတာ သူက အပြစ်တွေ အားလုံးကို သူတစ်ယောက်ပဲ ခံယူမယ့် သဘော ရှိပုံရတယ်။ သူက အိမ်ထဲကို မျက်နှာတည်ကြည်စွာ ဝင်လာပြီး အရင်ဦးဆုံး သေသူရှေ့မှာ ဒူးထောက်ချပြီး ဦးသုံးကြိမ် ခိုက်လိုက်တယ်။ ပြီးတော့မှ မတ်တတ်ပြန်ထပြီး-

"ဒီကနေ့ ရွာကလူတွေ အားလုံး ရှိတယ်နော်"

သူက ရွာသူကြီးကို မြင်သွားတာနဲ့ "သူကြီးလဲ ရှိတယ်နော်။ စွန်းကွမ်းမင်းက ကျုပ်သားကို ကယ်ရင်း သေသွားရတာ။ အဲဒီအတွက် ကျုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


အလွန်အင်မတန်မှ ဝမ်းနည်း ကြေကွဲပါတယ်။ ကျုပ်အနေနဲ့ စွန်းကွမ်းမင်းကို အသက်ပြန်ရှင်လာအောင် လုပ်မပေးနိုင်စွမ်းပါဘူး။ အကူအညီ တချို့ပဲ ပေးဖို့ တတ်နိုင်ပါတယ်”လို့ ပြောပြီး စွန်းကွမ်ဆိုင်ကို အိတ်ကပ်ထဲက ငွေတွေ ထုတ်ပေး လိုက်တယ်။

“ဒီမှာ ယွမ် တစ်ရာပါ။ မနက်ဖြန်ကျမှ ကျွန်တော် အိမ်က တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ထုပ်ခွဲပြီး ထပ်လာပေးပါမယ်။ ကျုပ်တို့က ရပ်ဆွေရွာမျိုးတွေပါ။ ကျုပ်မှာ ငွေဘယ်လောက် ရှိတယ်ဆိုတာ ခင်ဗျားလဲ သိပါတယ်၊ ကျုပ်လဲ ရှိသလောက်ပဲ ပေးနိုင်ပါတယ်”

စွန်းကွမ်ဆိုင်က သူ့ကို ခွေးခြေတစ်လုံး ထ ယူပေးပြီး–

“ထိုင်ပါဦးဗျာ”လို့ ပြောလိုက်တယ်။

ကျွန်တော့်အဖေဟာ မြို့က အရာရှိတစ်ယောက်လို အူလှိုက်သည်းလှိုက် ပြောလာတယ်။

“ကျုပ်သားလေးက သေသွားရှာပြီ။ ဘယ်လိုမှ ပြန်မရှင်နိုင်တော့ဘူး။ ခင်ဗျား ကျုပ်ကို ငွေဘယ်လောက် လျော်လျော် ကျုပ်သားလေး အသက်တစ်ချောင်း ကို ပြန်မလျော်နိုင်ပါဘူး။ ခင်ဗျားငွေတွေကို ကျုပ် မလိုချင်ဘူး။ ကျုပ်သားလေး က သူများ အသက်ကယ်ရင်း သေသွားရှာတာ။ ကျုပ်သားလေးက သူရဲကောင်းဗျ”

အဲဒီနောက်က စကားတွေကို စွန်းကွမ်းဘင်းက ဝင်လုပြီး ပြောသွား တယ်။ သူလည်းပဲ အလားတူ အူလှိုက်သည်းလှိုက် ပြောခဲ့တာ ဖြစ်တယ်။

“ကျုပ်ညီလေးက သူရဲကောင်းဗျ။ အဲဒီအတွက် ကျုပ်တို့ တစ်မိသားစု လုံး ဂုဏ်ယူတယ်။ ဦးလေးဆီက ကျုပ်တို့ ဘာမှ မလိုချင်ဘူး။ ဦးလေးအနေနဲ့ ကျုပ်ညီလေးရဲ့ သူရဲကောင်း လုပ်ရပ်တွေကို အများသိအောင် ကြော်ငြာပေးဖို့ပဲ လိုတယ်”

နောက်ဆုံးမှာ အဖေက ပြောတယ်။

“ခင်ဗျား မနက်ဖြန် မြို့တက်ပြီး အသံလွှင့်ဌာနကို ဒီအကြောင်းတွေ တစ်ချက်လောက် အသံလွှင့်ခိုင်းလိုက်ပါ”

စွန်းကွမ်းမင်းကို နောက်တစ်နေ့မှာပဲ အသုဘချလိုက်တယ်။ သူ့ကို အိမ်နောက်ဖေး မလှမ်းမကမ်းက နဂါးကျောက်ခက်ပင် နှစ်ပင်ကြားမှာ မြေမြှုပ် လိုက်တာ ဖြစ်တယ်။ အသုဘချတုန်းက ကျွန်တော် အဝေးမှာပဲ တောက်လျှောက် ရပ်နေခဲ့တယ်။ ကာလရှည်ကြာ အထီးကျန်ခြင်းနဲ့ လျစ်လျူရှုခံရခြင်းတို့က

mgyoe.com

mgyoe.com


ကျွန်တော့်ကို ရွာမှာ လူတစ်ယောက်အနေနဲ့ ဖြစ်တည်မှု မရှိတော့သယောင် ဖြစ်လာစေခဲ့တယ်။ နေရောင်အောက်မှာ အမေ့ရဲ့ ရှုံ့တွကြီးတင်င ငိုကြွေးသံ နောက်ဆုံးအကြိမ် လွင့်ပျံ့လာခဲ့တယ်။ အဖေနဲ့ အစ်ကိုရဲ့ ကြေကွဲမှုကိုတော့ ကျွန်တော် အဝေးကနေ သဲသဲကွဲကွဲ မမြင်နိုင်ခဲ့ပါဘူး။ စွန်းကွမ်းမင်းကို မြက်ဖျာ တစ်ချပ်နဲ့ လိပ်ပြီး အဲဒီကို ထမ်းလာခဲ့ကြတယ်။ ရွာထိပ်ကနေ မြေပုံအထိ လမ်းတစ်လျှောက်မှာ ရွာကလူတွေ ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲလျက် ရှိတယ်။ အဖေနဲ့ အစ်ကိုက ကျွန်တော့်ညီကို မြေချပြီးတော့ အပေါ်ကနေ မြေဖို့လိုက်ကြ တယ်။ ဒီလိုနဲ့ပဲ ညီလေးဟာ လူတွေနဲ့အတူ ရှိနေတဲ့ နှစ်ကာလကို တရားဝင် အဆုံးသတ်လိုက်ပါတယ်။

အဲဒီနေ့ ညက ကျွန်တော် အိမ်နောက်က ကန်စပ်မှာ ထိုင်ကာ လရောင် အောက်မှာ တိတ်ဆိတ်ငြိမ်သက်စွာ မှိုမောက်လျက်ရှိတဲ့ ညီလေးရဲ့ မြေပုံကို အချိန်အကြာကြီး ငေးကြည့်နေခဲ့တယ်။ ညီလေးဟာ အဝေးမှာ အိပ်ပျော်နေပြီ ဆိုပေမဲ့ ဒီအခိုက်အတန့်မှာတော့ သူ ကျွန်တော့်ဘေးမှာ ထိုင်နေတယ်လို့ပဲ ကျွန်တော် ခံစားမိခဲ့ပါတယ်။ ညီလေးလည်း ကျွန်တော့်လိုပဲ အမိ အဖ၊ နောင်တော် ကြီးနဲ့ ရွာကလူတွေနဲ့ ဝေးကွာသွားခဲ့ပါပြီ။ လျှောက်တဲ့ လမ်းချင်း မတူသော် ငြားလည်း နောက်ဆုံး ရလဒ်ကတော့ ခပ်ဆင်ဆင်ပါပဲ။ ညီလေးရဲ့ ခွဲခွာခြင်းက သာ၍ ပြတ်သားပြီး ပေါ့ပေါ့ပါးပါး ရှိတာ တစ်ခုပဲ ကွာပါတယ်။

ကျွန်တော့်ရဲ့ စိတ်ထဲက အဟန့်အတားကြောင့် ကျွန်တော်ဟာ ညီလေး ရဲ့ သေဆုံးခြင်းနဲ့ မြေမြှုပ်ခံရခြင်း ဖြစ်ပွားရာ နေရာတွေ အားလုံးနဲ့ ကင်းကွာ နေခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် အိမ်ကလူတွေ၊ ရွာကလူတွေဆီက သာ၍ ပြင်းထန်တဲ့ ဖြစ်တင်မှုတွေ ခံလာရလိမ့်မယ်လို့ ကျွန်တော် ကြိုသိနေခဲ့ပါတယ်။ သို့သော်ငြားလည်း ရက်ပေါင်းများစွာ ကုန်လွန်သွားပြီးသကာလ ဘယ်သူ့ဆီက မှ ခါတိုင်းနဲ့မတူ ထူးခြားတဲ့ အပြောအဆို၊ အပြုအမူတွေ ဖြစ်မလာတာကြောင့် ကျွန်တော်တောင် တိတ်တဆိတ် အံ့သြမိခဲ့ပါသေးတယ်။ အဲဒီ အခိုက်အတန့် မှာပဲ ထင်ပါတယ်၊ ကျွန်တော်လည်း ဝန်ထုပ်ကြီး ပေါ့ပါးသွားသယောင် ခံစား မိကာ ငါ့ကို လူတွေ လုံးဝဥဿုံ မေ့ပစ်လိုက်ကြပြီပဲ ဆိုတာကို တွေ့ရှိလာခဲ့ပါ တယ်။ ကျွန်တော်ဟာ ရွာကလူတွေ အားလုံးက ဒီကောင့်ကို သိတော့သိတယ်၊ အသိအမှတ်တော့ မပြုဘူး ဆိုတဲ့ အနေအထားကို ရောက်ရှိလာခဲ့ပါတော့တယ်။

mgyoe.com

မိမိအသက်ကို စတေးခံကာ သူတစ်ပါး အသက်ကို ကယ်တင်ခဲ့တဲ့ စွန်းကွမ်းမင်းရဲ့ သူရဲကောင်း လုပ်ရပ်အကြောင်း အသုဘချပြီး သုံးရက်မြောက်နေ့မှာ အသံထုတ်လွှင့်လို့ အိမ်က ကြေးနန်း အသံဖမ်းစက်က တစ်ဆင့် ကြားလာခဲ့ရပါတယ်။ အဲဒါ ကျွန်တော့်အဖေ ကျေနပ်ပီတိ အဖြစ်ဆုံး အခိုက်အတန့်ပါပဲ။ ဒီသုံးရက်အတွင်းမှာ အသံဖမ်းစက်က အသံထွက်လာတိုင်း စွန်းကွမ်ဆိုင်ဟာ ခွေးခြေကလေးတစ်လုံး ဆွဲကာ အသံဖမ်းစက်အောက်မှာ သွားထိုင် နားထောင်နေတတ်ပါတယ်။ ကျွန်တော့်အဖေ မျှော်လင့်စောင့်စားနေတဲ့ အခိုက်အတန့် အကောင်အထည် ပေါ်လာချိန်မှာ ခမျာ ရင်ခုန်စိတ်လှုပ်ရှားလွန်းလို့ ပျော်ရွှင်တဲ့ ဘဲတစ်ကောင်လို ရွာရိုးကိုးပေါက် လျှောက်သွား လာပါတော့တယ်။ လယ်ယာလုပ်ငန်း အားလပ်ချိန် ဖြစ်တဲ့ အဲဒီနေ့က ကျွန်တော့်အဖေရဲ့ အသံကျယ်ကြီးဟာ ရွာထဲ တစ်အိမ်တက်ဆင်း မြည်ဟည်းလာခဲ့ပါတယ်။

"ကြားပြီးကြပြီလား"

ကျွန်တော့်အစ်ကိုက အဲဒီအချိန်မှာ အိမ်ရှေ့က အဲလမ်းပင်အောက်မှာ မတ်တတ်ရပ်ကာ ဖအေဖြစ်သူကို အရောင်တဖိတ်ဖိတ် တောက်နေတဲ့ မျက်လုံးအစုံနဲ့ မျှော်ကြည့်နေခဲ့တယ်။

ကျွန်တော့်အဖေနဲ့ အစ်ကိုဟာ သူတို့ရဲ့ ခဏတာ ဂုဏ်ယူဖွယ် အခိုက်အတန့်ကို စတင်လိုက်ကြပါတယ်။ အစိုးရကပဲ သူတို့ကို လူလွှတ်ပြီး လာရှာတော့မယောင် တစ်ဖက်သတ် စိတ်ကူးယဉ်နေခဲ့ကြပါတယ်။ သူတို့စိတ်ကူးယဉ်တာကလည်း စီရင်စုအဆင့်ကနေ ပီကင်းအထိကို စိတ်ကူးယဉ်ခဲ့ကြတာပါ။ အခမ်းနားဆုံး အခိုက်အတန့်ကတော့ အဲဒီနှစ် အမျိုးသားနေ့မှာ သူရဲကောင်းရဲ့ မိဘဆွေမျိုးအနေနဲ့ ပီကင်းက ထျန်းအန်းမင် မြို့ရိုးတန်ဆောင်းထက်သို့ ဖိတ်ကြားခံရမယ်လို့ စိတ်ကူးယဉ်နေခဲ့ကြတာပါ။ အဲဒီတုန်းက ကျွန်တော့်အစ်ကိုဟာ အဖေ့ထက် အများကြီး ပိုပြီး လာဘ်မြင်ခဲ့ပါတယ်။ သူ့ခေါင်းထဲမှာ အဲဒီ စိတ်ကူးယဉ် အတွေးတွေအပြင် ပိုပြီးတော့ လက်တွေ့ကျတဲ့ စိတ်ကူးတစ်ခု ရှိနေခဲ့ပါတယ်။ ညီလေး သေဆုံးခြင်းကြောင့် သူတို့ဟာ စီရင်စုမှာ ရာထူးကလေးဘာလေး ရပြီး အရာရှိတွေ ဘာတွေ ဖြစ်လာနိုင်တယ်လို့ သူက အဖေ့ကို ပြောပြတယ်။ သူ့အနေနဲ့ ကျောင်းနေနေဆဲ ဖြစ်ပေမဲ့ သူ့ကို မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးဖို့ လုံးဝဥဿုံ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ အစ်ကို့

m gyoe.com

mgyoe.com

စကားကြောင့် အဖေ့ရဲ့ ခေါင်းမူးဖွယ်ကောင်းတဲ့ စိတ်ကူးယဉ် အတွေးထဲမှာ လက်တွေ့ကျသော ပါဝင်ပစ္စည်းတွေ ထပ်တိုးလာခဲ့ပါတယ်။ အဲဒီတုန်းက စွန်းကွမ်ဆိုင်ဟာ လက်ဝါးပွတ်ကာ မိမိ ရင်တွင်းခံစားချက်ကို ဘယ်လိုဖော်ပြရ ကောင်းမှန်း မသိဘဲ ဖြစ်လာမိတော့တယ်။

စွန်းသားအဖဟာ ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာလာပြီး သူတို့ရဲ့ အခြေအမြစ် မရှိတဲ့ စိတ်ကူးကို ရွာက လူတွေထံကို အဆင့်ဆင့် သွတ်သွင်းလာပါတော့တယ်။ ဒီလိုနဲ့ စွန်းမိသားစု ဒီရွာက ပြောင်းသွားတော့မယ် ဆိုတဲ့ သတင်း ရွာမှာ အုတ်အော်သောင်းတင်း ဖြစ်လာတယ်။ အိမ်ပြောင်းပြီး ပီကင်းမှာ တက်နေတော့မယ်အထိတောင် ပြောဆိုလာကြတယ်။ ဒီစကားက အိမ်ကိုလည်း ရောက်လာတာပေါ့။ ဒီလိုနဲ့ တစ်ခုသော နေ့ခင်းမှာ အဖေက အစ်ကို့ကို အူလှိုက်သည်းလှိုက် ပြောတာ ကျွန်တော် ကြားလာရတော့တယ်။

"လေမတိုက်ဘဲ လှိုင်းမထန်ဘူး၊ အကြောင်းရှိလို့ အကျိုးဖြစ်လာတာကွ။ ရွာက လူတွေတောင် ဒီလို ပြောကုန်ကြပြီ ဆိုတော့ ကြည့်ရတာ အစိုးရဘက်က လူတွေ မကြာခင် လာကြတော့မယ် ထင်တယ်ဟ"

ဒီလိုနဲ့ ကျွန်တော့်အဖေဟာ မိမိရဲ့ စိတ်ကူးယဉ် အတွေးကို ရွာက လူတွေရဲ့ခေါင်းထဲ အရင်သွတ်သွင်းပြီးမှ အဲဒီကနေတစ်ဆင့် ဖြစ်ပေါ်လာတဲ့ ကောလာဟလတွေနဲ့ မိမိရဲ့ စိတ်ကူးယဉ် အတွေးကို ခိုင်မာအောင် တည်ဆောက်လာခဲ့ပါတယ်။

စွန်းကွမ်ဆိုင်ဟာ သူ့ရဲကောင်း ဖခင်ဘွဲ့ကို စောင့်မျှော်နေချိန်မှာပဲ ကျွန်တော်တို့အိမ်ကို အသွင်ပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ အိမ်မှာက ရှုပ်ပွထနေတာမို့ အစိုးရဘက်က လူတွေ ရောက်လာတဲ့အခါ ကျွန်တော်တို့အပေါ် တလွဲ မြင်သွားနိုင်တယ်လို့ သူက အောက်မေ့မိတာကိုး။ အသွင်ပြောင်းတာက အဝတ်အစားကနေ စပါတယ်။ ကျွန်တော့်အဖေက ပိုက်ဆံသွားချေးပြီး အိမ်က လူတွေ တစ်ယောက်စီအတွက် အဝတ်အစားသစ် တစ်စုံ ချုပ်ပေးတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း အိမ်မှာ တစ်ဖန်ပြန်၍ အာရုံစိုက်စရာ ဖြစ်လာတော့တယ်။ ကျွန်တော့်ကို ဘယ်လို စီမံရဖို့အရေး စွန်းကွမ်ဆိုင် တော်တော် ခေါင်းကိုက်ခဲ့ရတယ်။

mgyoe.com

"ဒီကောင်သာ မရှိရင် အေးပြီကွာ"လို့ အစ်ကို့ကို အဖေ တစ်ကြိမ်မက ပြောခဲ့တဲ့ စကားကို ကျွန်တော် ကြားခဲ့ရတယ်။

အိမ်က ကျွန်တော့်ကို အကြာကြီး လျစ်လျူရှုလာခဲ့ပြီးတဲ့နောက် ကျွန်တော်ဟာ သောက်ကျိုးနည်းတဲ့ ဝန်ထုပ်ကြီး တစ်ခု ဖြစ်တယ် ဆိုတဲ့ အနေနဲ့ ကျွန်တော့်ရဲ့ ဖြစ်တည်မှုကို အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ သို့ဖြစ်လင့်ကစား တစ်ခုသော မနက်ခင်းမှာ အမေက အဝတ်အစားသစ် တစ်စုံ ယူလာပြီး ကျွန်တော့်ကို ဝတ်စေပါတယ်။ တစ်အိမ်သားလုံး အရောင်ဆင်တူ အဝတ်အစား တွေ ဟန်ဆောင်မှုပိုစွာ ဝတ်လိုက်ကြတယ်။ အင်္ကျီအစုတ် ဝတ်နေကျ ဖြစ်တဲ့ ကျွန်တော့်အဖို့ အဲဒီ မာတောင့်တောင့် အဝတ်အစားအသစ်ကို ဇွတ်အတင်း ဝတ်ခိုင်းလို့ဝတ်လိုက်ရပြီးနောက် တစ်နေကုန်နေမထိထိုင်မသာဖြစ်လာခဲ့တယ်။ ရွာမှာရော ကျောင်းမှာပါ တဖြည်းဖြည်း မထင်မရှား ကွယ်ပျောက် လာခဲ့တဲ့ ကျွန်တော်ဟာ အဲဒီ အဝတ်အစားသစ်ကြောင့် အာရုံစိုက်မှု တစ်ဖန်ပြန်၍ ခံလာ ရပါတယ်။ စူးယွီက–

"မင်း အဝတ်အစားသစ်တွေ ဝတ်ထားတယ်နော်"

လို့ ပြောလာတော့ ကျွန်တော့်မှာ ပျာယာကို ခတ်သွားခဲ့တာဗျာ။ တကယ်တော့ စူးယွီက အဲဒီစကားကို ကျွန်တော် ဘာမှမဖြစ်သလို ခံစားမိစေဖို့ သဘောရိုးနဲ့ အေးဆေး တည်ငြိမ်စွာပဲ ပြောခဲ့တာပါ။

နှစ်ရက်နေတော့ ကျွန်တော့်အဖေဟာ မိမိနည်းလမ်း သိပ်မဟာန်သေး ဘူးလို့ ရုတ်တရက် တွေ့ရှိလာခဲ့တယ်။ စွန်းကွမ်ဆိုင်က အိမ်ရဲ့ ရိုးရှင်းဆင်းရဲစွာ နေထိုင်မှုကို အစိုးရဘက်က လူတွေကို ပြသသင့်တယ်လို့ အောက်မေ့မိတာ ကြောင့် အိမ်က အစုတ်ဆုံး၊ အနွမ်းဆုံး အဝတ်အစားတွေ တစ်ဖန်ပြန်၍ လူ မြင်ကွင်းမှာ ထွက်ပေါ်လာတော့သည်။ ကျွန်တော့်အမေက မီးအိမ်အောက်မှာ တစ်ညဉ့်လုံး မိုးလင်းပေါက် ထိုင်ပြီးသကာလ နောက်တစ်နေ့ မနက်မှာ တစ်အိမ် သားလုံး ငါးအကြေးခွံတွေလို အဖာတစ်ရာနဲ့ အဝတ်အစားတွေကို ပြန်လဲ ဝတ်လိုက်ကြရတယ်။ ကျွန်တော်တို့ဟာ မနက် နေရောင်အောက်မှာ အိမ်ပြင် ကို ရေကူး ထွက်လာကြတဲ့ ရယ်စရာကောင်းတဲ့ ငါးလေးကောင်လို ဖြစ်လာ ကြတယ်။ ကျောင်းတက်လမ်းကို မလှမ်းချင် လှမ်းချင် တက်လှမ်းသွားတဲ့

mgyoe.com

mgyoe.com

SAMPLE BOOK


အစ်ကို့ကို မြင်ရတော့ ငါ့အစ်ကိုလည်း ငါနဲ့ စိတ်ခံစားချက်ချင်း တူတာ ရှိပါ ကလားလို့ ကျွန်တော် ပထမဆုံးအကြိမ် အောက်မေ့မိခဲ့ပါတယ်။

စွန်းကွမ်းဘင်းဟာ စွန်းကွမ်ဆိုင်လို ကံကောင်းခြင်း ရောက်လာဖို့ မျှော်လင့်ချိန်မှာ ရှိအပ်တဲ့ ခိုင်မာတဲ့ သမာဓိမျိုး ချို့တဲ့ခဲ့ရှာတယ်။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ရလို့ ကျောင်းမှာ ပိုးစိုးပက်စက် အလှောင်ပြောင်ခံရလို့ စွန်းကွမ်းဘင်းဟာ နောက်များမှာ ဘုရင်လုပ်ရမယ် ဆိုရင်တောင် ဒီလို စုတ်စုတ်ပြတ်ပြတ် ဘယ်တော့မှ ထပ်မဝတ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအတွက် ကျွန်တော့်အစ်ကိုက အခိုင်မာဆုံး အကြောင်းပြချက် တစ်ခုကို ရှာတွေ့လာခဲ့တယ်။ သူက အဖေ့ကို ပြောတယ်။

"လူ့ဘောင်ဟောင်းမှာမှ ဝတ်ကြတဲ့ ဒီလို အဝတ်အစားမျိုးကို ဝတ်စား တာဟာ ကွန်မြူနစ် လူ့ဘောင်သစ်ကြီးကို အကြည်ညိုတန်အောင် လုပ်လိုက် တာပဲ "တဲ့။

ဒီစကားကြောင့် စွန်းကွမ်ဆိုင်ခမျာ ရက်အတန်ကြာအောင် နေမထိ ထိုင်မသာ ဖြစ်ကာ စားမဝင် အိပ်မပျော် ဖြစ်ခဲ့ရရှာတယ်။ အဲဒီနေ့တွေတုန်းက ကျွန်တော့်အဖေဟာ ရွာကလူတွေကို 'ကျုပ်တို့ တစ်အိမ်သားလုံး စုတ်စုတ် ပြတ်ပြတ် ဝတ်ကြတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ အခါးကို အောက်မေ့ရင်း အချိုကို ခံစားနှလုံးသွင်းနေတာပါ' ဆိုပြီး လိုက်လံ ရှင်းပြခဲ့ရရှာတယ်။

"လူ့ဘောင်ဟောင်းရဲ့ ခါးသီးမှုကို ပြန်အောက်မေ့မိတော့မှ ခုလက်ရှိ လူ့ဘောင်သစ်ရဲ့ ချိုမြိန်မှုကို ပိုပြီးတော့ ခံစား သိလာရပါတယ်"ပေါ့။

ကျွန်တော့်အဖေနဲ့ အစ်ကို နေ့ညမလပ် တစ်မျှော်တည်း မျှော်နေခဲ့တဲ့ အစိုးရဘက်က လူတွေလည်း တစ်လကျော်ကြာတဲ့တိုင် ပေါ်မလာခဲ့ဘူး။ ဒီလို နဲ့ ရွာထဲက ပြောသံ ဆိုသံတွေဟာလည်း ကျွန်တော့်အဖေနဲ့ အစ်ကိုရဲ့ ဒဏ်ရာ အမာရွတ်ဟောင်းဆီကို မြားဦးလှည့်လာပါတော့တယ်။ အဲဒီတုန်းက လယ်ယာ လုပ်ငန်း အားလပ်တဲ့ နေ့ရက်တွေမို့ သူတို့မှာ ဇာစ်မြစ်ခြေရာခံဖို့ အချိန်လုံလုံ လောက်လောက် ရှိခဲ့ကြပါတယ်။ နောက်ဆုံးတော့ ဒီကောလာဟလတွေရဲ့ ဇာစ်မြစ်ဟာ ကျွန်တော်တို့ မိသားစုက အစပြုခဲ့တာပဲ ဆိုတာ သူတို့ တွေ့ရှိသွား ကြတယ်။ ကျွန်တော့်အဖေနဲ့ အစ်ကို ဆိုတာလည်း သူတို့ လှောင်ချင်တိုင်း လှောင်၊ ပြောင်ချင်တိုင်း ပြောင်လို့ရတဲ့ ရယ်စရာ ဟာသလုံးလုံး ဖြစ်သွားကြရှာ

mgyoe.com

တယ်။ စွန်းကွမ်ဆိုင်ကိုပဲဖြစ်ဖြစ်၊ စွန်းကွမ်းဘင်းကိုပဲဖြစ်ဖြစ် တွေ့တဲ့လူတိုင်းက မျက်စမျက်နနဲ့-

"အစိုးရဘက်က လူတွေ ရောက်လာပြီလား ဟေ့"လို့ မေးစရာ ဖြစ်လာတယ်။

ကျွန်တော်တို့ မိသားစုကို သိုင်းခြုံထားတဲ့ စိတ်ကူးယဉ် ဇာတ်လမ်းဟာ ပြိုလုတဲ့ခါ ဖြစ်လာတယ်။ ဒီလို ဖြစ်လာရတာဟာ စွန်းကွမ်းဘင်းက စိတ်ကူးယဉ် ဇာတ်လမ်းထဲကနေ အရင်ဦးဆုံး နုတ်ထွက်သွားခဲ့တာကြောင့်ပဲ။ လူငယ်ပီပီ အလျင်စလို အောင်မြင်ချင်တဲ့ သူဟာ ဒါတွေ အားလုံး မဖြစ်နိုင်တော့ဘူး ဆိုတာကို အဖေ့ထက် စောပြီး ကြိုသိလာခဲ့တယ်။

စိတ်ကူးယဉ် အိပ်မက်တွေ ပြိုကွဲခါစ နေ့ရက်တွေတုန်းက စွန်းကွမ်းဘင်းဟာ တမှိုင်မှိုင် တတွေတွေ ဖြစ်ကာ တစ်ချိန်လုံး အိပ်ရာထဲမှာ တစ်ယောက်တည်း အပျင်းကြော ဆွဲနေခဲ့တာကို ကျွန်တော် မြင်ခဲ့ရတယ်။ အဲဒီ အချိန်တုန်းက အဖေဟာ စိတ်ကူးယဉ် အိပ်မက်ထဲမှာပဲ ဇွတ်အတင်း တွယ်ကပ်နေသေးတာမို့ သူတို့သားအဖအကြား ဆက်ဆံရေးဟာလည်း တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့ ခပ်တန်းတန်း ဖြစ်လာတယ်။ အဖေက အသံဖမ်းစက်အောက်မှာ သွားထိုင်နေတတ်တာ အကျင့်ဖြစ်နေပြီ။ အဲဒီမှာ သူက ငှတူတူထိုင်ရင်း ပါးစပ်ကနေ သွားရည်တွေ ယိုစီးကျနေခဲ့တယ်။ အဖေ့ရဲ့ နွားကျပုံကို စွန်းကွမ်းဘင်း တကယ်ပဲ မမြင်ချင်တော့တာပါ။ ဒီလိုနဲ့ ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့ အဆုံးမှာ သူက-

"ဟိုကိစ္စ မစဉ်းစားနဲ့တော့ဗျာ"လို့ ပြောလိုက်တယ်။

ဒီစကားကြောင့် အဖေဟာ အကြီးအကျယ် ပေါက်ကွဲပြီး-

"နင့်မေရိုး ထွက်သွားစမ်းကွာ"လို့ ထဆဲတာကို ကျွန်တော် မြင်လိုက်ရပါတယ်။

ကျွန်တော့်အစ်ကိုကလည်း အလျှော့မပေးဘူးဗျာ။ သူ့ရဲ့ တန်ပြန် တိုက်စစ်က ပိုလို့ ပြင်းထန်ပါတယ်။

"ဒီစကားကို ဝမ်ညီအစ်ကိုဆီမှာ သွားပြော"

အဲဒီအချိန်မှာ အဖေလည်း ကလေးတစ်ယောက်လို စူးစူးဝါးဝါး ထအော်ကာ စွန်းကွမ်းဘင်းကို ခုန်အုပ်ပြီး ငါ နင့်ကို အသေသတ်မယ်လို့ မပြောဘဲ-

"နင်နဲ့ငါနဲ့ ချပြီကွာ"လို့သာ ပြောလိုက်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အမေသာ မရှိခဲ့ရင်၊ အဲဒီ ခွေးနှစ်ကောင် ကိုက်နေသလို ဖြစ်နေတဲ့ ယောက်ျားနှစ်ယောက်ကြားကို အမေသာ သူ့ခန္ဓာကိုယ် ညှပ်စိကလေးနဲ့ ဝင်မကာခဲ့လို့ရှိရင် ကျွန်တော့်ရဲ့ ပြုံလုတဲခါ အိမ်စုတ်ကလေးလည်း ပြိုကျပျက်စီးသွားနိုင်ပါတယ်။

စွန်းကွမ်းဘင်း တစ်ယောက် အိမ်ထဲကနေ မျက်နှာမည်းလျက် ထွက်လာချိန်မှာ ကျွန်တော့်ကို တွေ့သွားတာနဲ့-

"ဒီအဘိုးကြီးတော့ မသာခေါင်းထဲ ဝင်ချင်နေပြီ"လို့ ပြောလိုက်ပါတယ်။

တကယ်တော့ ကျွန်တော့်အဖေဟာ အချိန်ကာလရှည်ကြာစွာ အထီးကျန်တဲ့ အရသာကို ခံစားခဲ့ရပြီး ဖြစ်ပါတယ်။ သူနဲ့ အစ်ကိုနဲ့ ကြားမှာ ညီလေးသေခါစတုန်းကလို စိတ်သဘောထားချင်း တိုက်ဆိုင်မှုမျိုး လုံးဝ မရှိတော့ပါဘူး။ သူတို့နှစ်ယောက်ဟာ လှပသော ရှေ့အနာဂတ် ပန်းချီကားကို စိတ်လိုလက်ရ အတူတကွ ရေးခြယ်ဖို့ မဖြစ်နိုင်တော့ဘူး။ အစ်ကို နုတ်ထွက်သွားခြင်းကြောင့် အဖေတစ်ယောက်တည်း စိတ်ကူးယဉ်ထဲမှာ အထီးကျန် ဖြစ်ခဲ့ရှာတယ်။ ဒါတင်မက အစိုးရလူတွေ ပေါ်မလာနိုင်တော့ဘူး ဆိုတဲ့ အတွေးကို သူတစ်ယောက်တည်း တွန်းလှန်ခဲ့ရှာသေးတယ်။ ဒါကြောင့်မို့လည်း အစ်ကိုက အဖေ့ကို တစ်နေ့တခြား ကြည့်မရ ဖြစ်လာချိန်မှာ အဖေကလည်း အစ်ကိုနဲ့ ရန်ဖြစ်ဖို့အတွက် ရမယ်ရှာ နေပါတော့တယ်။ အဲဒီတစ်ခေါက် စကားများပြီး အချိန်အတော်ကြာတဲ့အထိ သူတို့နှစ်ယောက်ဟာ မာန်စောင်တခဲခဲ ဖြစ်ချင်ဖြစ်၊ မဟုတ်လို့ရှိရင် ခပ်တန်းတန်းပဲ ဖြစ်လာကြတော့တယ်။

ကျွန်တော့်အဖေ စွန်းကွမ်ဆိုင်ဟာ ရွာထိပ်က လမ်းကလေးကို ထူးဆန်းစွာ စိုက်ကြည့်နေခဲ့တယ်။ ကြုန်းရှန်းဝတ်စုံ ဝတ်ထားတဲ့ အစိုးရ ကိုယ်စားလှယ်တွေ ရောက်လာဖို့ကို ခမျာ မျှော်တလင့်လင့် ဖြစ်နေရှာတာကိုး။ အဖေ့ရင်ထဲက လျှို့ဝှက်ချက်ကို ရွာက ကလေးတွေ သိသွားကြတယ်။ ဒီလိုနဲ့ ကျွန်တော်တို့အိမ်ရှေ့ကို ကလေးတချို့ မကြာမကြာ ဆိုသလို အပြေးရောက်လာကြပြီး-

"စွန်းကွမ်ဆိုင်ရေ၊ ကြုန်းရှန်းဝတ်စုံနဲ့ လူတွေ ရောက်လာပြီ"လို့ ဝိုင်းအော်ကြပါတော့တယ်။

mgyoe.com

အစောပိုင်းမှာတော့ ဒီလို လာအော်တိုင်း သူ့မှာ အူယားဖားယား ဖြစ်ခဲ့ရရှာတယ်။ ကျွန်တော့်အဖေဟာ စိတ်လှုပ်ရှားလာတဲ့အခါ ဝရမ်းပြေး တစ်ယောက်လိုပဲ ဂနာမငြိမ် ဖြစ်တတ်ပါတယ်။ သူ မျက်နှာဖြူဖပ်ဖြူရော်နဲ့ ရွာထိပ်ဆီကို အပြေးသွားပြီး ပြန်လာတဲ့ အခါမှာတော့ စိတ်ပျက်လက်ပျက် အမူအရာ ဖြစ်နေတာကို ကျွန်တော် အစအဆုံး ကြည့်နေခဲ့မိတယ်။ စွန်းကွမ်ဆိုင် နောက်ဆုံးအကြိမ် အညာမိခဲ့တာက ဆောင်းတွင်းရောက်ခါနီးမှာ ကိုးနှစ်သား ချာတိတ်လေး တစ်ယောက် တစ်ယောက်တည်း အပြေးရောက်လာပြီး–

"စွန်းကွမ်ဆိုင်ရေ၊ ကြုန်းရှန်းဝတ်စုံနဲ့ လူတွေ အများကြီးပဲ ရောက်လာကြပြီ"လို့ အော်ခဲ့တဲ့ အခေါက်တုန်းက ဖြစ်ပါတယ်။

စွန်းကွမ်ဆိုင်ဟာ တံမြက်စည်းတစ်လက်နဲ့ ပြေးထွက်သွားပြီး–

"သယ်၊ ဒီသောက်ကောင်လေး၊ ငါ သတ်မိတော့မယ်နော်"လို့ ကြိမ်းလိုက်ပါတယ်။

ချာတိတ်လေးက ချာခနဲ လှည့်ပြေးသွားပြီး မလှမ်းမကမ်း ရောက်တဲ့အခါ ရပ်ပြီးတော့ ဆက်အော်တယ်။

"မညာဘူးနော်၊ ညာရင် ခွေးမသားကွာ၊ ခွေးသားကွာ"

ချာတိတ်လေးက တာဝန်ယူမှုမဲ့စွာ ကိုယ့်မိဘနဲ့ကိုင်ပြီး ကျိန်တွယ်ပြောဆိုလိုက်တာကြောင့် စွန်းကွမ်ဆိုင်လည်း အိမ်ထဲ ပြန်ရောက်တဲ့အခါ နေမထိထိုင်မသာ ဖြစ်လာတော့တယ်။ သူက လက်ဝါးပွတ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း–

"တကယ် ရောက်လာတာ ဆိုရင် ဘယ်လိုလုပ်မလဲ၊ ဘာမှလဲ ပြင်ဆင်မထားဘူး"လို့ တစ်ကိုယ်တည်း ရေရွတ်နေတော့တယ်။

စိတ်မချတာနဲ့ နောက်ဆုံးတော့ စွန်းကွမ်ဆိုင်လည်း ရွာထိပ်ကို အပြေးရောက်သွားခဲ့ရှာပါတယ်။ ဟိုရောက်တော့ လယ်တော ဟင်းလင်းပြင်ကြီးနဲ့ အထီးကျန်နေတဲ့ သစ်ပင်တွေကိုသာ တွေ့ခဲ့ရတယ်။ အဲဒီတုန်းက ကျွန်တော်က မလှမ်းမကမ်းမှာ ရှိတဲ့ ကန်စပ်မှာ ထိုင်ရင်း အဖေတစ်ယောက် ရွာထိပ်မှာ ငူတူတူ မတ်တတ်ရပ်နေတာကို ကြည့်နေခဲ့ပါတယ်။ လေအေးတိုက်လာတော့ သူလည်း အင်္ကျီရင်ဝကို ဆွဲစေ့လိုက်မိတယ်။ အဲဒီနောက်မှာ သူ ဆောင့်ကြောင့် ထိုင်ချလိုက်တယ်။ ဒူးခေါင်းတွေ အေးလို့ ထင်ပါရဲ့၊ ကျွန်တော့်အဖေဟာ ဒူးခေါင်းကို

mgype.com

mgyoe.com

လက်နှစ်ဖက်နဲ့ မနားတမ်း ပွတ်နေရှာတယ်။ ဆောင်းတွင်းရောက်ခါစ ညနေစောင်းမှာ စွန်းကွမ်ဆိုင်ဟာ ရွာထိပ်မှာ ချမ်းတုန်စွာ ဆောင့်ကြောင့် ထိုင်ရင်း အဝေးဆီက လမ်းကလေးကို အချိန်အကြာကြီး မျှော်ကြည့်နေခဲ့ပါတယ်။

အဖေဟာ မိမိစိတ်ကူးယဉ်ကို မြဲမြဲ စွဲကိုင်လာပါတယ်။ နွေဦးပွဲတော် ရောက်ခါနီးတော့မှပဲ မတတ်သာတဲ့အဆုံး ရင်နာနာနဲ့ စွန့်လွှတ်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရွာက အိမ်တိုင်းလိုလိုကနေ နှစ်သစ်ကူး ကောက်ညှင်းထောင်းတဲ့ အသံတွေ ကြားလာရပြီ။ ကျွန်တော်တို့ အိမ်မှာတော့ ဖရိုဖရဲ ပြိုကွဲနေတာကြောင့် နှစ်သစ်ကူးရနံ့တွေ တစ်စက်မှ မရှိဘူး ဖြစ်နေခဲ့တယ်။ နောက်တော့မှ အမေက အရဲကိုးကာ အဖေ့ကို မေးလိုက်တယ်–

"ဒီနှစ်သစ်ကို ဘယ်လိုကူးကြမလဲ"

အဲဒီတုန်းက အဖေဟာ ရေဒီယိုအောက်မှာ စိတ်ပျက်လက်ပျက် ထိုင်နေပြီး အတန်ကြာအောင် စဉ်းစားပြီးတော့မှ–

"ကြွန်းရှန်း ဝတ်စုံဝတ်တဲ့ လူတွေလဲ မလာတော့ဘူးနဲ့ တူပါတယ်ကွာ"လို့ ပြောလိုက်တယ်။

အဖေဟာ အစ်ကို့ကို အစဉ်သဖြင့် တိတ်တခိုး မျှော်ကြည့်နေတာကို ကျွန်တော် သတိထားမိလာခဲ့တယ်။ အဖေလည်း ကျွန်တော့်အစ်ကိုနဲ့ ငြိမ်းချမ်းရေး ပြန်ယူချင်တာ သိသာပါတယ်။ နှစ်သစ်ကူး အကြိုညမှာ အဖေဟာ အစ်ကို့ကို အရင်ဦးဆုံး စကားပြန်ပြောလာတယ်။ အဲဒီတုန်းက စွန်းကွမ်းဘင်းဟာ ထမင်းစားပြီးတော့ အပြင်ထွက်မလို့ ပြင်နေတုန်း စွန်းကွမ်ဆိုင်က သူ့ကို လှမ်းခေါ်လိုက်တယ်။

"မင်းနဲ့ ငါ တိုင်ပင်စရာ ရှိတယ်"

နှစ်ယောက်သား အိမ်ထဲ ဝင်သွားပြီး သူတို့ရဲ့ နှစ်ကိုယ်ကြား တီးတိုး စကားပြောခန်းကို စတင်ပါတယ်။ ပြန်ထွက်လာတော့ နှစ်ယောက်စလုံးရဲ့ မျက်နှာထားဟာ တစ်ပုံစံတည်း တည်တည်ကြီး ဖြစ်နေတယ်။ နောက်တစ်နေ့ မနက်မှာ၊ တရုတ်နှစ်ဆန်းတစ်ရက်နေ့မှာပေါ့၊ စွန်းသားအဖဟာ ကယ်တင်ခြင်း ခံရတဲ့ ကလေးရဲ့ အိမ်သားတွေကို အတူသွားရှာကြတော့တယ်။

သူ့ရဲ့ကောင်းဖခင် ဖြစ်ဖို့ရာ လမ်းစမမြင်တော့တဲ့ စွန်းကွမ်ဆိုင်ဟာ ငွေရဲ့ ညှို့ဓာတ်ကို တစ်ဖန်ပြန်၍ ခံစား သိလာပါတော့တယ်။ သူက ဟိုအိမ်က

mgyoe.com

လူတွေဆီကနေ စွန်းကွမ်းမင်း သေသွားတဲ့အတွက် လျော်ကြေး သွားတောင်းပါတယ်။ လျော်ကြေး ယွမ်ငါးရာ တောင်းပစ်လိုက်တယ်။ ဟိုဘက်ကလည်း ဒီငွေပမာဏကြောင့် လန့်ဖျပ်သွားတာပေါ့။ သူတို့မှာ ဒီလောက်ငွေတွေ အများကြီး မရှိနိုင်ဘူးလို့ စွန်းသားအဖကို ပြောပြကြတယ်။ တစ်ဆက်တည်းမှာပဲ ဒီနေ့ဟာ နှစ်ဆန်းတစ်ရက်နေ့ ဖြစ်တဲ့အကြောင်း သတိပေးပြီး ဒီကိစ္စကို နောက်နေ့မှ ဆွေးနွေးစေချင်ပါတယ်လို့ ပြောလိုက်တယ်။

စွန်းသားအဖကတော့ သူတို့ကို ချက်ချင်း လျော်ကြေးပေးခိုင်းတယ်။ မပေးတတ်လို့ရှိရင် အိမ်မှာရှိတဲ့ ပရိဘောဂတွေ အကုန်လုံး ရိုက်ချိုး ဖျက်ဆီးပစ်မယ်လို့ ခြိမ်းခြောက်လိုက်တယ်။

"အတိုးထည့်ပေါင်းပြီး မတောင်းတာပဲ နင်တို့ သက်သာတယ်မှတ်" လို့ စွန်းကွမ်ဆိုင်က ပြောတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ အဝေးမှာ ရှိနေတယ် ဆိုပေမဲ့ အဲဒီကနေ လွင့်ပျံလာတဲ့ ငြင်းခုံသံတွေကတော့ တော်တော်ကို ကျယ်လောင်တာကြောင့် ကျွန်တော်လည်း ဘာဖြစ်နေတယ် ဆိုတာကို သဘောပေါက်သွားပါတယ်။ အဲဒီနောက်မှာ သူတို့အိမ်က ပရိဘောဂတွေကို အဖေနဲ့ အစ်ကို ရိုက်ချိုး ဖျက်ဆီးနေတဲ့ အသံတွေ ကျွန်တော် ကြားလာရပါတယ်။

နှစ်ရက်နေတော့ ရဲယူနီဖောင်း ဝတ်ထားတဲ့ လူသုံးယောက် ရွာကို ရောက်လာတယ်။ ကျွန်တော်တို့ ထမင်းစားနေစဉ်မှာပဲ ကလေးတချို့ အိမ်ရှေ့ကို အပြေးရောက်လာပြီး–

"စွန်းကွမ်ဆိုင်ရေ၊ ကြူန်းရှန်းဝတ်စုံနဲ့ လူတွေ ရောက်လာပြီဟေ့"လို့ အော်ကြပါတယ်။

စွန်းကွမ်ဆိုင် တစ်ယောက် တံမြက်စည်းစွဲပြီး ပြေးထွက်သွားတဲ့အခါ အိမ်ကို ဦးတည်လာနေတဲ့ ရဲသုံးယောက်ကို တွေ့လိုက်ရပါတယ်။ သူလည်း အားလုံးကို သဘောပေါက်သွားပြီး ရဲတွေကို အော်ပြောလိုက်တယ်။

"ခင်ဗျားတို့က လူဖမ်းဖို့ လာကြတာလား"

အဲဒါဟာ ကျွန်တော့်အဖေရဲ့ မာန်အပါဆုံး အခိုက်အတန့်ပါပဲ။ သူက ရဲတွေကို အော်ပြောလိုက်တယ်။

"ခင်ဗျားတို့ ဘယ်သူ့ကို ဖမ်းမလို့လဲ၊ ဖမ်းရဲရင် ဖမ်းကြည့်လိုက်ပေါ့ဗျာ"

mgyoe.com

mgyoe.com  SAMPLE BOOK 

သူက ကိုယ့်ရင်ဘတ် ကိုယ်ပုတ်ကာ "ကျုပ်က သူ့ရဲကောင်းရဲ့အဖေဗျ"လို့ ပြောပြီး စွန်းကွမ်းဘင်းကိုလည်း ညွှန်ပြကာ "အဲဒါ သူ့ရဲကောင်းရဲ့အစ်ကိုပဲ" ပြီးတဲ့အခါ ကျွန်တော့်အမေကို ညွှန်ပြကာ "ဟောဒါက သူ့ရဲကောင်းရဲ့အမေ" အဖေက ဘေးမှာ ရပ်နေတဲ့ ကျွန်တော့်ကိုလည်း တစ်ချက် ကြည့်လိုက်တယ်။ ဒါပေမဲ့ ဘာမှတော့ မပြောဘူး။ "ခင်ဗျားတို့ ဘယ်သူ့ကို ဖမ်းမလို့လဲ၊ ဖမ်းရဲရင် ဖမ်းကြည့်လိုက်ပေါ့ဗျာ"

ရဲက အဖေ့စကားကို စိတ်ဝင်စားမှု အလျှင်းမရှိဘဲ–

"စွန်းကွမ်ဆိုင်က ဘယ်သူလဲ"လို့သာ ခပ်အေးအေး မေးလိုက်တယ်။

"ကျုပ်ပဲ"လို့ အဖေက အော်ပြောလိုက်တယ်။

"ခင်ဗျား ကျုပ်တို့နဲ့ လိုက်ခဲ့ရမယ်"လို့ ရဲက သူ့ကို ပြောလိုက်တယ်။

အဖေဟာ ကြုန်းရှန်းဝတ်စုံနဲ့ လူတွေကို တစ်မျှော်တည်း မျှော်နေခဲ့ပေမဲ့ တကယ်တမ်း ရောက်လာတာကျတော့ ရဲယူနီဖောင်းနဲ့ လူတွေ ဖြစ်နေတယ်။ အဖေ့ကို ဖမ်းသွားပြီးတဲ့နောက် ရဲအရာရှိက ပရိဘောဂရိုက်ချိုး ဖျက်ဆီးခံရတဲ့ အိမ်ကလူတွေကို ကျွန်တော်တို့ဆီ ခေါ်လာတယ်။ ရဲအရာရှိက ကျွန်တော့် အစ်ကိုနဲ့ ကျွန်တော့်အမေကို ပြောတယ်။ ကျွန်တော်တို့ဘက်က လျော်ပေးရမယ် တဲ့။ ကျွန်တော်လည်း အိမ်နောက်ဖေးက ကန်စပ်နားကို သွားပြီး အိမ်က ပစ္စည်းတွေ သယ်သွားခံရတာကို ကြည့်နေခဲ့မိတယ်၊ မီးဘေးကြီး တစ်ခု ရင်ဆိုင်ပြီးတဲ့ နောက်ပိုင်း ခက်ခဲပင်ပန်းကြီးစွာ စုဆောင်းလာခဲ့ရတဲ့ ပစ္စည်းတွေလည်း ခုတော့ သူများဥစ္စာ ဖြစ်သွားပြန်လေပြီ။

လဝက်ကြာပြီးနောက်မှာ အဖေ အချုပ်ထဲကနေ ပြန်လွတ်လာတယ်။ သားအိမ်ထဲကနေ ခုမှ ထွက်လာခါစ မွေးကင်းစ ကလေးလေးပမာ ဖြူဖြူ သန့်သန့်ကလေး ဖြစ်နေတယ်၊ အရင်က တော်တော်ကြီးကို ကြမ်းတမ်း ခက်တရော် ခဲ့တဲ့ အဖေဟာ ကျွန်တော်တို့ဆီ ပြန်လာချိန်မှာတော့ မြို့က လာတဲ့ အရာရှိ တစ်ယောက်လို နုရေဖပ်ရေဖြစ်နေတယ်။ သူက ပီကင်းအထိ တက်တိုင်မယ်လို့ သတင်းလွှင့်တယ်၊ ဘယ်တော့ သွားမလဲလို့ သူများက မေးတဲ့အခါ သူက သုံးလ နေလို့ လမ်းစရိတ်ရှိလာတဲ့ အခါမှ သွားမယ်လို့ ပြောတယ်။ သို့သော်ငြားလည်း သုံးလကြာပြီးနောက်မှာ အဖေဟာ ပီကင်းကို မတက်ဖြစ်ခဲ့ဘဲ ကျွန်တော်တို့ အိမ်ရဲ့ မျက်စောင်းထိုးအိမ်က မုဆိုးမ အိပ်ရာပေါ်ကိုပဲ တက်သွားဖြစ်ခဲ့ပါတယ်။

mgyoe.com

ကျွန်တော့်မှတ်ဉာဏ်ထဲမှာ ကျန်ရှိတဲ့ မုဆိုးမရဲ့ ပုံရိပ်ဟာ ကန်သင်းပေါ်မှာ ခြေဗလာနဲ့ သုတ်သုတ်သုတ်သုတ် လျှောက်သွားတတ်တဲ့ အသက်လေးဆယ်နီးပါး တုတ်တုတ်ခိုင်ခိုင်၊ အာပြဲမ တစ်ယောက် ဖြစ်ပါတယ်။ အင်္ကျီစကို ဘောင်းဘီထဲ အမြဲတစေ ထိုးသိပ်ထားခြင်းဟာ သူ့ရဲ့ အထင်ရှားဆုံး အမှတ်အသားဖြစ်တာကြောင့် သူ့ရဲ့ တင်ပါးဆုံကြီးဟာလည်း ကွယ်ဝှက်ခြင်း အလျှင်းမရှိစွာ ကြွားကြွားဝင့်ဝင့်ကြီး ဖြစ်နေပါတော့တယ်။ အဲဒီခေတ်တုန်းက မုဆိုးမအနေနဲ့ ဒီလို ဝတ်စားတာဟာ အလွန်ကို ထူးခြားဆန်းပြားတဲ့ ဝတ်စားဆင်ယင်မှုပါ။ မြို့ကောင်ပေါက်မလေးတွေတောင်မှ ဒီလိုမျိုး မိမိရဲ့ ခါးပိုင်းတို့ တင်ပိုင်းတို့ကို ပေါ်လွင်အောင် မဝတ်စားရဲကြသေးပါဘူး။ ခါးပျောက်နေပြီဖြစ်တဲ့ မုဆိုးမဟာ တင်ပါးဆုံကြီးကို လှုပ်ခါလိုက်တာနဲ့ သူ့တစ်ကိုယ်လုံးပါ လှုပ်ခါသွားပါတယ်။ သူ့ရင်ကတော့ သူ့တင်လို မထင်ပေါ်ဘဲ မြို့က ကွန်ကရစ်လမ်းပမာ ပြားချပ်ချပ်ဖြစ်ပါတယ်။ ဦးလောကြီး ပြောဖူးတာ ကျွန်တော် မှတ်မိသေးတယ်။ သူ့ရင်က အသားတွေက ဖင်ကို အကုန်ရောက်သွားတာတဲ့။ ဦးလောကြီးက ထပ်ပြောထားတာ ရှိသေးတယ်။

"အဲဒီတော့လဲ အလုပ်သက်သာတာပေါ့ကွာ၊ သူ့ဖင်ကို ကိုင်လိုက်ရုံနဲ့ သူ့နို့ကိုပါ ကိုင်ပြီးသား ဖြစ်သွားတာပေါ့ကွာ"

ညနေစောင်း အလုပ်သိမ်းတဲ့အခါ ရွာက လူငယ်တွေကို မုဆိုးမက–

"ညကျရင် ငါ့အိမ် လာခဲ့နော်"လို့ ဖော်ရွေပျူငှာစွာ လှမ်းခေါ်နေတာ ကျွန်တော် ငယ်ငယ်တုန်းက မကြာခဏ ကြားခဲ့ရဖူးတယ်။

အခေါ်ခံရတဲ့ လူငယ်တွေ ပြန်ထူးလေ့ ရှိတာက–

"လာစရာလား၊ နင့်ဟာက လျော့ရဲရဲကြီး"

အဲဒီတုန်းက သူတို့အချင်းချင်း ပြောနေကြတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ခဲ့ပါ။ တဖြည်းဖြည်း လူလားမြောက်လာတဲ့ အခါကျမှ ရွာမှာ ကာမစည်းစိမ်ခံစားရင်း သာယာခဲ့တဲ့ မုဆိုးမ အကြောင်းကို သဘောပေါက် နားလည်လာခဲ့ပါတယ်။ အဲဒီတုန်းက ဒီလို ဟာသမျိုး အမြဲလိုလို ကြားဖူးခဲ့သေးတယ်။ လူတစ်ယောက် ညအချိန် မှောင်ရိပ်ခိုပြီး မုဆိုးမ အိပ်ရာနား အရောက်သွားပြီးခါမှ တဟင်းဟင်း ဟောဟဲလိုက်သံကြားထဲကနေ မုဆိုးမက–

"မရတော့ဘူး၊ လူရှိနေပြီ"လို့ ဗလုံးဗထွေး ပြောလိုက်သတဲ့။

mgyoe.com

mgyoe.com


နောက်ကျမှ ရောက်လာသူအဖို့ ပြန်ခါနီးမှာ မုဆိုးမရဲ့ အကြံပြုချက်ကို ဒီလို ကြားနိုင်ရပါသေးတယ်။

"မနက်ဖြန်ညကျ စောစောလာခဲ့နော်"တဲ့။

တကယ်တော့ ဒီဟာသက အခြေအနေမှန်တစ်ခုကို ပြသလိုက်တာပဲ ဖြစ်ပါတယ်။ အဲဒါကတော့ ညမိုးချုပ်ပြီ ဆိုတာနဲ့ မုဆိုးမရဲ့ အိပ်ရာမှာ ဧည့်ပြတ်နေတာမျိုး အလွန်ရှားတယ် ဆိုတာပါပဲ။ အပူအိုက်ဆုံး နွေညတွေမှာတောင်မှ မုဆိုးမရဲ့ ညည်းညူသံဟာ ပြတင်းပေါက်ကတစ်ဆင့် ရွာသားတွေ လေညင်းခံရာ နေလှန်းတလင်းပြင်အထိ လွင့်ပျံ့လာတတ်တာမို့ ဦးလောကြီးကတောင်–

"ဒီလောက် ပူအိုက်တဲ့ ရာသီကြီးမှာကွာ၊ တကယ့်ကို စံပြလုပ်သား တွေပဲဟေ့"လို့ ချီးမွမ်းခဲ့ရပါတယ်။

တုတ်ခိုင်ထွားကျိုင်းတဲ့ မုဆိုးမဟာ လူငယ်တွေနဲ့ အိပ်ရတာကို သဘောကျတယ်။ ကန်သင်းပေါ်မှာ စကားပြောနေတဲ့ သူ့အသံပြကြီးက ခုထက်တိုင် ကျွန်တော့်မှတ်ဉာဏ်ထဲမှာ မြည်ဟည်းနေဆဲ။ အဲဒီတစ်ကြိမ်တုန်းက သူက ရွာက မိန်းမတွေကို ဒီလို ပြောပြနေခဲ့တယ်။

"လူငယ်တွေက သန်လဲသန်တယ်၊ သန့်လဲသန့်တယ်၊ အာပုပ် စော်လဲ မနံဘူး အေ့"

သို့သော်ငြားလည်း နောင်မှာ အဆုတ်ရောဂါနဲ့ သေသွားတဲ့ အဲဒီတုန်းက အသက်ငါးဆယ်ကျော်အရွယ် ယခင်ကုန်ထုတ်လုပ်ရေး အဖွဲ့ခေါင်းဆောင် သူ့ ခုတင်ရှေ့ ရောက်လာတဲ့ အခါမှာတော့ သူက ရင်ဖိုလှိုက်မောစွာ လက်ခံခဲ့တာ ပါပဲ။ သူက တစ်ခါတလေ အာဏာပိုင်တွေနဲ့လည်း အိပ်ပေးရပါတယ်။ နောက်ပိုင်း မှာ မုဆိုးမလည်း အရွယ်ကျလာတော့ လူလတ်ပိုင်း အရွယ်တွေကိုပါ လှိုက်လှဲစွာ ကြိုဆိုလာခဲ့ရပါတယ်။

ကျွန်တော့်အဖေ စွန်းကွမ်ဆိုင်ဟာ အဲဒီကာလမှာပဲ မုဆိုးမရဲ့ တစ်နေ့ တခြား အထီးကျန် ဖြစ်လာနေတဲ့ သစ်သားခုတင်ပေါ်ကို ပရဟိတသမားကြီး တစ်ယောက်ပမာ တက်သွားခဲ့တာပါ။ အချိန်က နွေဦးပေါက်ခါစ တစ်ခုသော ညနေခင်းမှာပါ။ ကျွန်တော့်အဖေဟာ ဆန်တစ်အိတ်ထမ်းပြီး မုဆိုးမရဲ့ အခန်း ထဲကို ဝင်သွားတယ်။ အခန်းထဲ ဝင်လာတဲ့ စွန်းကွမ်ဆိုင်ကို မုဆိုးမက မြင်းခုံ ပေါ်မှာ ဖိနပ်ထိုင်ချုပ်နေရင်း မျက်စောင်းထိုးကာ ကြည့်နေခဲ့တယ်။

mgyoe.com

ကျွန်တော့်အဖေက ပြုံးဖြဖြနဲ့ ဆန်အိတ်ကို သူ့ရှေ့ချလိုက်ပြီး သူ့ကို ဖက်ဖို့ လုပ်တယ်။

"နေဦး"

မုဆိုးမက လက်နဲ့လှမ်းတားလိုက်ပြီး–

"ကျုပ်က ငွေပေးတိုင်း ရတဲ့အစားထဲက မဟုတ်ဘူးနော်"

ပြောရင်း လက်က ကျွန်တော့်အဖေ ပေါင်ကြားကို နှစ်ချက်လောက် ကိုင်စမ်းကြည့်လိုက်တယ်။

"ဘယ့်နှယ်လဲ"လို့ အဖေက ပြုံးဖြဖြ မေးလိုက်တယ်။

"ဖြစ်ပါသေးတယ်"လို့ မုဆိုးမက ပြန်ဖြေတယ်။

တစ်သက်လုံးနီးပါး လမ်းမှန်ကမ်းမှန် နေလာခဲ့တဲ့ အဖေဟာ စိတ်ကူးယဉ် အိပ်မက်တွေ ပြိုလဲပြီး ကံတရားရဲ့ ကျီစားမှုဒဏ်ကို ခံရပြီး သကာလ ချက်ချင်းကြီး ဆိုသလို ဉာဏ်ပွင့်လာခဲ့တယ်။ အဲဒီ နောက်ပိုင်းမှာ စွန်းကွမ်ဆိုင် ဟာ အရာရာကို ဖြတ်သန်းလာခဲ့ပြီးလို့ အတွေ့အကြုံရှိတဲ့ ဆရာကြီးလေသံနဲ့ ရွာက လူငယ်တွေကို လိုက်ပြီး တရားဟောတော့တယ်။

"မင်းတို့ကောင်တွေ အရွယ်ရှိတုန်း မိန်းမတွေကိုသာ စုံအောင် အိပ်ကြည့်ကြ၊ တခြားဟာတွေက အကုန်လုံး အတုတွေချည်းပဲကွ"

အဖေတစ်ယောက် မုဆိုးမရဲ့ ကနုတ်ပန်း ပုံဖော်ထားတဲ့ ရှေးဟောင်း သစ်သားခုတင်ပေါ်ကို ပေါ်ပေါ်ထင်ထင် တက်သွားတာတွေကို စွန်းကွမ်းဘင်း အစအဆုံး မြင်ခဲ့ရတယ်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မုဆိုးမအိမ်ထဲ ဝင်ချင်တိုင်း ဝင်နေတဲ့ အဖေ့ကြောင့် ကျွန်တော့်အစ်ကို တော်တော်ကလေး အနေခက် လာခဲ့တယ်။ တစ်နေ့မှာတော့ အဖေ စားပြီး သောက်ပြီးလို့ အိမ်ကထွက်ပြီး မုဆိုးမဆီမှာ အစာသွားခြေမယ် အလုပ်မှာ အစ်ကို့ဆီက စကားသံ ထွက်လာ တယ်။

"တော်လောက်ပြီ ထင်တယ်နော်"

အဖေက လုံးဝ ဂရုမစိုက်တဲ့ မျက်နှာထားနဲ့–

"ဒီလိုကိစ္စမျိုးက တော်လောက်စရာလား"လို့ ပြန်ပြောလိုက်တယ်။

စွန်းကွမ်ဆိုင် တစ်ယောက် မုဆိုးမအိမ်ထဲကို အားမာန်အပြည့်နဲ့ ဝင်သွားပြီးတော့ ခြေကုန်လက်ပန်းကျကာ ပြန်ထွက်လာခဲ့တဲ့ နေ့ရက်တွေမှာ

mgyoe.com

mgyoe.com

ကျွန်တော်ဟာ အမေ့ကို ညှိုးငယ်သောစိတ်နဲ့ ခိုးကြည့်နေခဲ့မိတယ်။ အမြဲလိုလို လက်ထဲမှာ အလုပ်တစ်ခု မဟုတ် တစ်ခု လုပ်နေတတ်ပြီး စကားလည်း နည်းတဲ့ အမေဟာ ကြိတ်မှိတ်သည်းခံနေခဲ့ရတဲ့ နေ့ရက်တွေမှာ ဘာမှမဖြစ်သလို ဟန်ဆောင်နေနိုင်ခဲ့ရှာပါတယ်။ စွန်းကွမ်ဆိုင် တစ်ယောက် မုဆိုးမ အိပ်ရာကနေ ခွာလာပြီး အမှောင်ထဲ အမေ့အိပ်ရာပေါ်ကို တက်သွားချိန်မှာ အမေတစ်ယောက် ဘယ်လို ခံစားနေရှာမလဲ။ ကျွန်တော့်အတွေးတွေဟာ ဒီနေရာမှာ အချိန်အကြာကြီး ရပ်တန့်နေခဲ့တယ်။ ကျွန်တော်ဟာ ဆိုးလည်း ဆိုးယုတ်ပြီး စာနာသနားမှုလည်း ရှိတဲ့ စိတ်နဲ့ အမေ့ခံစားချက်ကို မှန်းဆနေခဲ့မိတယ်။

နောက်ပိုင်း ဖြစ်လာတဲ့ ကိစ္စကတစ်ဆင့် ကျွန်တော်လည်း အမေ့ရဲ့ ဘာမှမဖြစ်သလို ဟန်ဆောင်မှုနောက်ကွယ်မှာ ပြင်းထန်တဲ့ အမုန်းဒေါသတွေ ကိန်းအောင်းနေခဲ့မှန်း ခံစားသိရှိလာခဲ့ပါတယ်။ မုဆိုးမအပေါ် ထားရှိတဲ့ အမေ့ရဲ့ အမုန်း အာဃာတတွေကတစ်ဆင့် မိန်းမတွေရဲ့ စိတ်ထား ကျဉ်းမြောင်းမှုကို ကျွန်တော် တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော် အမေ့ကို စိတ်ထဲကနေ အကြိမ်ကြိမ် သတိပေးနေခဲ့ပါတယ်။ အမေ မုန်းရမယ့်လူဟာ အဖေဗျ၊ မုဆိုးမ မဟုတ်ဘူး၊ အဖေ မုဆိုးမ ခုတင်ပေါ်က ဆင်းလာပြီး အမေ့အနား ရောက်လာချိန်မှာ အမေ သူ့ကို ငြင်းဆန်ပစ်ရမှာဗျ။ ဒါပေမဲ့ အမေဟာ အဖေ့ကို ဘယ်လိုအကြောင်းနဲ့မှ မငြင်းဆန်ခဲ့ဘဲ ခါတိုင်းလိုပဲ သူ့အလိုကို အပြည့်အဝ လိုက်လျောခဲ့ပါတယ်။

နောက်ဆုံးတော့ အမေ့ရဲ့ ဒေါသတွေ ပေါက်ကွဲလာပါတယ်။ အဲဒါ ဟင်းသီးဟင်းရွက် စိုက်ခင်းထဲမှာ မြေဩဇာ လောင်းနေတုန်းကပါ။ အဲဒီအချိန်မှာ မုဆိုးမဟာ လယ်ကန်သင်းပေါ်ကနေ ကြွားကြွားဝင့်ဝင့် လျှောက်လာတယ်။ မုဆိုးမရဲ့ မျက်နှာအမူအရာကို ကြည့်ရင်း အမေ ရုတ်တရက် တစ်ကိုယ်လုံး အသားတွေ ဆတ်ဆတ်တုန်လာတယ်။ ကာလရှည်ကြာ မျိုသိပ်ထားတဲ့ အမုန်း ရန်ငြိုးတွေက အမေ့ရဲ့လက်ထဲက မစင်ယောက်ချိုကို မုဆိုးမကိုယ်ပေါ် လွှဲယမ်းသွားစေခဲ့တယ်။ မုဆိုးမရဲ့ ကြည်နူးပျော်ရွှင်နေသော ကိုယ်ပေါ်ကို မစင်ရည်တွေဟာ လေနဲ့အတူ လွင့်စဉ် ပေကျံသွားတာကြောင့် မုဆိုးမလည်း စစ်ခရာတမျှ ကျယ်လောင်တဲ့ အာပြဲကြီးနဲ့-

mgyoe.com

"နင် ကန်းနေသလား"လို့ အော်လိုက်ပါတော့တယ်။

ဒေါသ အမျက်ခြောင်းခြောင်း ထနေတဲ့ အမေလည်း အသံဆတ်ဆတ် တုန်လျက်–

"နင် မြို့တက်ပြီး ဒရိုန်းပြကွင်းမှာ ယောကျ်ားတွေ တန်းစီ မုဒိမ်းကျင့်တာ သွားခံလိုက်ပါလား"

"အောင်မာ" မုဆိုးမကလည်း အလျှော့မပေးဘူး၊ "နင်က ဘာသောက်ဆင့်ရှိလို့ ဒီစကား ပြောရတာလဲ။ အိမ်ပြန်ပြီး နည်းနည်းပါးပါး ဆေးကြောလိုက်ဦး။ နင့်ယောကျ်ားက ပြောတယ်၊ နင့်ဟိုနေရာက အပုပ်နံ့ ဟောင်နေတာပဲတဲ့"

တဂတ်ဂတ် အော်နေတဲ့ ဘဲနှစ်ကောင်ပမာ အသံကျယ်ကျယ် မိန်းမနှစ်ယောက်ရဲ့ မကြားဝံ့မနာသာ ဖရုသဝါစာ အပြန်အလှန် ဆဲဆိုနေတဲ့ အသံကြောင့် နေ့ခင်းကြောင်တောင် တစ်ရွာလုံး ဆူညံပွက်လောရိုက်ကာ ဖြောင်းဆန်သွားတော့တယ်။ အဲဒီနောက်မှာ ပိန်ချည့်ချည့် အမျိုးသမီးဖြစ်သူ ကျွန်တော့်အမေဟာ ကန်သင်းပေါ်က မုဆိုးမကို သတ္တိရှိစွာ ခေါင်းနဲ့ တက်တိုက်ပါတော့တယ်။

အဲဒီအချိန်မှာပဲ စွန်းကွမ်ဆိုင်က အရက်ဖြူတစ်လုံး နောက်ကျောမှာချိတ်ကာ မြို့ကနေ သိုင်းကွက်နင်းပြီး ပြန်လာခဲ့တာ ဖြစ်တယ်။ မလှမ်းမကမ်းက ဟင်းသီးဟင်းရွက် စိုက်ခင်းထဲမှာ မိန်းမနှစ်ယောက် ဆံပင်စုတ်ဖွား ဖြစ်တဲ့အထိ သတ်နေတာ မြင်တော့ သူ အူမြူးလာခဲ့သေးတယ်။ အနားနီးကပ်လာပြီး ဘယ်သူဘယ်ဝါမှန်း သေချာမြင်သွားတော့မှ ကျွန်တော့်အဖေလည်း ကန်သင်း တစ်ခုပေါ်ကမူးရှူးထိုး တက်ပြီး လစ်ဖို့ ပြင်တယ်။ ဒါပေမဲ့ ရွာက လူတစ်ယောက်က သူ့ကို လှမ်းတားလိုက်ပြီး–

"သွားဆွဲလိုက်ပါဦး"လို့ ပြောတယ်။

"မဖြစ်ဘူး၊ မဖြစ်ဘူး"

ကျွန်တော့်အဖေ ခေါင်းတွင်တွင် ယမ်းပြီး ပြောတယ်။

"တစ်ယောက်က မဟေသီ၊ တစ်ယောက်က အေစီ၊ နှစ်ယောက်စလုံး သွားထိလို့ မရဘူး"

အဲဒီအခိုက်မှာပဲ ပိန်ချည့်ချည့်ဖြစ်တဲ့ အမေဟာ မြေကြီးပေါ် အလဲထိုးခံလိုက်ရပြီ။ မုဆိုးမက သူ့ဖင်ကြီးနဲ့ ကျွန်တော့်အမေကိုယ်ပေါ် တက်ထိုင်နေ

mgyoe.com

လိုက်ပြီ။ ဒီအဖြစ်အပျက်ကို အဝေးကနေ မြင်ရချိန်မှာ ကျွန်တော့်ရင်ထဲ ကြေကွဲမှု ခံစားချက် တစ်ခု လှိုက်ဆူတက်လာခဲ့တယ်။ အမေဟာ အရှက်တကွဲ အကျိုးနည်း ခြင်းကို ကာလရှည်ကြာ အောင့်အည်း သည်းခံလာခဲ့ပြီးသကာလ နောက်ဆုံး ပေါက်ကွဲလာချိန်မှာ ပြန်ရခဲ့တာဟာလည်း အရှက်တကွဲ အကျိုးနည်းခြင်းပါပဲ။

ရွာက မိန်းမတချို့လည်း ဘယ်လိုမှ လက်ပိုက် ကြည့်မနေနိုင်တော့လို့နဲ့ တူပါတယ်။ မုဆိုးမကို သွားပြီး ဝိုင်းဆွဲကြတော့တယ်။ မုဆိုးမဟာ အနိုင်ရသူ တစ်ယောက်ဟန်ပန်နဲ့ ခေါင်းမော့ရင်ကော့ကာ အိမ်ကို ပြန်သွားတယ်။ လမ်းမှာ လည်း-

"သောက်မှန်းကမ်းမှန်း မသိတဲ့ ဟာမကို နဂါးမှန်းသိအောင် အမောက် ထောင်ပြလိုက်ရတာပေ့ါ"လို့ ရေရွတ်သွားခဲ့သေးတယ်။

ကျွန်တော့်အမေဟာ ဟင်းသီးဟင်းရွက် စိုက်ခင်းထဲမှာ ငိုကြီးချက်မ ဖြစ်လာတယ်။

"စွန်းကွမ်းမင်းသာ ရှိသေးရင် နင့်ကို သူ ဒီအတိုင်း ကြည့်မှာမဟုတ်ဘူး" လို့ အမေက ငိုယိုဟစ်ကြွေးတယ်။

ကိုယ်ပိုင်မြေကိစ္စ ပြဿနာဖြစ်တုန်းက ဓားတဝင့်ဝင့်နဲ့ ရဲစွမ်းပြခဲ့တဲ့ အစ်ကိုလည်း အဲဒီအချိန်မှာ အရိပ်အယောင်တောင် မတွေ့ခဲ့ရဘူး။ စွန်းကွမ်းဘင်း က အခန်းထဲ အောင်းနေခဲ့တယ်။ အပြင်မှာ ဖြစ်နေတာတွေ အားလုံးကို သူ သိပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ အဓိပ္ပာယ်မဲ့တဲ့ ငြင်းခုံမှုလို့ မြင်တဲ့ ဒီကိစ္စထဲမှာ သူ ဝင်မပါချင်ခဲ့ဘူး။ အမေ့ရဲ့ ငိုယို အော်ဟစ်သံတွေဟာ ဒီမိသားစုအပေါ် သူခံစား မိတဲ့ အရှက်တကွဲ အကျိုးနည်းခြင်း ခံစားမှုကိုသာ ပို၍ တိုးလာစေခဲ့ပြီး အမေ့ အတွက် ဖြစ်ပေးရမယ့် သူ့ရဲ့မခံချင်စိတ် ဒေါသတွေကိုတော့ မလှုံ့ဆော်ပေးနိုင် ခဲ့ဘူး။

အလဲထိုးခံလိုက်ရတဲ့ အမေ့ခမျာ သွားလေသူ ညီလေးထံမှာပဲ မျှော်လင့် ချက်တွေ ပုံအပ်ထားနိုင်ရှာတော့တယ်။ အဲဒါဟာ အမေ စိတ်ပျက်အားငယ် ချိန်မှာ တစ်ခုတည်းသော ဖမ်းဆုပ်နိုင်တဲ့ ကောက်ရိုးတစ်မျှင် ဖြစ်ပါတယ်။

အဲဒီတုန်းက အစ်ကို မတုန်မလှုပ် အေးတိအေးစက် ရှိနေခဲ့ရတဲ့ အကြောင်းရင်းက ဒီလို မိသားစု အရှက်တကွဲ ဖြစ်တဲ့ကိစ္စ ရပ်ကျော်ရွာကျော် ဖြစ်တဲ့ပွဲမှာ လူရှေ့ထွက်ပြီး မျက်နှာ မပြချင်တာကြောင့်ပဲ ဖြစ်မယ်လို့ ကျွန်တော်

mgyoe.com

အစက ထင်ထားခဲ့တာပါ။ အစ်ကိုဟာ ကိုယ်ပိုင်မြေကိစ္စ ပြဿနာဖြစ်တုန်းက စွန်းကွမ်းဘင်း မဟုတ်တော့ပါဘူး။ အစ်ကို့စိတ်နှလုံး ဖြေမသိမ့်နိုင်လောက်အောင် ညှိုးနွမ်းနေတာကို ကျွန်တော် ခံစားသိရပါပြီ။ မိသားစုအပေါ် သူ့ရဲ့ မကျေနပ်ချက်တွေက သူ့ရဲ့ပြောဆိုပြုမူချက်တွေမှာ တစ်နေ့တခြား ပို၍ ထင်ရှားပေါ်လွင်လာခဲ့ပါပြီ။ အစ်ကိုနဲ့ ကျွန်တော်က မတည့်မြဲ မတည့်ဆဲ ဖြစ်နေသေးပေမဲ့ ကိုယ့်မိသားစုအပေါ် မကျေနပ်တဲ့ အပိုင်းမှာတော့ တူညီကြတာကြောင့် တစ်ခါတလေတော့လည်း ကျွန်တော်တို့အကြားမှာ သိမ်မွေ့တဲ့ နားလည်မှု တချို့ ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒီနောက်ပိုင်း သိပ်မကြာပါဘူး၊ ကျွန်တော် နန်းမင်က ထွက်ခွာခါနီး တစ်ခုသော ညဦးနက်ချိန်ခါမှာ မုဆိုးမ အိမ်နောက်ဖေး ပြတင်းပေါက်ကနေ လူရိပ်တစ်ခု ကျော်ထွက်လာပြီး ကျွန်တော်တို့အိမ်ထဲ ချင်းနင်း ဝင်ရောက်လာတာကို ကျွန်တော် မြင်လိုက်ရပါတယ်။ အဲဒါ စွန်းကွမ်းဘင်းပဲ ဆိုတာ ကျွန်တော် ချက်ချင်း သိလိုက်ပါတယ်။ ဒီတော့မှ ကျွန်တော်လည်း အမေနဲ့ မုဆိုးမ ရန်ဖြစ်တုန်းက အစ်ကို မတုန်မလှုပ် အေးတိအေးစက် ရှိနေခဲ့ရတဲ့ နောက်ထပ် အကြောင်းရင်း တစ်ခုကို သိရှိ သဘောပေါက် လာခဲ့ပါတယ်။

အစ်ကို အိပ်ရာလိပ်ထမ်းကာ ကျွန်တော့်ကို ကားဂိတ်လိုက်ပို့တုန်းက အမေက ကျွန်တော်တို့ကို ရွာထိပ်အထိ လိုက်ပို့ပါတယ်။ မနက်ခင်း လေပြည်ထဲမှာ အမေဟာ ကျွန်တော်တို့ ထွက်သွားတာကို ငူတူတူ ငေးကြည့်ရင်း အဲဒီအချိန်တုန်းက ကံကြမ္မာက ပြသခဲ့သမျှကို နားမလည်သယောင် ရှိနေခဲ့တယ်။ အမေ့ကို ကျွန်တော် နောက်ဆုံး တစ်ချက် လှည့်ကြည့်လိုက်ချိန်မှာ အမေ့ဆံပင်တွေ ဖြူနေပြီ ဆိုတာ တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်က အမေ့ကို–

"ကျွန်တော် သွားတော့မယ်"လို့ နှုတ်ဆက်လိုက်ပါတယ်။

အမေ့ဘက်က ဘာမှ တုံ့ပြန်မလာပါဘူး။ အမူအရာ ဝေဝါးနေတဲ့ သူ့မျက်လုံးတွေက အခြားတစ်ခုခုကို ကြည့်နေသယောင်။ အဲဒီ တဒင်္ဂမှာ ကျွန်တော့်ရင်ထဲ နွေးထွေးမှု ခံစားချက်တစ်ခု လှိုက်ဆူတက်လာပါတယ်။ အမေ့ရဲ့ ပုံရိပ်ကြောင့် ကျွန်တော် စိတ်မကောင်း တစ်ချက် ဖြစ်မိပါတယ်။ အမေ့ရဲ့ ကံကြမ္မာဟာ ကျွန်တော် ဦးတည်သွားရာက လေထုထဲမှာ လေပြည်အဖြစ် ပြောင်းလဲကာ တိတ်တဆိတ် လွင့်ပျောက် ပျက်ပြယ်လျက် ရှိပါတယ်။ အဲဒီတုန်းက ကျွန်တော့်

mgyoe.com

mgyoe.com  SAMPLE BOOK 

ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးလို့ ခံစားမိပါတယ်။ ဒါပေမဲ့ အဖေတို့၊ အစ်ကို တို့နဲ့စာရင်တော့ အမေ့ကို ကျွန်တော် စွန့်ခွာသွားပုံက ညီလေးတုန်းကလောက် မရက်စက်ခဲ့ပါဘူး။ တကယ်တမ်း ရက်စက်တာက အဖေနဲ့ အစ်ကိုပါ။ သူတို့က အမေ့ကို စွန့်ခွာပြီး အမေ့ဘဝမှာ အမုန်းဆုံးဖြစ်သူ မုဆိုးမရဲ့ ခုတင်ပေါ်ကို တက်သွားခဲ့ကြတာလေ။ ဒီအကြောင်းကို တစိုးတစိမ့် မရိပ်မိသေးတဲ့ အမေ့ခမျာ ဒီ မိသားစု တည်တံ့ရေးအတွက် အစွမ်းကုန် ပေးဆပ်မြဲ ပေးဆပ်နေခဲ့ရှာပါတယ်။

ကျွန်တော် ထွက်သွားပြီးနောက်ပိုင်း အဖေ စွန်းကွမ်ဆိုင်ဟာ မိမိကိုယ် ကို ရေမရောတဲ့ လူညစ်စစ်စစ်တစ်ယောက် ဖြစ်အောင် ဆတက်ထမ်းပိုး ကြိုးစား လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ပစ္စည်းပြောင်းရွှေ့ရေး လုပ်သား တစ်ယောက် ရဲ့ တာဝန်ကိုလည်း စတင် ထမ်းဆောင်လာခဲ့ပြီး အိမ်မှာရှိတဲ့ ပစ္စည်းတွေကို မုဆိုးမထံ ယူသွား ဆက်သကာ သူတို့ရဲ့ ဆက်ဆံရေးကို အစဉ်မပြတ် ရှည်ကြာ တည်တံ့စေခဲ့ပါတယ်။ စွန်းကွမ်ဆိုင်ရဲ့ သစ္စာရှိမှုဟာ ထိုက်သင့်တဲ့ အကျိုးရလဒ် ပြန်ရခဲ့ပါတယ်။ အဲဒီ နေ့ရက်တွေမှာ မုဆိုးမဟာ အလိုရမ္မက် နည်းလာရာက ဆင်ဆင်ခြင်ခြင် ရှိလာပါတယ်။ အသက်ငါးဆယ်နား ကပ်နေပြီ ဖြစ်တဲ့ အဲဒီ အမျိုးသမီးကို ကြည့်ရတာလည်း အတိတ်တုန်းကလို ရာဂထန်ဖို့ စိတ်ဆောင်ရာ ကိုယ်မလိုက်နိုင်တော့တဲ့ ပုံပါပဲ။

အဲဒီအချိန်မှာ စွန်းကွမ်းဘင်းဟာ ဆယ့်လေးနှစ် အရွယ်တုန်းကလို သတ္တိမျိုး မရှိတော့ပါဘူး။ သူလည်း အမေ့လိုပဲ ကြိတ်မှိတ်မျိုသိပ် သည်းခံတတ် လာပါပြီ။ အဖေ လုပ်သမျှကို ဘာမှမပြောဘဲ ဒီအတိုင်း ကြည့်နေတတ်လာပါပြီ။ တစ်ခါတလေမှာ အိမ်ကနေ ပစ္စည်းနောက်တစ်ခု ယူသွားပြန်ပြီ ဆိုတဲ့ အကြောင်း အမေက သူ့ကို စိတ်ပူပန်စွာ ပြောပြလာတဲ့အခါ သူက အမေ့ကို–

"နောက်မှ ထပ်ဝယ်တာပေါ့ဗျာ"လို့ပဲ နှစ်သိမ့် ပြောခဲ့ပါတယ်။

တကယ်တော့ စွန်းကွမ်းဘင်းဟာ မုဆိုးမကို ဘယ်တုန်းကမှ မမုန်းခဲ့တဲ့ အပြင် အစဉ်သဖြင့် ကျေးဇူးတောင် တင်နေခဲ့တာပါ။ သူ မုဆိုးမအိမ် နောက်ဖေး ပြတင်းပေါက်က တစ်ဆင့် ဝင်ထွက်ဖူးခဲ့တဲ့ ညတွေက သူ့ကို နောက်ပိုင်းမှာ အချိန်တော်တော်ကြာအောင် နေမထိ ထိုင်မသာ ဖြစ်စေခဲ့ပါတယ်။ ဒါဟာလည်း သူ အဖေ မဟုတ်တာ လုပ်သမျှ ဝင်မစွက်ဘဲ နေနေခဲ့ရတဲ့ အဓိကအကြောင်းရင်းပဲ ဖြစ်ပါတယ်။ မုဆိုးမက သူ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြဖူးဘူး။ အဲဒီတုန်း

mgyoe.com

က သူ့ဆီ မကြာခဏ တိတ်တိတ်ကလေး ဝင်ထွက်ခဲ့တဲ့ လူငယ်ကို ဘယ်သူ ဘယ်ဝါမှန်း သူသိကို မသိခဲ့တာကြောင့်လည်း ဖြစ်တန်ပါတယ်။ မုဆိုးမဟာ မိမိခန္ဓာကိုယ်ထံ အလည်လာတဲ့ ယောကျ်ားတွေ အကြောင်း ကို ခရေစေ့တွင်းကျ စုံစမ်းလေ့ မရှိပါဘူး။ စွန်းကွမ်ဆိုင်လို နေ့ခင်းကြောင်တောင် သူ့ခုတင်ပေါ် တက်လာတဲ့ လူမျိုးကလွဲလို့ပေါ့။ နေ့ခင်းကြောင်တောင် ဆိုတော့ ဘယ်သူဘယ်ဝါမှန်း သဲသဲကွဲကွဲ မြင်ရတာကိုး။

အထက်တန်းအောင်လို့ အိမ်ပြန်ပြီး လယ်ယာလုပ်ငန်းခွင် ဝင်လာခဲ့တဲ့ နောက်ပိုင်း စွန်းကွမ်းဘင်းရဲ့ မျက်နှာပေါ်က မိမိကိုယ်မိမိ ယုံကြည်ချက် ရှိတဲ့ အမူအရာတွေ လုံးဝ ပျောက်သွားတော့တယ်။ အစပိုင်း နေ့ရက်တွေမှာ အိပ်ရာထဲ မျက်လုံးကြောင်တောင် လဲလျောင်းနေတဲ့ အစ်ကို့ကို ကျွန်တော် မကြာခဏ တွေ့ခဲ့ရတယ်။ လမ်းပျောက်နေတဲ့ မျက်ဝန်းအစုံက တစ်ဆင့် အစ်ကို့ကို ကျွန်တော် နားလည်လာခဲ့တယ်။ အစ်ကို့ရဲ့ အကြီးမားဆုံး ဆန္ဒကို ကျွန်တော့် စိတ်နဲ့ စူးစမ်းကြည့်မိတယ်။ အဲဒီ ဆန္ဒကတော့ နန်းမင်ကို စွန့်ခွာပြီး လုံးဝဥဿုံ အသစ်ဖြစ်သော ဘဝတစ်ခုကို နေထိုင်ချင်တဲ့ ဆန္ဒပဲ ဖြစ်ပါတယ်။ မျက်နှာ တစ်ခုလုံး အရေးအကြောင်းတွေ ပြည့်နှက်ကာ တစ်ကိုယ်လုံး ရွှံ့ပေကျံလျက် ခြေကုန်လက်ပန်းကျနေတဲ့ အဘိုးအိုတစ်ယောက် လယ်ထဲက တက်လာတာကို လယ်ကွင်းထိပ်ကနေ ငူငူကြီး ရပ်ကာ ငေးကြည့်နေတဲ့ စွန်းကွမ်းဘင်းကို ကျွန်တော် တစ်ကြိမ်ထက်မနည်း မြင်ခဲ့ဖူးတယ်။ အစ်ကို့ မျက်ဝန်းထဲကနေ စီးကျလာတဲ့ ကြေကွဲမှု ခံစားချက်ကို ကျွန်တော် မြင်လိုက်ရတယ်။ စွန်းကွမ်းဘင်း ဟာ မျက်စိရှေ့မှာ မြင်နေရတဲ့ အရာတွေကတစ်ဆင့် သူ့ဘဝကံကြမ္မာရဲ့ နောက်ဆုံး အပိုင်းကို ဆက်စပ် တွေးမိသွားပါတယ်။

စွန်းကွမ်းဘင်းဟာ လက်တွေ့ဘဝရဲ့ အခြေအနေမှန်ကို အသံတိတ် လက်ခံလိုက်ပြီးတဲ့ နောက်ပိုင်း မိန်းမတွေအပေါ် မိမိရဲ့ မရေရာ မသဲကွဲတဲ့ လိုချင်တောင့်တမှုကို ပြင်းပြစွာ ခံစားလာပါတော့တယ်။ အဲဒီအချိန်မှာ သူ့ရဲ့ မိန်းမလိုချင်တဲ့ စိတ်ဟာ ဟိုတုန်းက မုဆိုးမကို လိုချင်တဲ့စိတ်မျိုးနဲ့ မတူတော့ဘူး။ သူက မိမိကို တစ်ချိန်လုံး ပြုစုစောင့်ရှောက်ပေးပြီး သူ့ရဲ့ ဂနာမငြိမ်တဲ့ ညတွေကို တောင့်တမှုကင်းသော တည်ငြိမ်အေးချမ်းမှုအဖြစ် ပြောင်းလဲပေးနိုင်မယ့် မိန်းမ တစ်ယောက်ကို လိုချင်လာတာပါ။ ဒီလိုနဲ့ သူ စေ့စပ်လိုက်ပါတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


သူနဲ့ စေ့စပ်တဲ့ မိန်းကလေးရဲ့ ရုပ်ရည်ကတော့ သာမန် ရွက်ကြမ်းရေကျိုပါပဲ။ အနီးအပါးရွာက နှစ်ထပ်အိမ် တစ်လုံးမှာ နေထိုင်တယ်။ သူ့အိမ်နောက်ဖေး ပြတင်းပေါက်အောက်မှာက ကျွန်တော့်ညီရဲ့ အသက်ကို ဝါးမျိုပစ်ခဲ့တဲ့ တူးမြောင်းပဲ။ ရွာနီးချုပ်စပ် တစ်ဝိုက်မှာ ပထမဆုံး နှစ်ထပ်အိမ် ဆောက်ပြီး နေနိုင်တဲ့ မိသားစုဖြစ်လို့မို့ သူတို့မိသားစုဟာ ချမ်းသာခြင်းအားဖြင့် ဂုဏ်သတင်း ကျော်ကြားတယ်။ စွန်းကွမ်းဘင်းကတော့ ငွေမက်လို့ သူ့ကို ကြိုက်ခဲ့တာ မဟုတ်ပါဘူး။ အဲဒီ အိမ်ဆောက်ပြီးတဲ့နောက် တစ်နှစ်ကြာတဲ့တိုင် သူမှုားဆီမှာ ကြွေးတင်ပြီး ဆပ်လို့ မကျေနိုင်သေးတဲ့ သူ့မိဘတွေအနေနဲ့ သမီးအတွက် ကြွားလောက်စရာ ခန်းဝင်ပစ္စည်း ထည့်ပေးဖို့တောင် မတတ်နိုင်တော့ပါဘူး။ သန်းများ၊ လှေးများလို ခုန်ဆွခုန်ဆွ လမ်းလျှောက်တတ်တဲ့ အောင်သွယ်ခြေသေးမကြီးက သူ့ကို အိမ်တိုင်ရာရောက် အဲဒီမိန်းကလေးနဲ့ လာစပ်ခဲ့တာလေ။ အဲဒီနေ့ နေ့ခင်းက အောင်သွယ်မိန်းမကြီး ပြုံးစိစိနဲ့ ရောက်လာချိန်မှာ စွန်းကွမ်းဘင်းလည်း ဘာဖြစ်တော့မယ် ဆိုတာကို ချက်ချင်း သိလိုက်သလို မိမိဘက်က ဘာပဲဖြစ်ဖြစ် သဘောတူ လက်ခံမိလိမ့်မယ် ဆိုတာကိုလည်း သဘောပေါက် နားလည်သွားပါတယ်။

စွန်းကွမ်းဘင်းရဲ့ မင်္ဂလာကိစ္စ စီစဉ်တဲ့ အစကနေ အဆုံးအထိ အဖေ့ကို အသိမပေးဘဲ ပစ်ပယ်ထားခဲ့တယ်။ ဒီအကြောင်း အဖေ့ကို ပြောပြသူက အမေမဟုတ်ဘူး။ မုဆိုးမသာ ဖြစ်တယ်။ ကျွန်တော့်အဖေလည်း ဒီသတင်း ကြားသိသိချင်း မိမိမှာ စုံစမ်းရဖို့ တာဝန်ရှိကြောင်း ချက်ချင်း ခံစားလာမိတယ်။

“ငါ့သားနဲ့ အတူအိပ်မယ့် ကလေးမက ရုပ်ရည် ဘယ်လိုရှိသလဲ”

အဲဒီနေ့ မနက်က စွန်းကွမ်ဆိုင်ဟာ လက်နှစ်ဖက် နောက်ပစ်ကာ ခါးကိုင်းလျက် ပြုံးဖြဖြနဲ့ ထွက်သွားတယ်။ အဝေးကြီးကတည်းကနေ သမီးရှင်ဘက်က ဟိတ်ဟန်ရှိတဲ့ အိမ်ကြီးကို လှမ်းမြင်လိုက်ရတာကြောင့် သူလည်း သမီးရှင်ဖခင်ကို မြင်မြင်ချင်း ပထမဆုံး ပြောလိုက်တာက–

“စွန်းကွမ်းဘင်းကတော့ ခွေးကံကောင်းပဲဟေ့”

သမီးရှင်အိမ်မှာ ကျွန်တော့်အဖေ ထိုင်နေတဲ့ပုံက မုဆိုးမ ခုတင်ပေါ်မှာ ထိုင်နေရသလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ။ မိန်းကလေးရဲ့ အဖေနဲ့ စကားပြောရာမှာလည်း ဖရုသဝါစာတွေ ပလူပျံလို့ပျ။ မိန်းကလေးရဲ့အစ်ကိုက

mgyoe.com

အရက်ပုလင်း အလွတ်တစ်လုံး ယူပြီး အရက်တစ်လုံး အပြည့် သွားဆွဲလာတယ်။ မိန်းကလေးရဲ့အမေက မီးဖိုချောင်ထဲ ဝင်သွားတယ်။ မီးဖိုချောင်ထဲက အသံတွေကြောင့် ကျွန်တော့်အဖေ တံတွေး မျိုလာရတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အဖေဟာ ကျွန်တော့်ရဲ့ မတော်ရသေးတဲ့ မရီးကို လာလေ့လာဖို့ ဖြစ်တဲ့ လာရင်းအကြောင်းကို မေ့သွားပြီ။ တစ်ဖက်လူကသာ မမေ့တာပါ။

မိန်းကလေးရဲ့အဖေက ခေါင်းမော့ကာ စွန်းကွမ်ဆိုင် ကြားပြီးနောက်ချက်ချင်း မေ့သွားတဲ့ လူနာမည်တစ်ခုကို လှမ်းခေါ်လိုက်တယ်။ ကျွန်တော့်မရီးဖြစ်ခါနီးဆဲဆဲ အဲဟိုမိန်းကလေးကလည်း အပေါ်ထပ်ကနေ ပြန်ထူးရှာပေမဲ့ အောက်တော့ ဆင်းမလာပါဘူး။ မိန်းကလေးရဲ့အစ်ကိုက အပေါ်ထပ်ကို ပြေးတက်သွားတယ်။ တစ်အောင့်နေတော့ မျက်နှာထားပြုံးပြုံးနဲ့ ပြန်ဆင်းလာပြီး စွန်းကွမ်ဆိုင်ကို ပြောပြတယ်။

"သူက အောက်ဆင်း မလာဘူး လုပ်နေတယ် ခင်ဗျ"

အဲဒီအခိုက်မှာ စွန်းကွမ်ဆိုင်ကလည်း သဘောထားကြီးကြောင်း ပြသကာ-

"ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး၊ သူ မဆင်းလာတော့လည်း ငါပဲ တက်သွားလိုက်ပါမယ်လေ"လို့ တဖွဖွ ပြောတယ်။

စွန်းကွမ်ဆိုင်ဟာ မီးဖိုချောင်ကို တစ်ချက် ချောင်းကြည့်ပြီးမှ မိန်းကလေးကို လေ့လာဖို့ အပေါ်ထပ် တက်သွားတယ်။ အဖေ့ရဲ့ အဲဒီ အကြည့်တစ်ချက်ဟာ တော်တော်ကြီးကို တမ်းတမ်းစွဲ ဖြစ်နေခဲ့မယ်လို့ ကျွန်တော် အခိုင်အမာ ပြောရဲပါတယ်။ စွန်းကွမ်ဆိုင် အပေါ်ထပ် တက်သွားပြီး မကြာခင်မှာပဲ အောက်ထပ်မှာ ရှိတဲ့ မိန်းကလေး အိမ်သားတွေလည်း ကျောစိမ့်ဖွယ်ကောင်းတဲ့ စူးစူးဝါးဝါးအော်သံတစ်ချက် ကြားလာရပါတော့တယ်။ အောက်ထပ်က သားအဖ နှစ်ယောက်က မျက်လုံးကြီး အပြူးသား၊ ပါးစပ်ကြီး အဟောင်းသားနဲ့ ငုတ်တုတ်ကြီး ဖြစ်နေတယ်။ မီးဖိုချောင်ထဲက အမျိုးသမီးကတော့ မျက်ကလဲဆန်ပျာ ပြေးထွက်လာတယ်။ အဲဒီအော်သံရဲ့ ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကို သူတို့ အတူတကွအဓိပ္ပာယ် ဖော်နိုင်လာကြတဲ့ အချိန်မှာ စွန်းကွမ်ဆိုင်က အပေါ်ထပ်ကနေ ပြုံးစစနဲ့-

"မဆိုးဘူး၊ မဆိုးဘူး"လို့ တတွတ်တွတ် ရွတ်ကာ ပြန်ဆင်းလာပြီ။

m gyoe.com

အပေါ်ထပ်ကနေ ထွက်ပေါ်လာတဲ့ ငိုသံဟာ ပိတ်စနဲ့ ဖိအုပ်ထားသလို တိုးထွက်လာဖို့ ခက်နေသယောင် ရှိနေတယ်။

ကျွန်တော့်အဖေကတော့ အေးအေးဆေးဆေး အမူအရာနဲ့ပဲ စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ မိန်းကလေးရဲ့အစ်ကို အပေါ်ထပ်ကို ပြေးတက်သွားတဲ့ အခါ စွန်းကွမ်ဆိုင်က မိန်းကလေးရဲ့အဖေကို ပြောပြတယ်။

"ခင်ဗျားသမီးက တကယ့်ကို တင်းတင်းရင်းရင်းပဲဗျာ"

ဟိုကလည်း နားထောင်ပြီးတော့ အူတူတူနဲ့ ခေါင်းညိတ်ကာ စွန်းကွမ် ဆိုင်ကို မသက်မသာ ကြည့်နေမိတယ်။ စွန်းကွမ်ဆိုင်က ဆက်ပြောတယ်။

"မအေရိုး စွန်းကွမ်းဘင်း သင်း တော်တော် ကံကောင်းတယ်"

အဲဒီအချိန်မှာ မိန်းကလေးရဲ့အစ်ကိုက အပေါ်ထပ်ကနေ ပြေးဆင်း လာပြီး ထိုင်ခုံမှာ ထိုင်နေတဲ့ စွန်းကွမ်ဆိုင်ကို ထိုင်ခုံရောလူပါ ပက်လက်လဲသွား အောင် လက်သီးနဲ့ ထိုးလိုက်တယ်။

အဲဒီနေ့က စွန်းကွမ်ဆိုင် မျက်နှာကြီး ဖူးရောင်ကာ ရွာကို ပြန်လာပြီး စွန်းကွမ်းဘင်းကို မြင်မြင်ချင်း ပထမဆုံး ပြောတဲ့ စကားကတော့-

"မင်း မင်္ဂလာကိစ္စ ငါ ဖျက်သိမ်းပစ်လိုက်ပြီ"

ပြောပြီး ကျွန်တော့်အဖေက ဒေါသတကြီး ထအော်တယ်။

"သောက်အဓိပ္ပာယ် မရှိတာကွာ၊ ငါက ငါ့သားကိုယ်စား သူ့ခန္ဓာကိုယ် တောင့်တောင့်တင်းတင်း ရှိ မရှိ စမ်းကြည့်တဲ့ဟာကို၊ ငါ့ကို ဒီလိုဖြစ်အောင် ထိုးစရာလားကွာ"

ဟိုဘက်ရွာက ကြားရတဲ့ သတင်းကတော့ မူကွဲတစ်မျိုးဗျ။ ကျွန်တော့် အဖေ စွန်းကွမ်ဆိုင်က သူ့ရဲ့ မတော်ရသေးတဲ့ ချွေးမလောင်းလေးကို ပေးလိုက် တဲ့ ပထမဆုံး လက်ဆောင်ကတော့ဖြင့် နို့ကိုင်လိုက်တာပါပဲတဲ့။

ဒီဖြစ်စဉ်ကြောင့် အစ်ကို့ရဲ့ မင်္ဂလာကိစ္စ ပျက်သွားလို့ ကျွန်တော့် အမေလည်း မီးဖိုချောင်ထဲမှာ စားဖိုဝတ်ရုံစနဲ့ တစ်နေကုန် မျက်ရည်သုတ် ခဲ့ရှာတယ်။ ဒီဖြစ်စဉ်မှာ စွန်းကွမ်းဘင်းဟာ ရွာက လူတွေ မှန်းဆထားကြသလို စွန်းကွမ်ဆိုင်နဲ့ အကြီးအကျယ် ထသတ်တာမျိုး မရှိခဲ့ပါဘူး။ သူ့ရဲ့ အပြင်းထန်ဆုံး ပြသမှု ဆိုတာဟာလည်း ရက်အတန်ကြာ ရွာကလူတွေနဲ့ စကားမပြောဘဲ နေခဲ့ ခြင်းသာ ဖြစ်ပါတယ်။

mgyoe.com

အဲဒီနောက်ပိုင်း နှစ်နှစ်အတွင်းမှာ ကျွန်တော့်အစ်ကိုဟာ ရွာက အောင်သွယ်မိန်းမကြီး ပြုံးစစနဲ့ သူ့ဆီလာခဲ့တာမျိုး ထပ်မကြုံရတော့ပါဘူး။ အဲဒီနေ့ရက်တွေတုန်းက ညဘက် အိပ်ရာပေါ်ရောက်မှ သူဟာ စွန်းကွမ်ဆိုင် အကြောင်းကို အံတကြိတ်ကြိတ် စဉ်းစားမိလာခဲ့တယ်။ မနက်မိုးလင်းလာတဲ့ နောက်မှာ သူဟာ တစ်ခါတလေ ဟိုးအဝေး ပီကင်းကို ရောက်နေတဲ့ ညီဖြစ်သူ ကို သတိရတတ်တယ်။ အဲဒီအခါမှာ ကျွန်တော်လည်း အစ်ကို့ဆီက ပို့လာတဲ့ စာကို မကြာမကြာ ရရှိတတ်တယ်ပေါ့။ စာထဲမှာတော့ ဘာမှ ထွေထွေထူးထူး ပြောမထားပါဘူး။ စာထဲက ဟာတာတာ အကြောင်းအရာတွေက တစ်ဆင့် ကျွန်တော်လည်း အစ်ကို့ရဲ့ ဟာတာတာ ဖြစ်နေတဲ့ စိတ်အခြေအနေကို ခံစား နားလည်လာမိခဲ့ပါတယ်။

စွန်းကွမ်းဘင်း အသက်နှစ်ဆယ့်လေးနှစ် အရွယ်မှာ တစ်ရွာတည်းသူ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်။ ယဉ်ဟွားလို့ အမည်ရတဲ့ အဲဒီ မိန်းကလေးဆီမှာ ပြေးကြည့်မှ အိပ်ရာထဲ လဲနေတဲ့ ဒုက္ခိတ ဖခင် တစ်ယောက် တည်းသာ ရှိပါတယ်။ သူတို့နှစ်ယောက်ရဲ့ ဖူးစာဟာ ဟိုရေကန်ကနေ စတင် ခဲ့တာပါ။ တစ်ခုသော ရာသီဥတု စိုစွတ်တဲ့ ညနေစောင်းမှာ စွန်းကွမ်းဘင်းဟာ ကန်စပ်မှာ အဝတ်လျှော်နေတဲ့ ယဉ်ဟွားကို အိမ်နောက်ဖေး ပြတင်းပေါက်က တစ်ဆင့် တွေ့လိုက်ရတယ်။ အဖာတစ်ရာ အဝတ်အစားနဲ့ ယဉ်ဟွားဟာ ခက်ခဲ တဲ့ ဘဝကံကြမ္မာကြောင့် အဲဒီအခိုက်မှာ မနားတမ်း မျက်ရည်သုတ်နေရှာတယ်။ အဲဒီတုန်းက ယဉ်ဟွားရဲ့ နောက်ကျောဟာ ဆောင်းတွင်း လေအေးထဲမှာ တဆတ်ဆတ် တုန်လို့နေတယ်။ အဲဒီ မြင်ကွင်းကြောင့် စွန်းကွမ်းဘင်းလည်း ရင်ထဲမှာ ပူဆွေးကြေကွဲမှုတွေ တစ်ဖန် ပြန်၍ နိုးထလာခဲ့တယ်။ အဲဒီနောက်မှာ ရွာက အောင်သွယ်မိန်းမကြီးကတောင် အဖက်မလုပ်ချင်တော့တဲ့ အဲဒီ နှစ်ယောက် လည်း စုံတွဲအဖြစ် ပေါင်းဖက်မိလာကြတယ်။

စွန်းကွမ်းဘင်းရဲ့ အဲဒီ တစ်ခုတည်းသော အိမ်ထောင်ပြုခြင်းဟာ သူနဲ့ ယဉ်ဟွားတို့ ရေကန်နားမှာ တွေ့ပြီးကြတဲ့ နောက်တစ်နှစ်မှာ ရောက်ရှိလာခဲ့ တာပါ။ မင်္ဂလာပွဲရဲ့ ချို့တဲ့ပုံဟာဖြင့် ရွာက အသက်ကြီးပိုင်းတွေတောင် အရင် ခေတ်ဟောင်းတုန်းက မြေရှင့်အိမ်က လယ်ကူလီတွေရဲ့ မင်္ဂလာဆောင်ကို ပြန်လည် အမှတ်ရမိ လာခဲ့ကြပါတယ်။ သတို့သမီးဖြစ်တဲ့ ယဉ်ဟွားတစ်ယောက်

mgyoe.com

mgyoe.com

SAMPLE BOOK


မိုက်ကြီးတကားကားနဲ့ သွားလာလှုပ်ရှားနေပုံကြောင့် အဲဒီ မပြည့်စုံ၊ နွမ်းပါးတဲ့ မင်္ဂလာပွဲအတွက် ရယ်မောစရာတချို့ ဆောင်ကြဉ်း ပေးလာနိုင်ခဲ့ပါတယ်။ မင်္ဂလာဆောင်ပြီးတဲ့ နောက်တစ်နေ့မနက်၊ နေမထွက်ခင်မှာပဲ စွန်းကွမ်းဘင်းဟာ လက်တွန်းလှည်းတစ်စီး ငှားလာပြီး ယဉ်ဟွားကို လှည်းနဲ့ ဆေးရုံမွေးခန်းဆီကို အရောက်ပို့ပေးလာခဲ့ရတယ်။ ကြင်စဦး ဇနီးမောင်နှံတွေအဖို့ မင်္ဂလာဦးညအလွန် နောက်တစ်နေ့ မနက်ခင်းဟာ တစ်ဦးနဲ့တစ်ဦး ကော်လိုပူးကပ်ကာ အပြန်အလှန် ကိုယ်ငွေ့လှုံနေရမယ့် သာယာသော အချိန်အခါ ဖြစ်သင့်ပေမဲ့ ဒီလင်မယားကတော့ ဆောင်းလေအေးကို အန်တုကာ နေမထွက်ခင် အမီ မြို့ပေါ်က ဆေးရုံသားဖွားဆောင်ရဲ့ မှန်ပြတင်းတံခါးကို သွားခေါက်ခဲ့ကြရရှာတယ်။ အဲဒီနေ့ နေ့လယ် နှစ်နာရီမှာ စွန်းရှောင်မင်း လို့ နာမည်ပေး ကင်ပွန်းတပ် ခံလာရမယ့် ယောကျ်ားကလေး တစ်ယောက်ဟာ ဒေါကလေးပိုပို အော်ကာ ငိုလျက် လူ့လောကထဲသို့ ရောက်ရှိလာခဲ့ပါတယ်။

စွန်းကွမ်းဘင်းရဲ့ အိမ်ထောင်သည်ဘဝဟာ မိမိဆန္ဒအလျောက် ကိုယ့်အတတ်ကိုယ် စူးခဲ့တာ ဖြစ်ပါတယ်။ လက်ထပ်ပြီးတဲ့နောက်မှာ သူက အိပ်ရာထဲ လဲနေရှာတဲ့ ဒုက္ခိတ ယောက္ခထီးအား ကျွေးမွေးစောင့်ရှောက်ရမယ့် တာဝန်ကြီးကို ရှောင်လွှဲမရ ပခုံးထမ်းလာခဲ့ရပါတယ်။ အဲဒီတုန်းက စွန်းကွမ်ဆိုင်ဟာ သူ့ရဲ့ ပစ္စည်းပြောင်းရွှေ့ရေး အလုပ်ကို အဆုံးမသတ်သေးဘူး။ တစ်ခုခံသာတာက စွန်းကွမ်ဆိုင်ဟာ အသိတရား နည်းနည်း ရလာတဲ့ အချက်ပဲ။ သူက အရင်လို အိမ်က ပစ္စည်းတွေကို မုဆိုးမဆီ ပြောင်ပြောင်တင်းတင်း ယူမသွားတော့ဘူးလေ။ အဲဒီတုန်းက စွန်းကွမ်ဆိုင်ဟာ သူ့ရဲ့ အရည်အချင်း နောက်တစ်မျိုးကို ပြသလာခဲ့ပါတယ်။ အဲဒါကတော့ ခိုးယူခြင်းပါပဲ။ စွန်းကွမ်းဘင်းဟာ နှစ်အတန်ကြာအောင် ဘဝကို ကျပ်ကျပ်တည်းတည်း ဖြတ်သန်းလာခဲ့ရရှာတယ်။ သူ့ယောက္ခထီးလည်း သူ့ကို အားနာမိလို့နဲ့ ထင်ပါရဲ့။ တစ်ညဉ့်သ၌ မျက်စိမှိတ်သွားပြီးတဲ့နောက် ပြန်ကို ပွင့်မလာတော့ဘူးကိုး။ စွန်းကွမ်းဘင်းအဖို့ အခက်ခဲ အကျပ်တည်းဆုံး ဖြစ်ရတာဟာ အိပ်ရာထဲ လဲနေတဲ့ ယောက္ခထီးနဲ့ ခိုးဝှက်တတ်တဲ့ အဖေတို့ကြောင့် မဟုတ်ပါဘူး။ စွန်းရှောင်မင်းကို မွေးခါစ နေ့ရက်တွေတုန်းကသာ ဖြစ်ပါတယ်။ အဲဒီတုန်းက စွန်းကွမ်းဘင်းဟာ စက်တစ်လုံးပမာ မရပ်နိုင်အောင် ဂျင်ခြေလည်နေခဲ့တယ်။ ရွာထဲမှာ လမ်းကိုတောင်

mgyoe.com

m g y o e . c o m
SAMPLE BOOK


စိမ်ပြေနပြေ မလျှောက်နိုင်တော့ဘူး။ လယ်ထဲကနေ ယဉ်ဟွားတို့အိမ်၊ အဲဒီကမှ ကိုယ့်အိမ်ဆီကို ယုန်တစ်ကောင်ပမာ ကူးချီသန်းချီ လုပ်နေခဲ့ရတယ်။

ယောက္ခထီး သေသွားတော့ စွန်းကွမ်းဘင်းလည်း တာဝန်ကြီး တစ်ခု ပေါ့သွားတယ်။ ဒါပေမဲ့ တကယ်တမ်း အေးဆေး တည်ငြိမ်တဲ့ ဘဝကတော့ ရောက်မလာသေးပါဘူး။ အဲဒီနောက် သိပ်မကြာခင်မှာ ကျွန်တော့်အဖေ စွန်းကွမ်ဆိုင် တစ်ယောက် ရောဂါဟောင်း ပြန်ဖောက်လာလို့ ယဉ်ဟွားခမျာ သုံးရက်တိုင်တိုင် ဒူးနဲ့မျက်ရည် သုတ်ခဲ့ရရှာတယ်။

အဲဒါ ကျွန်တော့်တူမောင် စွန်းရှောင်မင်း သုံးနှစ်သားအရွယ် နွေရာသီ တုန်းပေါ့။ ယဉ်ဟွား ရေတွင်းမှာ ရေသွားခပ်တာကို ကျွန်တော့်အဖေက တံခါး ခုံကနေ ထိုင်ကြည့်နေခဲ့တယ်။ ယဉ်ဟွား ဝတ်ထားတဲ့ ဘောင်းဘီတိုပေါ်မှာ ရိုက်ထားတဲ့ ပန်းပွင့်ကြီးတွေက ပြည့်ဖြိုးတဲ့ အိုးကြီးထက်မှာ တင်းတစ်ခါ လျော့ တစ်လှည့် ဖြစ်နေပြီး ပေါင်နှစ်ဖက်ကလည်း နေရောင်အောက်မှာ ညိုဝင်းလို့ နေတာကို စွန်းကွမ်ဆိုင် မြင်သွားတယ်လေ။ ဇရာကလည်း ထောင်း၊ မုဆိုးမ ကလည်း မောင်းတဲ့ နှစ်ထပ်ကွမ်း နှိပ်စက်မှုဒဏ်ကို ခံနေရတဲ့ ကျွန်တော့်အဖေ ဆိုတာ တရုတ်ဆေးများ ကျိုချက်ပြီးတဲ့အခါ ကြွင်းကျန်ရစ်တဲ့ ဆေးအနည်ဖတ် တွေလို မာန်ဟုန်တန်ခိုးတွေ တစ်စက်မှ မရှိတော့ပါဘူး။ ဒါပေမဲ့ ယဉ်ဟွားရဲ့ ရှိုက်ကြီးဖိုငယ် အသွယ်သွယ်နဲ့ ခန္ဓာကိုယ်ကို မြင်ပြီးနောက်မှာတော့ ကျွန်တော့် အဖေဟာ အတိတ်နေ့ရက်တွေတုန်းက မိမိရဲ့ ကျန်းမာသန်စွမ်း ဖြစ်ခဲ့ခြင်းတွေကို အံ့သြဖွယ်ကောင်းစွာ ပြန်ပြောင်း အောက်မေ့မိလာပါတော့တယ်၊ အဲဒီ ပြန်ပြောင်း အောက်မေ့ခြင်း အမှုကို စွန်းကွမ်ဆိုင်က မနောကံအားဖြင့် ပြုခဲ့တာ မဟုတ်ဘဲ ကာယကံအားဖြင့် ပြုခဲ့တာကိုး။ ဒီလိုနဲ့ ကျွန်တော့်အဖေဟာ ဟိုတုန်းကလို နွားသိုးကြိုးပြတ် ရာဂစိတ်တွေ တစ်ဖန်ပြန်၍ ထကြွလာပါတော့တယ်။ ဒီလိုနဲ့ ယဉ်ဟွားတစ်ယောက် ရေပုံးဆွဲကာ ဖြတ်သွားချိန်မှာ ကျွန်တော့်အဖေဟာ မျက်နှာ ကြီး တစ်ခုလုံး နီရဲလျက် ကျယ်လောင်စွာ ချောင်းဆိုးလာပါတယ်။ မလှမ်းမကမ်း မှာ ရွာက လူတွေ ဖြတ်သွားဖြတ်လာ ရှိနေလင့်ကစား အဲဒီ ရှူနာသည်ကြီးဟာ ယဉ်ဟွား ဘောင်းဘီတိုပေါ်က ပန်းပွင့်ကြီးနှင့်တကွ အတွင်းက အသားစိုင်ကိုပါ လက်နဲ့ သွားပြီး ဖမ်းညှစ်လိုက်တာကြောင့် ကျွန်တော့်တူ စွန်းရှောင်မင်းလည်း သူ့အမေရဲ့ ကြောက်လန့်တကြား ထအော်တဲ့ အသံကို ကြားလာရပါတော့တယ်။

m g y o e . c o m

mgyoe.com  SAMPLE BOOK 

ဖြစ်ချင်တော့ အဲဒီနေ့မှာ စွန်းကွမ်းဘင်းကလည်း အလုပ်ကိစ္စနဲ့ မြို့တက်သွားတယ်လေ။ ပြန်လာတော့မှ တံခါးခုံပေါ်မှာ မျက်ရည်စက်လက်နဲ့ ထိုင်ကာ ပါးစပ်ကလည်း–

"ကိုယ်ကျိုးနည်းပါပြီ"လို့ တတွတ်တွတ် ညည်းနေရှာတဲ့ အမေ့ကို တွေ့လိုက်ရတာကိုး။

နောက်ထပ် တွေ့ရတဲ့ မြင်ကွင်းကတော့ ခုတင်စောင်းမှာ ဆံပင်ဖားလျားနဲ့ ရှိုက်ငိုနေတဲ့ ယဉ်ဟွား။

အရာအားလုံးကို သဘောပေါက်သွားတဲ့ စွန်းကွမ်းဘင်းဟာ မျက်နှာဖြူဖပ်ဖြူရော်နဲ့ မီးဖိုချောင်ထဲ ဝင်သွားပြီး ပြောင်လက်နေတဲ့ ပုဆိန်တစ်လက်နဲ့ အတူ ပြန်ထွက်လာတယ်။ သူက ရှိုက်ငိုနေတဲ့ ယဉ်ဟွား အနားကို သွားပြီး–

"သားလေးနဲ့ အမေ့ကို စောင့်ရှောက်ပါ"လို့ မှာတယ်။

ဆိုလိုရင်းကို သဘောပေါက်သွားတဲ့ ယဉ်ဟွားလည်း ရှိုက်ငိုရာကနေ ငိုကြီးချက်မ ဖြစ်လာပြီး လင်တော်မောင်ရဲ့ အင်္ကျီစကို ဆွဲကာ–

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"လို့ တဖွဖွ တားရှာတယ်။

အဲဒီအချိန်မှာ ကျွန်တော့်အမေက တံခါးဝမှာ ဒူးထောက်နေပြီး ဖြစ်ကာ လက်နှစ်ဖက် ဆန့်တန်းလျက် စွန်းကွမ်းဘင်းကို တားတယ်။ အဲဒီနေ့က အမေ့ရဲ့ ပြာဝင်နေတဲ့ အသံဟာ တုန်ယင်နေတယ်။ မျက်ရည်တွေ ရွှဲနေလင့်ကစား အမေက စွန်းကွမ်းဘင်းကို တည်ကြည် လေးနက်စွာ ပြောပြနိုင်ခဲ့ပါတယ်။

"မင်း သူ့ကို သတ်လိုက်ရင် မင်းပဲ ဒုက္ခရောက်မှာနော်"

အမေ့မျက်နှာကို မြင်တော့ ကျွန်တော့်အစ်ကို မျက်ရည်ကျလာတယ်။ သူက အမေ့ကို အော်ပြောလိုက်တယ်။

"အမေ ပြန်ထပါ။ သူ့ကို မသတ်ရင် ကျွန်တော် ဒီရွာမှာ ဘယ်လို မျက်နှာနဲ့ ဆက်ပြီး အသက်ရှင်ရတော့မှာလဲ"

ကျွန်တော့်အမေက ဒူးထောက်မြဲ ဒူးထောက်နေပြီး အသံကုန် ဟစ်ကာ ပြောလိုက်တယ်။

"မင်းရဲ့ သုံးနှစ်အရွယ် သားကလေးကို ငဲ့ပါဦး၊ မင်း ဒီလောက်ထိအောင် လုပ်စရာ မလိုပါဘူး"

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော့်အစ်ကိုက မချိုပြုံးတစ်ချက် ပြုံးလိုက်ပြီး–

"ကျွန်တော့်မှာ တကယ်ပဲ ရွေးချယ်စရာ တခြားနည်းလမ်း မရှိတော့လို့ပါ"လို့ ပြောလိုက်တယ်။

ယဉ်ပွားကို စော်ကားမှုအတွက် စွန်းကွမ်ဆိုင်နဲ့ မဖြစ်မနေ စာရင်းရှင်းရမယ်လို့ စွန်းကွမ်းဘင်းက ခံယူတယ်။ သူ့အနေနဲ့ အဖေ့ကြောင့် ရခဲ့တဲ့ အရှက်တွေကို တစ်သက်လုံး ကြိတ်မှိတ် သည်းခံလာခဲ့ပြီးပြီ။ ဒါကိုမှ စွန်းကွမ်ဆိုင်က ထပ်ပြီး ရောင့်တက်လာတာကြောင့် နှစ်ယောက်စလုံးမှာ နောက်ဆုတ်ကွက် မရှိတော့ဘူးလို့ ကျွန်တော့်အစ်ကိုက ယူဆလာမိတယ်။ ခုချိန်မှာမှ မိမိ ရပ်တည်ချက် သဘောထားကို ပြတ်ပြတ်သားသား မပြသလို့ရှိရင် နောင်အခါ မိမိအနေနဲ့ ရွာမှာ ရပ်တည်နိုင်ဖို့ ခက်သွားတော့မယ် ဆိုတာကို ဒေါသမွှန်နေတဲ့ကြားက စွန်းကွမ်းဘင်း ရှင်းရှင်းလင်းလင်း သဘောပေါက်ခဲ့ပါတယ်။

အဲဒီနေ့က ရွာက လူတွေအားလုံး အိမ်ပြင်ထွက်ကြည့်ကြတယ်၊ စွန်းကွမ်းဘင်းဟာ မျက်စိကျိန်းစဖွယ်ကောင်းတဲ့ နေရောင်အောက်နဲ့ အလားတူ မျက်စိကျိန်းစဖွယ်ကောင်းတဲ့ မျက်လုံးပေါင်းတစ်ထောင်ရဲ့ ရှေ့မှောက်မှာ သူ ဆယ့်လေးနှစ်သားတုန်းက ဓားတဝင့်ဝင့်ကြခဲ့တဲ့ ဓာတ်ကို တစ်ဖန်ပြန်၍ ခင်းလာခဲ့ပါတယ်။ ကျွန်တော့်အစ်ကိုဟာ ပုဆိန်ဆွဲကာ ကျွန်တော့်အဖေဆီကို ထွက်လာခဲ့တယ်။

အဲဒီအချိန်မှာ စွန်းကွမ်ဆိုင်က မုဆိုးမအိမ်ရှေ့က သစ်ပင်အောက်မှာ မတ်တတ်ရပ်ကာ သူ့ဆီ ဦးတည်လာနေတဲ့ စွန်းကွမ်းဘင်းကို သံသယကြီးစွာ ကြည့်နေခဲ့တယ်။

"ဒီကောင်က ငါ့ကို သတ်ဦးမလို့လား"လို့ စွန်းကွမ်ဆိုင် မုဆိုးမကို ပြောနေတာ ကျွန်တော့်အစ်ကို ကြားလိုက်ရတယ်။

အဲဒီနောက်မှာ စွန်းကွမ်ဆိုင်က စွန်းကွမ်းဘင်းကို အော်ပြောလိုက်တယ်။

"သားရေ၊ ငါက မင်းအဖေပါကွယ်"

စွန်းကွမ်းဘင်းက ပြန်မထူးဘဲ ဇွတ်အတင်း ရှေ့ဆက်တိုးလာတယ်။ သူ တဖြည်းဖြည်း အနီးကပ်လာချိန်မှာ စွန်းကွမ်ဆိုင်ရဲ့ အော်သံလည်း ကြောက်ရွံ့တုန်လှုပ်သံ နှောလာတော့တယ်။

mgyoe.com

mgyoe.com


"မင်းမှာ အဖေတစ်ယောက်ပဲ ရှိတာနော်၊ သတ်လိုက်ရင် မရှိတော့ဘူး နော်"

ဒီစကားကို ပြောပြီးချိန်မှာ စွန်းကွမ်းဘင်းက သူ့ရှေ့ရောက်နေပြီ။ စွန်းကွမ်ဆိုင်လည်း-

"ငါ့ကို တကယ်သတ်တော့မှာဟ"လို့ ကယောင်ချောက်ချား တစ်ချက် ရေရွတ်ပြီးတာနဲ့ ချာခနဲ လှည့်ကာ သုတ်ခြေတင် ပြေးပါတော့တယ်။ ပြေးရင်း တစ်ဖက်က-

"ကယ်ကြပါဦး"လို့လည်း တရစပ် အော်တယ်။

အဲဒီနေ့က ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေခဲ့တယ်။ ကျွန်တော့်အဖေဟာ အသက်ခြောက်ဆယ်ကျော်ခါမှ အသက်လုပြေးရတဲ့ အဖြစ်မျိုး ကြုံလာခဲ့ရတယ်။ မြို့ကိုသွားတဲ့ လမ်းကလေးတစ်လျှောက် ပြေးလာခဲ့ရလို့ သူ့မှာ ခြေကုန်လက်ပန်းကျနေပြီ။ နောက်မှာလည်း ကျွန်တော့်အစ်ကို စွန်းကွမ်းဘင်းက ပုဆိန်ကိုင်ကာ ထက်ကြပ်မကွာ အမီလိုက်လာနေတယ်။ စွန်းကွမ်ဆိုင်ဆီက ကယ်ကြပါဦး အော်သံတွေ တရစပ် ထွက်လာတယ်။ အဲဒီအချိန်မှာ သူ့အသံဟာ အရင်ကလို မဟုတ်တော့တာကြောင့် ရွာထိပ်မှာ ရပ်နေတဲ့ ဦးလောကြီးတောင် စွန်းကွမ်ဆိုင်ကို ကြည့်နေကြတဲ့ သူ့အနားက လူတွေကို-

"အဲဒါ စွန်းကွမ်ဆိုင် အော်နေတဲ့ အသံလား"လို့ မေးလိုက်ရသေးတယ်။

ကျွန်တော့်အဖေဟာ အိုကြီးအိုမနဲ့ ခုလို ပြေးလွှားနေရတာလည်း တကယ့်ကို မလွယ်တာပါ။ တံတားပေါ်ကို ရောက်သွားချိန်မှာတော့ စွန်းကွမ်ဆိုင်လည်း ပြေးရာက ခလုတ်တိုက် လဲကျသွားရှာတယ်။ ဒါနဲ့ပဲ သူက နေရာမှာတင် တဟီးဟီး ထိုင်ငိုနေပါတော့တယ်။ သူ့အသံဟာ မွေးကင်းစ ကလေးငိုသံပမာ ကျယ်လောင်လှပါတယ်။

ကျွန်တော့်အစ်ကိုဟာ တံတားပေါ်ကို ရောက်သွားချိန်မှာ မရှုမလှ ဖြစ်နေတဲ့ အဖေ့ရဲ့ပုံရိပ်ကို မြင်လိုက်ရတယ်။ ကျွန်တော့်အဖေရဲ့ မျက်ရည်နဲ့ မျက်ခွက်ဟာ လိပ်ပြာတစ်ကောင်လို ကြောင်ကြောင်ကျားကျား ဖြစ်နေပြီး နှုတ်ခမ်းထက်မှာလည်း စိမ်းဖန့်ဖန့် နှပ်ချေးတွဲလောင်း ဖြစ်နေတယ်။ ဒီလို ဖြစ်နေတဲ့ အဖေ့ကို မြင်ပြီး အစ်ကိုလည်း သူ့ဦးခေါင်းကို ခုတ်ဖြတ်ဖို့ မဖြစ်နိုင်

mgyoe.com

m g y o e . c o m


တော့မှန်း ရုတ်တရက် ခံစားမိလာခဲ့တယ်။ လမ်းတစ်လျှောက်လုံး ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာ ချလာခဲ့တဲ့ စွန်းကွမ်းဘင်းဟာ အဲဒီအခိုက်မှာတော့ တွေဝေလာခဲ့ပြီ။ ဒါပေမဲ့ ရွာက လူအုပ်ကြီး ဝိုင်းအုံလာချိန်မှာတော့ မိမိမှာ တခြား ရွေးချယ်စရာလမ်း မရှိတော့ဘူး ဆိုတာ သိလာခဲ့တယ်။ အဲဒီတုန်းက အစ်ကိုဟာ အဖေ့ရဲ့ ဘယ်ဘက်နားရွက်ကို ဘယ်လိုကြောင့် မျက်စိကျသွားတယ် ဆိုတာကိုတော့ ကျွန်တော် မသိရပါဘူး။ အဲဒီ နေရောင်ထွန်းလင်းတောက်ပတဲ့ အခိုက်အတန့်မှာ စွန်းကွမ်းဘင်းဟာ ပိတ်တစ်စကို ကိုက်ညှပ်သလို စွန်းကွမ်ဆိုင်ရဲ့ နားရွက်ကို ဆွဲကာ ပုဆိန်နဲ့ လှီးဖြတ်ပစ်လိုက်တယ်။ အဖေ့နားရွက်က ခြင်းခြင်းနီတဲ့ သွေးတွေ စီးကျလာပြီး တစ်ခဏအတွင်းမှာပဲ အနီရောင် ပတ်တီးစတစ်စပမာ အဖေ့လည်ပင်းကို စည်းထားလိုက်တော့တယ်။ အဲဒီအချိန်မှာ စွန်းကွမ်ဆိုင်ဟာ မိမိရဲ့ ကျယ်လောင်တဲ့ ငိုသံထဲမှာ ပိတ်မိနေခဲ့တာကြောင့် ဘာဖြစ်လို့ ဖြစ်သွားမှန်း လုံးဝ မသိခဲ့ရှာဘူး။ မျက်ရည်တွေ များလှချေလားလို့ အံ့အားသင့်မိပြီး လက်နဲ့ စမ်းကြည့်လိုက်တဲ့အခါ ကိုယ့်သွေးကိုယ် ပြန်မြင်ရတော့မှ စွန်းကွမ်ဆိုင်လည်း တဟင်းဟင်း ညည်းပြီး သတိမေ့မြောသွားတယ်။

အဲဒီနေ့က ကျွန်တော့်အစ်ကို အိမ်ပြန်လာချိန်မှာ တစ်ကိုယ်လုံး တုန်ယင်နေခဲ့တယ်။ ပူအိုက်တဲ့ နွေနေ့ခင်းမှာ စွန်းကွမ်းဘင်းဟာ ချမ်းစိမ့် အေးခဲနေသယောင် လက်ကြီးပိုက်နေခဲ့တယ်။ ဝိုင်းအုံလာတဲ့ ရွာက လူတွေ ကြားကနေ တိုးကြိတ်ထွက်လာချိန်မှာ သူ့ဆီက သွားချင်းရိုက်လို့ ခိုက်ခိုက်တုန်နေတဲ့ အသံကို ဟိုလူတွေ ကြားခဲ့ရတယ်။ ကျွန်တော့်အမေနဲ့ ယဉ်ဟွားကတော့ စွန်းကွမ်းဘင်း ပြန်အလာကို မျက်နှာသွေးဆုတ်လျက် ကြည့်နေခဲ့ကြရှာတယ်။ ထိုအခိုက်မှာ အဲဒီအမျိုးသမီးနှစ်ယောက်စလုံးရဲ့ မျက်စိထဲမှာ ကျိုင်းကောင်တွေ အုပ်လိုက်ကြီး ဆင်းလာသလို မရေမတွက်နိုင်သော အမည်းစက်တွေ အများကြီး ထွက်ပေါ်လာသလို ခံစားမိခဲ့ကြတယ်။ စွန်းကွမ်းဘင်းက သူတို့ကို မချိတင်ကဲ တစ်ချက်ပြုံးပြပြီး အိမ်ထဲ ဝင်သွားတယ်။ အဲဒီနောက်မှာ မိမိရဲ့ ဂွမ်းကပ်အင်္ကျီကို ဗီရိုတွေ သေတ္တာတွေထဲ မွှေနှောက်ရှာတယ်။ ကျွန်တော့် အမေနဲ့ ယဉ်ဟွား အိမ်ထဲ ဝင်သွားချိန်မှာ စွန်းကွမ်းဘင်းက ဂွမ်းကပ်အင်္ကျီ ဝတ်ထားပြီးဖြစ်လို့ ခုတင်ပေါ်မှာ မျက်နှာချွေးတလုံးလုံးနဲ့ ထိုင်နေပြီ။ ခန္ဓာ ကိုယ်ကတော့ ခိုက်ခိုက်တုန်နေဆဲ။

m g y o e . c o m

mgyoe.com SAMPLE BOOK


လဝက် ကြာပြီးနောက် ခေါင်းမှာ ပတ်တီးစည်းထားတဲ့ စွန်းကွမ်ဆိုင်ဟာ မြို့က စာပေးစာယူလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို အကူအညီ တောင်းကာ ပီကင်းရောက်နေတဲ့ ကျွန်တော့်ဆီ စာတစ်စောင် ရေးခိုင်းလိုက်တယ်။ စာထဲမှာ ပျားသကာသို့ ချိုသာလှသော စကားလုံးတွေ ပြည့်နှက်ကာ အဖေ့ကျေးဇူး မြင့်မိုရ်ဦး အကြောင်းတွေ ရေးသားထားပြီး နောက်ဆုံးပိတ်မှာတော့ ကျွန်တော့်ကို နိုင်ငံတော် အကြီးအကဲတွေ နေထိုင်ရာ ကျုံးနန်းဟိုင်မှာ သွားပြီးတော့ အဖေ့ကိုယ်စား တိုင်ကြားပေးဖို့ ဆိုထားပါတယ်။ အဖေ့ရဲ့ စိတ်ကူးယဉ်တွေဟာ ကျွန်တော့်အာရုံထဲမှာ မှတ်မှတ်ထင်ထင် စွဲကျန်ရစ်ခဲ့ပါတယ်။

တကယ်တော့ အဖေ ကျွန်တော့်ဆီ စာရေးတဲ့ အချိန်မှာ အစ်ကိုက အဖမ်းခံလိုက်ရပါပြီ၊ အစ်ကို့ကို လာဖမ်းသွားတုန်းက ကျွန်တော့်အမေဟာ ယဉ်ပွားကို ဆွဲလျက် ယူနီဖောင်းဝတ်ထားတဲ့ ရဲတွေကို လမ်းမှာ ပိတ်တားခဲ့ပါတယ်။ အမယ်အိုကြီးဟာ ငိုကြီးချက်မနဲ့ ရဲတွေကို အော်ပြောခဲ့ပါတယ်။

"ကျွန်မတို့ကိုပဲ ဖမ်းသွားကြပါ၊ သူ့တစ်ယောက်ကိုယ်စား ကျွန်မတို့နှစ်ယောက်လိုက်ခဲ့ပါမယ်၊ ဆရာတို့ဘက်ကတောင် တစ်ယောက်မြတ်ဦးမယ် မဟုတ်လား"

အစ်ကိုဟာ အကျဉ်းထောင်ထဲမှာ နှစ်နှစ်ကြာ နေထိုင်ခဲ့ပြီး ပြန်လွတ်လာချိန်မှာတော့ အမေလည်း ရောဂါကျွမ်းနေရှာပါပြီ။ ပြန်လွတ်လာတဲ့နေ့က အမေက ငါးနှစ်သားလေး စွန်းရှောင်မင်းကို ခေါ်ကာ ရွာထိပ်မှာ သွားစောင့်ကြိုခဲ့တယ်။ ယဉ်ပွားနဲ့အတူ ပြန်လာတဲ့ စွန်းကွမ်းဘင်းကို မြင်ရချိန်မှာ အမေလည်း ရုတ်တရက် သွေးအန်ကာ လဲကျသွားပါတော့တယ်။

အဲဒီနောက်ပိုင်း အမေ့ရောဂါအခြေအနေ တစ်နေ့တခြား ဆိုးရွားလာခဲ့တယ်။ လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ အစ်ကိုက ဆေးရုံခေါ်သွားပြီး ဆေးကုပေးဖို့ လုပ်ပေမဲ့ အမေက ခေါင်းမာစွာ ငြင်းဆန်ခဲ့တယ်။ အမေက–

"သေတော့မယ့်ဟာပဲ၊ ငွေအပိုကုန်မခံပါနဲ့ကွယ်"လို့ ပြောခဲ့ရှာတယ်။

အစ်ကိုက သူ့ကို ကုန်းပိုးပြီး မြို့ကို တက်သွားချိန်မှာတော့ အမေက ဒေါသတကြီး မျက်ရည်ကျလျက် အစ်ကို့ကျောကုန်းကို ထုနှက်ကာ–

mgyoe.com

m gyoe . com


"ငါ နင့်ကို သေတဲ့အထိ မုန်းနေမှာ"လို့ ပြောခဲ့တယ်။

ဒီလိုနဲ့ ဟိုသစ်သားတံတားကို ဖြတ်လာပြီးချိန်မှာ အမေဟာ ငြိမ်ငြိမ်သက်သက် ရှိလာတယ်။ အစ်ကို့ကုန်းပိုးထက်မှာ သူ့မျက်နှာက အပျို့ဖြန်းပမာ ရှက်စနိုးအမူအရာတွေ ထွက်ပေါ်လာခဲ့တယ်။

အမေဟာ အဲဒီနှစ် ငွေဥဒ်ီးပွဲတော် မတိုင်မီမှာ ဆုံးသွားရှာတာ ဖြစ်တယ်။ အဲဒီနှစ် ဆောင်းတွင်းရဲ့ ညတစ်ညမှာ အမေဟာ သွေးတွေ တောက်လျှောက် အန်နေခဲ့တယ်။ စစချင်းမှာ အမေက ခံတွင်းထဲကို သွေးတွေ ပြုံတက်လာသလို ခံစားမိခဲ့တယ်။ ဒါပေမဲ့ အန်ချလိုက်လို့ရှိရင် တစ်အိမ်လုံး ညစ်ပေသွားမှာမို့ သူ့သား စွန်းကွမ်းဘင်း အပင်ပန်းခံပြီး ပြန်သုတ်နေရမှာကို မလိုလားတဲ့ အတွက် အမေက အန်မချဘဲ အောင့်ထားခဲ့ရှာတယ်။ အိမ်ရာထဲ လဲနေပြီဖြစ်တဲ့ အမေဟာ အဲဒီညက ခုတင်ပေါ်က ဆင်းလာပြီး အမှောင်ထဲကနေ ဇလုံတစ်လုံး ရှာလာပြီး ခုတင်ရှေ့မှာ ချထားနိုင်ခဲ့တယ်။

နောက်တစ်နေ့ မနက် အမေ့အခန်းထဲ အစ်ကို ရောက်လာချိန်မှာ အမေတစ်ယောက် ခုတင်စပ်မှာ ခေါင်းငိုက်စိုက်လျက် အောက်က ဇလုံထဲမှာသာ ခြင်းခြင်းနီတဲ့ သွေးတွေ အိုင်နေပြီး အိပ်ရာခင်းတွေ ဘာတွေမှာ သွေး တစ်စက်မှ ပေကျံခြင်း မရှိတာကို တွေ့လိုက်ရပါတယ်။ အစ်ကို ကျွန်တော့်ဆီ ရေးလာတဲ့ စာထဲမှာ ပြောထားချက်အရ အဲဒီနေ့က ပြတင်းပေါက် အပြင်မှာ နှင်းပွင့်တွေ ဝေဆာနေခဲ့တယ်လို့ ဆိုပါတယ်။ အသက်ငင်နေတဲ့ အမေဟာ ချမ်းအေးလှတဲ့ ဆောင်းတွင်းကြီးမှာ သူ့အသက်တာရဲ့ နောက်ဆုံးနေ့ကို ဖြတ်သန်းခဲ့ရှာတယ်။ ယဉ်ဟွားက အမေ့အနားမှာ အစမှအဆုံးတိုင် ရှိနေခဲ့ပါတယ်။ နောက်ဆုံးအချိန် ရောက်ခါနီးအထိ အမေဟာ အေးဆေးတည်ငြိမ် ခဲ့ပါတယ်။ ညရောက်တဲ့အခါ မှာတော့ တစ်သက်လုံး စကားနည်း နှုတ်ဆိတ်တဲ့ အဲဒီ အမျိုးသမီးဟာ ထိတ်လန့် ဖွယ်ကောင်းလောက်တဲ့ အသံကျယ်ကြီးနဲ့ ထအော်လာပါတော့တယ်။ ရှိုရှိုသမျှ သော အော်သံတွေက စွန်းကွမ်ဆိုင်ကို ရည်ရွယ်ခဲ့တာပါ။ အိမ်မှာ ရှိရှိသမျှ ပစ္စည်းဥစ္စာတွေ တစ်ခုမကျန် မုဆိုးမဆီကို စွန်းကွမ်ဆိုင် သယ်သွားတုန်းက အသံတစ်ချက်မှ မထွက်ခဲ့ပေမဲ့ နောက်ဆုံး အချိန်မှာ ထအော်လိုက်ခြင်းက ဒီကိစ္စ အပေါ် သူ တစ်လျှောက်လုံး အခဲမကျေ ဖြစ်နေခဲ့ကြောင်း ထင်ရှားလာခဲ့ပါတယ်။ လူ့လောကကနေ ထွက်ခွာခါနီးမှာ ကျွန်တော့်အမေက–

mgyoe.com

mgyoe.com

SAMPLE BOOK


"နောက်ဖေးအိုးကို ယူမသွားပါနဲ့၊ ငါ သုံးရဦးမယ်"လို့ ထပ်ခါတလဲ အော်ပြောနေခဲ့သလို–

"ငါ့ ခြေဆေးဇလုံ ပြန်ပေး ..."လို့လည်း အော်နေခဲ့ရှာပါတယ်။

အမေက စွန်းကွမ်ဆိုင် ယူသွားသမျှ ပစ္စည်းစာရင်းကို တန်းစီ အော်ပြောနေခဲ့ရှာတယ်။

အမေ့အသုဘဟာ ကျွန်တော့်ညီ စွန်းကွမ်းမင်းတုန်းကထက်တော့ နည်းနည်း ပိုသာပါတယ်။ အမေ့ကို ခေါင်းသွင်းပြီး မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာပါ။ အသုဘအခမ်းအနား တစ်ခုလုံးမှာ အဖေ စွန်းကွမ်ဆိုင်ဟာ ကျွန်တော် အရင်က ကခဲ့တဲ့ ဇာတ်ကောင်နေရာမှာ နေရာချထားခံခဲ့ရတယ်။ သူလည်းပဲ အိမ်သားတွေနဲ့ ကင်းကွာနေခဲ့တယ်လေ။ ဟိုတုန်းက ကျွန်တော် သူများအပြောခံခဲ့ရသလို စွန်းကွမ်ဆိုင်လည်း (သူနဲ့ မုဆိုးမနဲ့ ဖြစ်နေတဲ့အကြောင်းကို လူတွေ သိထားကြပြီးဖြစ်ပေမဲ့) အသုဘအခမ်းအနားနဲ့ ကင်းကွာနေခဲ့တဲ့အတွက် အပြစ်ပြောခံခဲ့ရတာပါပဲ။ အမေ့ခေါင်းတလားကို ရွာထိပ်ဆီ သယ်လာတာ မြင်ရတော့ ကျွန်တော့် အဖေက ရွာက လူတစ်ယောက်ကို ကပျာကယာ မေးလိုက်မိတယ်။

"အဘွားကြီး သေသွားပြီလား"

အဲဒီနောက် စွန်းကွမ်ဆိုင် တစ်ယောက် မုဆိုးမအိမ်ထဲမှာ ဘာမှမဖြစ်သလို တစ်နေကုန် အရက်ထိုင်သောက်နေတာကို ရွာကလူတွေ မြင်ခဲ့ကြတယ်၊ သို့သော်ငြားလည်း အဲဒီညဦးသန်းခေါင်မှာပဲ ရွာပြင်ကနေ ကြက်သီးမွေးညင်းထဖွယ်ကောင်းတဲ့ ငိုသံကြီးတစ်ခုကို တစ်ရွာလုံး ကြားလိုက်ကြရတယ်။ အဲဒါ အမေ့မြေပုံရှေ့မှာ ဝမ်းနည်းပက်လက် အော်ငိုနေတဲ့ အဖေ့အသံမှန်း ကျွန်တော့်အစ်ကို သိလိုက်ပါတယ်။ ကျွန်တော့်အဖေဟာ မုဆိုးမ အိပ်ပျော်သွားတော့မှ မြေပုံရှေ့ကို တိတ်တိတ်ကလေး ရောက်လာခဲ့တာ ဖြစ်တယ်။ ကြေကွဲဝမ်းနည်းမှုကြောင့် သူလည်း သတိလက်လွတ်ဖြစ်ကာ အကျယ်ကြီး အော်ငိုမိခဲ့တယ်။ သိပ်မကြာခင်မှာပဲ မုဆိုးမရဲ့ ကြိမ်းမောင်းသံနဲ့–

"အိမ်ပြန်စမ်း"ဆိုတဲ့ ပြတ်သားတဲ့ အမိန့်သံကို ကျွန်တော့်အစ်ကို ကြားလိုက်ရပါတော့တယ်။

အဖေဟာ တရှုပ်ရှုပ်ငိုလျက် မုဆိုးမအိမ်ကို ပြန်သွားတယ်။ သူ့ခြေသံတွေက လမ်းပျောက်နေတဲ့ ကလေးတစ်ယောက်ပမာ ချီတုံချတုံ ရှိနေခဲ့တယ်။

mgyoe.com

မုဆိုးမရဲ့ ရာဂစိတ်တွေဟာ ဟိုတုန်းကလို မပြင်းထန်တော့တဲ့ အားပျော့ပျက်ပြယ်သွားပြီမို့ အဲဒီနောက်ပိုင်းမှာ စွန်းကွမ်ဆိုင်ကို တရားဝင် လက်ခံ ပေါင်းသင်းလာခဲ့တယ်။

စွန်းကွမ်ဆိုင်ဟာ သူ့ဘဝရဲ့ နောက်ဆုံး တစ်နှစ်တာမှာ အရက်ကို တရှိုက်မက်မက် စွဲလမ်းလာခဲ့တယ်။ နေ့စဉ်နေ့တိုင်း နေပူမရှောင်၊ မိုးရွာမရှောင် မြို့တက်ပြီး အရက်သွားဝယ်တတ်သလို အိမ်ပြန်ရောက်တဲ့ အခါတိုင်းမှာ အရက်ပုလင်းက ပြောင်နေလေပြီ၊ အဖေ လမ်းမှာ အရက်သောက်နေစဉ်က ရှိမန်းတစ်ဆန်ပုံကို ကျွန်တော် စိတ်ကူးကြည့်လို့ ရနိုင်ပါတယ်၊ အဲဒီ အဘိုးကြီးအို ခါးကုန်းကုန်းဟာ ဖုန်တထောင်းထောင်း ထနေတဲ့၊ သို့မဟုတ် မိုးရေတွေနဲ့ ဗွက်ထနေတဲ့ လမ်းမအတိုင်း လျှောက်လာခဲ့စဉ် အရက်ရဲ့အာနိသင်ကြောင့် ကျွန်တော့်အဖေဟာ လေမှာ ပျံဝဲနေတဲ့ ချစ်သူ့ဆံနွယ်ကို မြင်လိုက်ရတဲ့ လူငယ်တစ်ယောက်ပမာ လန်းဆန်းတက်ကြွလို့ နေခဲ့ပါတယ်။

စွန်းကွမ်ဆိုင်ဟာ သူသိပ်ကြိုက်တဲ့ အရက်ကြောင့်ပဲ သင်္ချိုင်းဂူထဲ ရောက်သွားခဲ့တာပါ။ အဲဒီနေ့က သူဟာ ကာလရှည်ကြာ ကျင့်ကြံလာခဲ့တဲ့ လမ်းလျှောက်ရင်း အရက်သောက်တဲ့ အကျင့်ကို ပြပြင်ကာ မြို့ပေါ်က အရက်ဆိုင် ကလေးတစ်ဆိုင်မှာ သူ့ရဲ့ ရီဝေယစ်မူးတဲ့ အချိန်ကာလကို ဖြတ်သန်းခဲ့တယ်။ လရောင်အောက်မှာ သူ မူးရူးပြီး သိုင်းကွက်နင်းကာ အိမ်ပြန်လာစဉ် ရွာထိပ်က ချေးတွင်းထဲ ပြုတ်ကျသွားခဲ့ရှာတယ်။ ပြုတ်ကျစဉ်မှာ သူဟာ ထိတ်လန့်တကြား အော်မြည်တာတွေ မရှိခဲ့ဘဲ–

"ငါ့ မတွန်းနဲ့ကွာ"လို့သာ တစ်ခွန်းတည်း ရေရွတ်ခဲ့ပါတယ်။

နောက်တစ်နေ့မနက် မိုးလင်းလို့ တွေ့ရှိချိန်မှာ သူဟာ ချေးရည်ပေါ်မှာ ပေါလောမျောလျက် ကိုယ်ပေါ်မှာလည်း အဖြူရောင် ပိုးကောင်လေးတွေ အပြည့်နဲ့ ဖြစ်နေပြီ။ သူဟာ အညစ်ပတ်ဆုံးနေရာမှာ ဘဝနိဂုံးချုပ်ခဲ့ရပေမဲ့ သေသွားချိန်မှာ ဒါတွေကို သူ မသိခဲ့ရတာကြောင့် နောက်ဆုံးခရီးကို စိတ်ဖြောင့်ဖြောင့်နဲ့ သွားခဲ့တယ်လို့ ဆိုနိုင်ဖို့ ခိုင်လုံတဲ့ အကြောင်းရင်းတွေ ရှိလာခဲ့ပါတယ်။

အဲဒီညက စွန်းကွမ်ဆိုင် ချေးတွင်းထဲ ပြုတ်ကျသွားတဲ့နောက်မှာ ရွာက ယစ်ထုပ်ကြီး နောက်တစ်ယောက်ဖြစ်တဲ့ ဦးလောကြီးလည်း ရီဝေဝေ ယစ်မူး

mgyoe.com

mgyoe.com

SAMPLE BOOK


လျက် အဲဒီနေရာကို ရောက်လာခဲ့တယ်။ လရောင်အောက်မှာ စွန်းကွမ်ဆိုင်ကို မှုန်တိမှုန်ဝါး မြင်ရချိန်မှာ အဲဒီချေးရည်ထက်မှာ ပေါလောပေါ်နေတဲ့အရာကို လူသေ မသာမှန်း သူ မသိခဲ့ဘူး။ သူက ချေးတွင်းနှုတ်ခမ်းစပ်မှာ အတန်ကြာအောင် ဆောင့်ကြောင့်ထိုင်လျက်–

"ဒါ ဘယ်သူ့အိမ်က ဝက်လဲဟ"လို့ နားမလည်စွာ ကိုယ့်ကိုယ်ကိုယ် မေးနေမိတယ်။

တစ်ဆက်တည်းမှာပဲ သူက မတ်တတ်ထလာပြီး–

"ဟေး ဘယ်သူ့အိမ်က ဝက် ဒီအထဲ ပြုတ်ကျ ..."

အော်လို့ မဆုံးခင်မှာပဲ ဦးလောကြီးက ကိုယ့်ပါးစပ် ကိုယ် လက်နဲ့ အမြန်အုပ်ပြီး–

"လျှောက်မအော်နဲ့၊ သင်းကို ငါ တိတ်တိတ်ကလေး ဆယ်ယူထားလိုက်မယ်"လို့ ကိုယ့်ကိုယ်ကိုယ် တိုးတိုးတိတ်တိတ်ကလေး ပြောလိုက်တယ်။

အရက်ရဲ့ ချုပ်ကွက်ထဲမှာ လုံးဝမိနေတဲ့ ဦးလောကြီးဟာ အိမ်ကို လွင့်တင့်တင့်ကလေး ပြန်လာပြီး အဝတ်လှန်းတဲ့ ဝါးလုံးတစ်ချောင်းနဲ့ ဂုန်နီကြိုး တစ်ချောင်းတို့ကို ယူကာ မူလနေရာဆီကို လွင့်တင့်တင့်ကလေး ပြန်သွားခဲ့တယ်။ အရင်ဦးဆုံး သူက စွန်းကွမ်ဆိုင်ကို မျက်နှာချင်းဆိုင် တွင်းနှုတ်ခမ်းစပ်နား ရောက်အောင် ဝါးလုံးနဲ့ ထိုးတယ်။ ပြီးတော့မှ ဂုန်နီကြိုးယူကာ တစ်ဖက် တွင်းနှုတ်ခမ်းစပ်ကို ပတ်လျှောက်သွားပြီး ဆောင့်ကြောင့်ထိုင်ကာ စွန်းကွမ်ဆိုင်ရဲ့ လည်ပင်းကို ကြိုးနဲ့ချည်လိုက်တယ်။

"ဘယ်သူ့အိမ်က ဝက်လဲကွာ၊ ပိန်လိုက်သမှ လည်ပင်းက လူ လည်ပင်း သာသာပဲ ရှိတယ်"လို့ သူက တစ်ကိုယ်တည်း ရေရွတ်နေတယ်။

အဲဒီနောက်မှာ သူက ပြန်ထလာပြီး ကြိုးကို ပခုံးပေါ်တင်ကာ စွန်းကွမ်ဆိုင်ကို ချေးတွင်းထဲကနေ ဆွဲတင်တယ်။ သူက တဟဲဟဲ ရယ်ကာ ပြောသေးတယ်။

"ပိန်တယ်လို့သာ ထင်ရတာ၊ ဆွဲကြည့်တော့လဲ အတော် အချိန်စီးတာပဲကွ"

ဦးလောကြီးဟာ စွန်းကွမ်ဆိုင်ကို အပေါ်ဆွဲတင်လာပြီးနောက် ကြိုးဖြေဖို့ ငုံ့ကြည့်လိုက်တော့မှ စွန်းကွမ်ဆိုင်မှန်း သိခဲ့တာ ဖြစ်တယ်။ စွန်းကွမ်ဆိုင်က

mgyoe.com

ဦးလောကြီးကို သွားကြိုဖြပြလို့ နေတယ်။ ဦးလောကြီးလည်း လန့်ဖျပ်သွားပြီး စွန်းကွမ်ဆိုင်ရဲ့မျက်နှာကို ဒေါသတကြီး ရိုက်ပုတ်ကာ–

"စွန်းကွမ်ဆိုင်၊ ခွေးကြီး၊ သေတာတောင်မှ ငါ့ကို ဝက်ယောင်ဆောင်ပြီး လာဖြီးချင်သေးတယ်လား"လို့ ထဆဲလေတယ်။

အဲဒီနောက်မှာ ဦးလောကြီးက စွန်းကွမ်ဆိုင်ကို ချေးတွင်းထဲ ပြန်ကန်ချလိုက်တယ်။ စွန်းကွမ်ဆိုင် ချေးတွင်းထဲ ဗွမ်းခနဲ ပြုတ်ကျသွားလို့ လွင့်စဉ်လာတဲ့ ချေးရည်တွေ ဦးလောကြီး မျက်နှာတစ်ခုလုံး ပေကျံသွားတယ်။ ဦးလောကြီးလည်း မျက်နှာကို သုတ်ရင်း–

"မအေရိုး၊ ငါ့ လာနောက်ချင်နေသေးတယ်"လို့ ပြောလိုက်တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မွေးဖွားခြင်း

၁၉၅၈ ခုနှစ် ဆောင်းကူးရာသီမှာ စွန်းကွမ်ဆိုင် ဆိုတဲ့ လူငယ်တစ်ယောက်ဟာ နောင်အခါမှာ ကူးသန်းရောင်းဝယ်ရေး ဌာနမှူး ဖြစ်လာမယ့် ကြိန်ယွိတာနဲ့ နန်းမင်ကို သွားတဲ့လမ်းမှာ ဆုံတွေ့ခဲ့တယ်။ အသက်ကြီးပိုင်းအရွယ် ရောက်လာတဲ့အခါ ကြိန်ယွိတာက သားဖြစ်သူ ကြိန်လျှန်ကို အဲဒီတုန်းက အကြောင်းတွေ ပြန်ပြောပြဖြစ်ခဲ့တယ်။ မီးစာကုန် ဆီခန်းတော့မယ့် ကြိန်ယွိတာဟာ ထိုစဉ်က အဆုတ်ကင်ဆာဝေဒနာကို ခံစားနေရတာကြောင့် ဒီအကြောင်းတွေ ပြန်ပြောပြချိန်မှာ အဆုတ်ကနေ တရှုရှုမြည်သံတွေ ရောပါနေခဲ့ပါတယ်။ သို့ထက်တိုင် ကြိန်ယွိတာဟာ အဲဒီတုန်းက အဖြစ်အပျက်တွေကြောင့် တစ်ဖန်ပြန်၍ ရယ်သံလွင်လွင် ဖြစ်ခဲ့တာပါပဲ။

ကျေးလက် အလုပ်အဖွဲ့ရဲ့ အဖွဲ့ဝင် တစ်ဦးအနေနဲ့ ကြိန်ယွိတာဟာ နန်းမင်ကို လုပ်ငန်းစစ်ဆေးဖို့အတွက် ရောက်လာခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက ငယ်ရွယ်သေးတဲ့ ကြိန်ယွိတာဟာ မီးခိုးရောင် ကြွန်းရှန်းဝတ်စုံ ဝတ်ထားပြီး လွတ်မြောက်ရေး တံဆိပ် အားကစားဖိနပ် စီးထားပါတယ်။ ခလယ်ခွဲထားတဲ့ ဆံပင်တွေက လယ်တော လေပြည်ထဲမှာ နောက်သို့ တလွင့်လွင့် ရှိနေပါတယ်။ ကျွန်တော့်အဖေကတော့ ရင်ကွဲအင်္ကျီ ဝတ်ထားပြီး အမေ ရေနံဆီမီးအိမ် အောက်မှာ ချုပ်ပေးထားတဲ့ တရုတ်ကင်းဗတ် ဖိနပ်ကို စီးထားပါတယ်။

mgyoe.com

m g SAMPLE BOOK

ကျွန်တော့်အဖေ စွန်းကွမ်ဆိုင်ဟာ လွန်ခဲ့သော လဝက်က ဟိုဘက်နယ်ကို ဟင်းသီးဟင်းရွက် တစ်လှေစာ ယူသွားရောင်းခဲ့တယ်။ ရောင်းပြီးနောက်မှာ စွန်းကွမ်ဆိုင်က ရုတ်တရက် စိတ်ကူးပေါက်လာပြီး မော်တော်ကား စီးရတဲ့ အရသာကို ခံစားကြည့်ချင်တာနဲ့ တစ်ယောက်တည်း အရင်ပြန်လာခဲ့တယ်။ ကုန်မပါတော့တဲ့ လှေခါလီကိုတော့ ရွာက အခြားလူနှစ်ယောက်ကပဲ ပဲ့တက် ခတ်ကာ ရွာကို ပြန်ပို့ပေးလာခဲ့ကြတယ်။

မျက်နှာကြီး နီရဲနေတဲ့ စွန်းကွမ်ဆိုင်ဟာ နန်းမင် ရောက်ခါနီးမှာပဲ ကြုန်းရှန်းဝတ်စုံ ဝတ်ထားတဲ့ ကြိန်ယွိတာကို တွေ့လိုက်ရတာ ဖြစ်တယ်။ ဒီလိုနဲ့ အဲဒီ မြို့ကလာတဲ့ အရာရှိလည်း လယ်သမား စွန်းကွမ်ဆိုင်နဲ့ စကားလက်ဆုံ ကျလာတော့တယ်။

အဲဒီတုန်းက လယ်တောကြီးဟာ ပရမ်းပတာ စည်ပင်ဝပြောမှု မြင်ကွင်းကို ပြသလျက် ရှိတယ်။ အနက်ရောင် အုတ်တွေနဲ့ တည်ထားတဲ့ မီးဖိုမြင့်ကလေးတွေ စပါးခင်း အလယ်မှာ ထိုးထိုးထောင်ထောင် ဖြစ်လို့ နေတယ်။

ကြိန်ယွိတာက “ပြည်သူ့ဘုံအဖွဲ့လုပ်တာ ကောင်းသလား” လို့ မေးတယ်။

“ကောင်းသမှ သိပ်ကောင်း”

စွန်းကွမ်ဆိုင်က ပြောတယ်။

“ထမင်း အလကား စားရတာကိုး”

ကြိန်ယွိတာ မျက်မှောင်တစ်ချက် ကြုတ်သွားတယ်။

“ဘယ့်နှယ် ဒီလို ပြောလိုက်တာတုံး”

အဲဒီနောက်မှာ စွန်းကွမ်ဆိုင်က ကြိန်ယွိတာကို မေးတယ်။

“ဆရာ့မှာ မိန်းမ ရှိလား”

“ရှိတယ်လေ”

“ညတုန်းက မိန်းမနဲ့ အိပ်ခဲ့သေးသလား”

ဒီလို မေးမြန်းတာမျိုးက ကြိန်ယွိတာအတွက် တော်တော်ကို အဆင် မပြေဘူး။

“ပေါက်ကရတွေ လျှောက်မပြောနဲ့”လို့ သူက မျက်နှာထား တည်တည်နဲ့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com

စွန်းကွမ်ဆိုင်က ကြိန်ယွိတာ ကြိုက်တာ၊ မကြိုက်တာကို ဂရုစိုက်တာ မဟုတ်ဘူး။ သူက ကြိန်ယွိတာကို ပြောပြတယ်။

"ကျုပ်မိန်းမနဲ့ ကျုပ် အတူ မအိပ်တာ လဝက်လောက် ရှိပြီ" ပြောရင်း-

သူက မိမိဘောင်းဘီခွကြားကို ညွှန်ပြတယ်။

"ဒီကောင်ကြီး ဒေါသထွက်နေပြီ"

ကြိန်ယွိတာလည်း စွန်းကွမ်ဆိုင်ကို မကြည့်တော့ဘဲ တစ်ဖက်ကို မျက်နှာလွှဲလိုက်တယ်။

ကျွန်တော့်အဖေနဲ့ ကြိန်ယွိတာက ရွာထိပ်မှာ လမ်းခွဲကြတာ ဖြစ်တယ်။ ကြိန်ယွိတာက ရွာထဲ ဆက်သွားပြီး ကျွန်တော့်အဖေကတော့ ရွာစပ်က ဟင်းသီးဟင်းရွက် စိုက်ခင်းဆီ ပြေးသွားတယ်။ စိုက်ခင်းထဲမှာ အမေနဲ့ ရွာက မိန်းမတချို့ ပေါင်းမြက်တွေ ရှင်းနေကြတယ်လေ။ ငယ်ရွယ်တဲ့ ကျွန်တော့်အမေရဲ့ မျက်နှာဟာ အနီရောင် ပန်းသီးတစ်လုံးလို တက်ကြွလန်းဆန်း ကျန်းမာတယ်။ ဟိုအပြာကွက် ခေါင်းစည်းပဝါက အစွန်းအထင်းကင်းစွာ သန့်ပြန့်နေတယ်။ လေနဲ့အတူ လွင့်ပျံ့လာတဲ့ အမေ့ရဲ့ သာယာနာပျော်ဖွယ် ရယ်သံက ရာဂမီးတောက်နေတဲ့ အဖေ့ရဲ့ နားထဲကို ရောက်လာတယ်။ မြက်ခုတ်နေတဲ့ ဇနီးသည်ရဲ့ လှုပ်လီလှုပ်လဲ့ နောက်ကျောကို မြင်သွားတဲ့ စွန်းကွမ်ဆိုင်က-

"ဝေး"ဆိုပြီး ဆာလောင်မွတ်သိပ်ကြောင်း သိသာစေတဲ့ အသံပြုလိုက်ပါတယ်။

ကျွန်တော့်အမေလည်း လှည့်ကြည့်လိုက်တဲ့အခါ လမ်းကလေးထက်မှာ ကျားကျားလျားလျား ရှိလှတဲ့ အဖေ့ကို မြင်သွားပြီး-

"အေး"ဆိုပြီး အသံပြန်ပြုလိုက်တယ်။

"လာခဲ့"လို့ ကျွန်တော့်အဖေက လှမ်းခေါ်လိုက်တယ်။

အမေလည်း ရှက်သွေးဖြန်းလျက် ခေါင်းစည်းပဝါကို ချွတ်ပြီး အဝတ်အစားပေါ်က ရွှံ့တွေကို ပုတ်ပက်ခါကာ အဖေ့ဆီ လျှောက်လာတယ်။ အမေက စိမ်ပြေနပြေ လုပ်နေလို့ အဖေက ဒေါသထွက်လာပြီး-

"ငါ ဒီမှာ မအောင့်နိုင်တော့ဘူးဟ၊ ပြေးလာခဲ့လေဟာ"လို့ အော်ငေါက်လိုက်တယ်။

mgyoe.com

ဟိုအမျိုးသမီးတွေရဲ့ ရယ်သံကြားထဲကနေ အမေလည်း အဖေ့ဆီ လှုပ်တုတ်လှုပ်တုတ် အပြေးရောက်လာခဲ့တယ်။

အဖေဟာ အိမ်ရောက်တဲ့အထိ မအောင့်နိုင်တော့ဘူး။ ရွာထိပ်က ဦးလောကြီး အိမ်ရှေ့အရောက်မှာ အိမ်တံခါးဖွင့်ထားတာကို မြင်တာနဲ့ အဖေလည်း–

"လူရှိလား"လို့ အိမ်ထဲကို လှမ်းအော်ပြီး မေးလိုက်တယ်။

အထဲမှာ လူမရှိတာ သေချာတော့မှ အဖေလည်း အဲဒီအိမ်ထဲကို ရွှတ်ခနဲ ဝင်သွားတယ်။ အမေက အိမ်ပြင်မှာပဲ မတ်တတ်ကြီး ကျန်နေရစ်တာကြောင့် အဖေက–

"ဝင်ခဲ့လေကွာ"လို့ အလောတကြီး ပြောလိုက်တယ်။

အမေက ချီတုံချတုံ ဖြစ်နေသေးတယ်။

"သူများ အိမ်ထဲမှာ ဖြစ်ပါ့ မလား"

"ဝင်မှာသာ ဝင်ခဲ့စမ်းပါကွာ"

အမေလည်း အထဲဝင်သွားရော အဖေက တံခါးကို ခပ်မြန်မြန် ပိတ်လိုက်ပြီး နံရံထောင့်က မြင်းခုံတစ်လုံးကို အိမ်လယ်ကောင်ဆီ ဆွဲလာခဲ့တယ်။ ပြီးတော့ အမေ့ကို–

"မြန်မြန်၊ မြန်မြန်ချွတ်စမ်း"လို့ အမိန့်ပေးလိုက်တယ်။

ကျွန်တော့်အမေလည်း ခေါင်းငုံ့ကာ အင်္ကျီကိုလှန်ပြီး ဘောင်းဘီခါးစည်းကို ဖြေတယ်။ ဒါပေမဲ့ မိနစ်ဝက်လောက် ကြာပြီးနောက်မှာ သူက အဖေ့ကို အားနာစွာနဲ့–

"ဘောင်းဘီခါးစည်းကို အသေချည်ထားမိပြီ၊ ပြန်ဖြေလို့ မရတော့ဘူး"

လို့ ပြောရှာတယ်။

အဖေလည်း ခြေထောက် ဆောင့်ကာ–

"နင်နဲ့တော့ ငါ သေမှာပဲ"လို့ ပြောတယ်။

အမေလည်း အပြစ်ရှိတဲ့ အမူအရာနဲ့ ခေါင်းငုံ့ကာ ဘောင်းဘီခါးစည်းကို ဆက်ဖြေနေတယ်။

"နေတော့၊ နေတော့၊ ငါ လုပ်ပေးမယ်"

mgyoe.com

အဖေက ဆောင့်ကြောင့်ထိုင်ချပြီး ဘောင်းဘီခါးစည်းကို တအား ဆောင့်ဆွဲလိုက်တယ်။ ဘောင်းဘီခါးစည်း ပြတ်ထွက်သွားပြီးနောက် အဖေ လည်း ဇက်မျက်သွားတယ်။ ကျွန်တော့်အဖေဟာ အချစ်မီးတွေ တဟုန်းဟုန်း တောက်လောင်နေချိန်မှာတောင်မှ ဇက်ကို ပွတ်ကာ တအီးအီး တအားအား လျှောက်အော်နိုင်ဖို့ အချိန်ရခဲ့သေးတယ်။ ကျွန်တော့်အမေလည်း အဖေ့ဇက်ကို ကပျာကယာ လက်နဲ့လှမ်းပြီး ပွတ်သပ်ပေးတဲ့ဥစ္စာ။ ဒါကို အဖေက ဒေါသတကြီး နဲ့-

"တုံးလုံးလှဲလေကွာ"လို့ ငေါက်လိုက်တယ်။

ကျွန်တော့်အမေလည်း အဖေ့အမိန့်ကို နာခံကာ တုံးလုံးလှဲပြီး ဆောင်းကူး ရာသီရဲ့ လေထုထဲမှာ ပေါင်တစ်ဖက်ကို ထောင်ပေးထားလိုက်ရှာတယ်။ မျက်လုံး တွေကတော့ အဖေ့ဇက်ကို ရတက်မအေးစွာ ကြည့်နေတုန်းပဲ။ ကျွန်တော့်အဖေ က ဇက်ကို လက်နဲ့ ပွတ်ရင်း အမေ့ပေါ်တက်ကာ မြင်းခုံထက်မှာ ကာမဆောင် တာကို ဆောင်ရွက်ပါတယ်။ ဦးလောကြီးအိမ်က ကြက်တချို့ကလည်း တအွတ် အွတ် မြည်ကာ အဲဒီပွဲမှာ ဝင်ပါချင်နေကြတယ်။ ဒီကောင်တွေက စွန်းကွမ်ဆိုင် တစ်ယောက်တည်း မောင်ပိုင်စီးထားတာကို မကျေနပ်ကြလို့နဲ့ တူပါတယ်။ အားလုံးက သူ့ခြေထောက်နားကို စုရုံးလာကြကာ သူ့ခြေထောက်ကို ဝိုင်းဆိတ် ကြပါတယ်။ ဒီလို အာရုံအပြည့် စူးစိုက်ထားရမယ့် အခိုက်အတန့်မှာ ကျွန်တော့် အဖေဟာ ဟိုအလိုက်ကမ်းဆိုးမသိတဲ့ ကြက်တွေကို မောင်းထုတ်ဖို့ သူ့ခြေထောက် ကို တစ်ချိန်လုံး လှုပ်ခါနေခဲ့ရတယ်။ ကြက်တွေကလည်း မောင်းထုတ်ခံရပြီး နောက် သူ့ခြေထောက်နားကိုပဲ တစ်ဖန်ပြန်ပြီး စုရုံးလာကြကာ သူ့ခြေထောက်ကို ဝိုင်းဆိတ်ကြပြန်တယ်။ ဒီလိုနဲ့ အဖေဟာ ခြေထောက်ကို အဟောသိကံမြောက်စွာ လှုပ်ခါလာခဲ့ရာက နောက်ဆုံး အထွတ်အထိပ် အခိုက်အတန့်လည်း ရောက်လာ ရော အဖေလည်း-

"ဖြစ်ချင်ရာ ဖြစ်တော့ကွာ"လို့ ခပ်အုပ်အုပ် တစ်ချက် အော်လိုက်ပါ တော့တယ်။

အဲဒီနောက်မှာ ကျောစိမ့်ဖွယ်ကောင်းတဲ့ ညည်းညူသံ လိုက်လာပါ တယ်။ အဖေ့ရဲ့ ကျေနပ်မှု အထွတ်အထိပ် ညည်းညူသံဟာ တစ်ဝက်မျှသာ

mgyoe.com

m gyoe.com  SAMPLE BOOK 

ညည်းလိုက်ရပါတယ်။ ခြေထောက်ကို ကြက်တွေ လာဆိတ်လို့ တစ်ကိုယ်လုံး ယားယံလာတာကြောင့် အဲဒီနောက်မှာ အဖေ့ထံကနေ ကြားရသူအဖို့ ခေါင်းမူး ဖွယ်ကောင်းတဲ့ တခ်ိခိ ရယ်သံတွေ ထွက်လာပါတော့တယ်။

ကိစ္စဝိစ္စတွေ အားလုံး ပြီးသွားတဲ့နောက် အဖေက ဦးလောကြီးရဲ့ အိမ်ကနေ ပြန်ထွက်လာပြီး ကြိန်ယွိတာကို သွားရှာတယ်။ အမေကတော့ ဘောင်းဘီကို မ ကာ အိမ်ပြန်သွားတယ်။ သူ့မှာ ဘောင်းဘီခါးစည်းကြိုး အသစ် တစ်ချောင်း လိုအပ်နေပြီလေ။

ကြိန်ယွိတာဆီ ရောက်သွားချိန်မှာ ကြိန်ယွိတာက ကော်မတီရုံး အခန်း ထဲမှာ အောက်ခြေက အစီရင်ခံချက်တွေကို နားထောင်နေတယ်။ အဖေက ကြိန်ယွိတာကို တိုးတိုးတိတ်တိတ် လက်ယပ်ခေါ်လိုက်တယ်။ ကြိန်ယွိတာ အပြင် ထွက်လာတော့ အဖေက သူ့ကို မေးတယ်။

"မြန်တယ် မဟုတ်လား"

ကြိန်ယွိတာက နားမလည်လို့ ပြန်မေးတယ်။

"ဘာကို မြန်တာလဲ"

အဖေက "ကျုပ်မိန်းမနဲ့ ကျုပ် ဟိုကိစ္စ လုပ်ပြီးပြီလေ"လို့ ပြောလိုက် တယ်။

ကွန်မြူနစ်ပါတီကေဒါ ကြိန်ယွိတာက ချက်ချင်း ဆိုသလို မျက်နှာထား တင်းမာလာပြီး အသံခပ်တိုးတိုး ငေါက်ငမ်းလိုက်တယ်။

"သွားစမ်းကွာ"

ဒီအကြောင်းကို ဇရာထောင်းချိန်မှာ ပြန်ပြောပြဖြစ်တော့မှ ကြိန်ယွိ တာလည်း အဲဒီထဲမှာ ပျော်စရာကောင်းတဲ့ အရာတွေ မနည်းကြီး ရှိနေပါကလား ဆိုတာ တွေ့ရှိလာခဲ့ရတယ်။ ဒီလိုနဲ့ သူလည်း ဟိုတုန်းက ကျွန်တော့်အဖေရဲ့ အပြုအမူတွေအပေါ် နားလည် ခွင့်လွှတ်လာခဲ့ပါတယ်။ သူက သားဖြစ်သူ ကြိန်လျှန် ကို ပြောတယ်။

"လယ်သမားတွေပဲကိုး၊ အားလုံးက ဒီလိုပါပဲကွာ"

ကျွန်တော့်အဖေနဲ့ အမေရဲ့ အဲဒီတစ်ခေါက် မြင်းခုံထက်မှာ နွှဲခဲ့တဲ့ အချစ်ပွဲဟာ ဖြစ်လာလတ္တံ့သော ကျွန်တော့်ဘဝရဲ့ အစအဦးပဲ ဖြစ်ပါတယ်။

mgyoe.com